www.burmeseclassic.com

အချစ်ဟာသ ထုံးချင်းဝတ္ထုသစ်

# ရှိုးလေလေ

အချစ်နှင့်ဆိုးတေးသူကျိုးဆယ်



DESIGN: THEIN SHWE

www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း


စာမူခွင့်ပြုချက်အမှတ် - ၅၀၀၃၇၉၀၅၁၂

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၄၇၅၀၆၁၂

ထုတ်ဝေသူ ♦ ဦးကျော်ဆန်း (မြ-၀၉၃၂)
ရဲအောင်စာပေ၊ အမှတ် (၂)၊ ချွန်း(၁)လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

အတွင်းပုံနှိပ်သူ ♦ ဦးကျင်ရင် (ရွှေခြင်္သေ့ပုံနှိပ်တိုက်)
၂၂၅၊ ၃၂ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။

အဖုံးပုံနှိပ်သူ ♦ ဦးကျင်ရင် (ရွှေခြင်္သေ့ပုံနှိပ်တိုက်)
၂၂၅၊ ၃၂ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။

ပုံနှိပ်ခြင်း ♦ ပထမအကြိမ်၊ ၂၀၁၂ ခုနှစ်၊
ဩဂုတ်လ။

အုပ်ရေ ♦ ၅၀၀ အုပ်

တန်ဖိုး ♦ ၁၀၀ ကျပ်

ဖြန့်ချိရေး ♦ ဖိုးလပြည့်စာပေ
အမှတ် (၂၂၃)၊ (၃)လွှာ၊ ၃၁ လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
-095163764/-095089894

"ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း" (CIP)

၈၉၅.၈၃

တန်ခူးလေပြေ

အချစ်နတ်ဆိုးလေး သူကျိုးစယ်/ တန်ခူးလေပြေ။
- ရန်ကုန် !
ရဲအောင်စာပေ၊ ၂၀၁၂။
(၁၆၀) စာ၊ ၁၃ × ၂၀.၇ စင်တီ။
(၁) အချစ်နတ်ဆိုးလေး သူကျိုးစယ်


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

အခုတလော လူဇော် အထိအခိုက်တော်တော်များနေသည်။ လမ်းသွားလျှင် ခလုတ်တိုက်သည်။ အိမ်ထဲမှာထိုင်နေပြန်လျှင်လည်း ခုံနှင့်ဆောင့်မိတာတို့ တိုင်နှင့်ဆောင့်မိတာတို့ ဖြစ်သည်။ ရေချိုးခန်းထဲရောက်လျှင် သေချာပေါက်ချော်လဲသည်။ နောက်ဆုံး ကိုယ့်အိပ်ယာပေါ် ကိုယ်အိပ်နေလျှင်တောင်မှ ခုတင်ပေါ်မှ ပြုတ်ကျ၏။

ထို့ကြောင့် တစ်ကိုယ်လုံးတွင် ပတ်တီးစည်းသင့်သည့်နေရာစည်း၊ ပလာစတာကပ်သင့်သည့်နေရာကပ်၊ ဆေးလိမ်း ဆေးထည့်သင့်သည့်နေရာထည့်ထားရသဖြင့် လူမှာ ဆေးရည်စိမ်ထားသော မာမီရုပ်လိုလို ဘာလိုလိုဖြစ်နေတော့သည်။

ထိုမျှအထိ အထိအခိုက်များနေခြင်းကြောင့် အိမ်ပြင်သို့ ထွက်ဖို့ပြောနှင့် အိမ်ထဲမှာတောင် အသက်ပင်ရဲရဲမရှူရဲ၊ မလှုပ်ရဲဖြင့် ကျောက်ရုပ်သဖွယ် လုပ်ကာ နေရသည်။ ဒါမှလည်း အထိအခိုက်သက်သာတော့မှာကိုး။

သို့သော် နဂိုဗီဇက ငါးမိနစ်မှ ငြိမ်ငြိမ်ထိုင်တတ်ခြင်းမရှိခြင်းကြောင့် အခုလိုကျောက်ရုပ်လုပ်နေရသောအခါ ကြာတော့လည်း တင်းလာသည်။ ပြီးတော့ ပျင်းလာသည်။ ဘယ်လိုမှ သည်းမခံနိုင်တော့သောအဆုံး၌ ဖြစ်ချင်

www.burmeseclassic.com



ရာဖြစ်တော့ကွာဟူသော အတွေးဖြင့် အိမ်ထဲမှ ထွက်ကာ ရပ်ကွက်ကို တစ်ပတ်ပတ်လေတော့သည်။

ရပ်ကွက်ကိုပတ်၍ လမ်းလျှောက်ရာ၌ ခါတိုင်းကဲ့သို့ ဆောင့်ကြွားကြွား ဂျစ်ကန်ကန်ခြေလှမ်းနှင့်မဟုတ်။ ကုတ်ချောင်းချောင်းဖြင့် ကျိုးကန်းတောင်မြောက် ကြည့်ကာ ခပ်ဖြည်းဖြည်းလျှောက်နေခြင်းသာဖြစ်သည်။

ထို့ကြောင့် လူဇော်၏ပုံသည် အကြောင်းမသိလျှင် နောက်ဖေးလမ်းကြားထဲဝင်၍ ထမီလိုက်ရတ်သော ငတိုရုပ်နှင့်ချွတ်စွပ်တူနေတော့သည်။

ထိုသို့လူဇော်တစ်ယောက် ကုတ်ချောင်းချောင်းဖြင့် ပတ်ဝန်းကျင်အား ကျိုးကန်းတောင်းမြောက် ကြည့်ကာ လျှောက်နေစဉ်အချိန်တွင်…

'ဟဲ့… လူဇော်'

'ပလုတ်တုတ်… ဟာ… လန့်လိုက်တာ ရတီရာ'

လူဇော်ရဲ့ သူငယ်ချင်းမလေး ရတီပါ။ ရတီကမျက်မှောင်ကြုတ်၍…

'နင်က လန့်တယ်၊ ဟုတ်လား လူဇော်'

'နင်ကလည်းဟာ၊ လူပဲ လန့်တတ်တာပေါ့'

'အောင်မလေး ကြားသားမိုးကြိုးဟယ် ခါတိုင်းဆိုရင် လူတကာက နင့်မြင်ရင် ဘာများဒုက္ခပေးမလဲဆိုပြီး လန့်နေကြတာ၊ ခု နင်က ပြန်တောင် လန့်နေတယ်ဆိုတော့ ထူးဆန်းထွေလာဖြစ်နေပြီ'

ထိုသို့ ရတီက ပြောလိုက်သဖြင့် လူဇော် ရှက်ချင်သလိုလို ဘာလိုလိုပင် ဖြစ်မိသွားသည်။ ထုံးစံအားဖြင့်ဆိုလျှင် ရှက်ကြောကပြတ်ပြီးသားပါ။ ဒါပေမဲ့ ရတီဆိုတာက ကိုယ့်သူငယ်ချင်းဖြစ်ပေမယ့် ကိုယ်က သူ့ကို ကြိုက်ချင်သလိုလို ဘာလိုလိုဖြစ်နေခြင်းကြောင့် ရှက်မိချင်သွားတာပါ။ ထို့ကြောင့် ဇက်ကြွေ့ကို ဆယ်၍ ရင်ကိုကော့ကာ…

'ဟဲ့… ဟဲ့… နင့်ကိုငါက နောက်ပြီးပြောတာပါဟ၊ ငါက ဘာလို့ လန့်ရမှာလဲ၊ ဟင်း… ဟင်း… ငါဘယ်လိုကောင်လဲဆိုတာ နင်လည်းသိပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောမယ့်သာပြောလိုက်ရသည်။ ဘေးဘီဝဲယာ ထက်အောက်အကုန်လုံးကို မျက်ခြေမပြတ် ကြည့်နေရသေး၏။ အန္တရာယ်ဆိုတာက ပြောလို့ရတာမဟုတ်။ ရုတ်တရက်ကြီး သစ်ကိုင်းကျိုးတာတို့ ခဲလုံးလွင့်တာတို့လည်းဖြစ်တတ်သေးတာကိုး။

လူဇော် ပြောတာကို ရတီ ယုံသလိုလိုရှိပါသည်။ လူဇော်က ဘယ်လိုကောင်စားမျိုးလဲဆိုတာကို ကိုယ်သိသည်။ ဒါပေမဲ့ ကြည့်ရတာ တစ်မျိုးဖြစ်နေခြင်းကြောင့်…

'နေပါဦး၊ နင့်ပုံစံက ဂနာမငြိမ်၊ ဟိုကြည့်ဒီကြည့်နဲ့ အဲဒါဘာဖြစ်နေတာလဲ'

လူဇော်ခေါင်းကုတ်၍…

'အဟဲ… ဒါက ဟို… ဒီလိုဟ၊ ငါ အခုတလော တရုတ်သိုင်းကားတွေ အကြည့်များနေတယ်၊ သိုင်းကားတွေထဲက သိုင်းလောကသားတွေက အန္တရာယ်အချိန်မရွေးရောက်လာနိုင်တော့ သတိကြီးကြီးထားပြီးတော့ သွားသတိ လာသတိလုပ်တတ်ကြတယ်လေ၊ အဲဒါကြောင့် ငါလည်း ဟိုဆောင်ပြီးတော့ သတိထားမိနေတာ၊ ဘာပဲဖြစ်ဖြစ်လေ၊ သတိဆိုတာ ပိုတယ်ရှိဘူးလို့ စကားပုံတောင် ရှိတာပဲဟာ၊ ဘာဖြစ်လဲနော့'

'ထားပါတော့၊ ထားပါတော့၊ ဒါနဲ့ နင်တစ်ကိုယ်လုံးမှာ ပတ်တီးတွေ ပလာစတာတွေနဲ့ပြည့်နေတာပဲ၊ အဲဒါဘာဖြစ်ထားတာလဲ'

'အဟဲ… အဲဒါက ဟို ခြင်ကိုက်လို့ဟ'

'ဟဲ့… ခြင်ကိုက်တာနဲ့ပဲ ပတ်တီးစည်းထားစရာလား'

'စည်းရတာပေါ့ဟ၊ နင် မသိလို့နော်၊ ငါတို့အိမ်က ခြင်တွေက ခြင်ကြီးတွေဟ၊ အကိုက်ခံလိုက်ရတာနဲ့ လက်သီးဆုပ်လောက်ရှိတဲ့ ဘုကြီးတွေထွက်လာတာ၊ ဒါကြောင့် ငါက ဆေးလိမ်းပြီး ပတ်တီးစည်းထားရတာ'

ရတီ ယုံပုံမရပါ။ ယုံချင်စရာ အကြောင်းမှ မရှိတာကိုး။ ထို့ကြောင့် သောကုန်ခံပြီးထပ်၍ မမေးတော့ဘဲ ခပ်ရွှဲရွှဲလေသံဖြင့်…



www.burmeseclassic.com

www.burmeseclassic.com



'ဩော်… ဩော်… သိပါဘူး၊ ငါက နင် စီးပွားရေးအဆင်မပြေလို့များ ဒီလိုပတ်တီးစည်းပြီး သွားများတောင်းစားမလားလို့ ထင်နေတာ'

လူဇော် နင်သွားသည်။ သို့ရာတွင် လူဇော်သည် လူဇော်ဖြစ်ခြင်းကြောင့်…

'အေးဟာ… နင်ပြောတာလည်း မမှားပါဘူး၊ ငါလည်း ခုလေးတင်သွားတောင်းမလို့ပါဘဲ၊ အဲ… ငါသွားတောင်းမှာက နင့်အိမ်ကိုသွားပြီး နင့်မိဘတွေဆီက နင့်ကိုတောင်းမှာဟ၊ ဟီး… ဟီး'

ရတီ ရွှေ့ရွှေ့ခုန်သွားသည်။

လူဇော် အကောင်စုတ် အယုတ်တမာကောင်။

ပြီးနောက် တဆက်တည်း လက်ထဲမှထီးဖြင့်…

'ကဲဟယ်'

'ခွပ်'

'အား'

ထို့နောက် ရတီ ဘောက်ဆတ်ဘောက်ဆတ်ဖြင့် ထွက်သွားသည်။ လူဇော် ခေါင်းကိုပွတ်ရင်း…

'တောက်… ငါကိုကမှားတာ၊ ဒီလောက်အထိအခိုက်များနေတာကို သိလျက်နဲ့ ပါးစပ်က သွားသရမ်းမိသေးတယ်၊ ဟင်း… ဒီဟာမလေးကလည်း လက်ကလည်းမြန်ပ့ါ၊ တော်ပြီ၊ တော်ပြီ၊ ခုချိန်ကစပြီး လမ်းမှာတွေ့တဲ့ ဘယ်သူနဲ့မှ စကားမပြောတော့ဘူး'

ထိုသို့ဆုံးဖြတ်ပြီးနောက် လူဇော် ခေါင်းကိုပွတ်၍ ဟိုကြည့်ဒီကြည့်ဖြင့် ဆက်လျှောက်သည်။ ဆောက်လက်စတိုက်အိမ်နားတို့ ပြိုကျလုဆဲအိမ်နားတို့မှ ခပ်ခွာခွာလျှောက်သည်။ မတော်လို့ ပြိုကျလာတာတို့ ဘာတို့ဖြစ်ရင် ပြဿနာ ရှိသွားနိုင်သည်လေ။ ပြီးတော့ သစ်ပင်ကြီးဘာညာတို့အောက်မှ ဖြတ်မလျှောက် ကွေ့ကွင်းပြီးလျှောက်သည်။

ထိုသို့ သတိကြီးကြီးထား၍ လျှောက်လာချိန်တွင် မျက်နှာချင်းဆိုင်မှ လူတစ်ယောက် လျှောက်လာသည်ကို တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



လူဇော်ရဲ့သူငယ်ချင်းတစ်ယောက်ဖြစ်သော ထွန်းအောင်ဆိုသည့် ကောင်ဖြစ်၏။ ဒီကောင့်ထံမှ လူဇော် အကြွေးငါးထောင်ရစရာရှိသည်။ ထို့ကြောင့် တွေ့တုန်းတောင်းရမည်။

တောင်းပါမည်ဆိုနေမှ မိမိ၏ ဘယ်သူနှင့်တွေ့တွေ့ စကားမပြောဘော့ပါဘူးဆိုသည့် ဆုံးဖြတ်ချက်ကို သတိရမိ၏။ ထို့ကြောင့် စကားပြော၍တော့ မဖြစ်တော့။ ပြဿနာမရှိ။ စကားပြော၍မရတော့လည်း လက်ဟန်ခြေဟန်ဖြင့် တောင်းယုံပေါ့။

ထို့ကြောင့် လူဇော် ထွန်းအောင်ကို လက်ကားယားခြေကားယားဖြင့် လှမ်းတားလိုက်သည်။

'ဟာ… လူဇော် သူငယ်ချင်း'

ထွန်းအောင် ယခုမှ လူဇော်အား မြင်သွားပုံမျိုးဖမ်းလိုက်သည်။

အမှန်တော့ အဝေးကြီးကကို မြင်တာပါ။ ကြွေးရှင်မို့ မမြင်ချင်ယောင်ဆောင်နေခြင်းသာ ဖြစ်၏။

လူဇော်က ထွန်းအောင်အား ရပ်တည်ကြီးဖြင့် လက်ညှိုးနှင့် လက်မပိုင်းကာပြလိုက်သည်။ ဒါသည် မိမိအား အကြွေးတောင်းတာမှန်း ထွန်းအောင် တန်းခနဲသိလိုက်၏။ သို့သော် အရှုးကွက်နင်း၍ မျက်မှောင်ကြုတ်၍ကြည့်ပြီး…

'ဘာလဲ၊ ဒီနေ့ သုညတစ်လုံးကောင်းတယ်လို့ ပြောတာလား၊ အေးကွာ၊ ငါထိုးဖြစ်အောင်ထိုးလိုက်ပါ့မယ်၊ ကျေးဇူးပဲ သူငယ်ချင်း'

ထိုသို့ပြောပြီး လစ်ရန် ခြေလှမ်းပြင်လိုက်ခြင်းကြောင့် လူဇော်က ထွန်းအောင်၏ ဂုတ်ကို လှမ်းဆွဲလိုက်ပြီး ခေါင်းခါ၍ လက်ဖြင့်ထပ်မံပိုင်းပြလိုက်သည်။

လူဇော်နှုတ်မှ ပိုက်ဆံကိစ္စကို တိတိလင်းလင်းမပြောသဖြင့် ထွန်းအောင်လည်း ရလိုရငြား ထပ်၍ အရှုးကွက်နင်းပြန်၏။

'အဟဲ… ဘာလဲ၊ ဒီည လာမယ့်ဘောလုံးပွဲကိုပြောတာလား၊ ငါကတော့ အာကြီးကိုကြိုက်တယ်ကွ၊ ဟီး… ဟီး'



www.burmeseclassic.com

www.burmeseclassic.com



လူဇော် စိတ်မရှည်ချင်တော့။ ဒီကောင် ကိုယ့်ကို အရှုးကွက်နင်းနေမှန်းသိသည်။ ကိုယ်ကလည်း ပါးစပ်မှမပြောဖို့ ဆုံးဖြတ်ထားတော့လည်း ခက်သည်။ ဘယ်လိုလုပ်ရင်ကောင်းမလဲဟု စဉ်းစားနေချိန်တွင် ထွန်းအောင်လည်း လူဇော် အလစ်ကိုချောင်း၍ ထွက်သွားသည်။

ထို့ကြောင့် လူဇော် မနေနိုင်တော့ဘဲ နှုတ်မှ…

'ဟာ… ဟေ့ကောင်ထွန်းအောင် နေဦးလေ၊ ငါ့ပိုက်ဆံ… ဆံ'

ထိုသို့ပြောပြီးလိုက်ရန် ခြေလှမ်းပြင်လိုက်စဉ်မှာပင် ခဲတစ်လုံးကို ခလုတ်သွားတိုက်မိတော့သည်။

'ဒုတ်'

'အ'

ယခင်တိုက်မိထားသော နေရာကို ထပ်မံတိုက်မိလိုက်သဖြင့် တော်တော်နာသွား၏။

'အာ… လာ… လာ… နာလိုက်တာကွာ၊ တောက်'

ခါတိုင်းကိုယ့်ဆုံးဖြတ်ကို ကိုယ်မလိုက်နာ၍ ရလိုက်သောပြစ်ဒဏ်ဟု သတ်မှတ်လိုက်ပြီး…

'တော်ပြီကွာ၊ နောက်ထပ်လမ်းမှာဘယ်သူနဲ့တွေ့တွေ့ စကားကိုလုံးဝမပြောတော့ဘူး ဟင်း'

ထိုသို့ဆုံးဖြတ်ချက်ကို ထပ်မံချ၍ ခြေထောက်ထော့နင်းထော့နင်းဖြင့် လမ်းပြန်လျှောက်သည်။ ထိုစဉ် မျက်နှာချင်းဆိုင်ဘက်မှ မိုက်တိမိုက်ကန်းရုပ်တွေဖြင့် လမ်းလျှောက်၍ လာသောလူသုံးယောက်ကို တွေ့လိုက်ရသည်။

'အာ… ပြဿနာပါပဲကွာ'

ဟုတ်၏ပါသည်။ ပြဿနာတော့နည်းနည်းရှိသည်။ အဘယ်ကြောင့်ဆိုသော် ထိုသုံးကောင်ထဲမှ တစ်ကောင်သည် တစ်ခါတုန်းက ရတီအားလိုက်၍ ကြောင်ဖူးသဖြင့် လူဇော် မှတ်လောက်အောင် ဆုံးမဖူးသည်။



www.burmeseclassic.com

www.burmeseclassic.com



အခု ဒီကောင်က အုပ်စုနဲ့ဆိုတော့ ကိုယ့်ကိုပြန်၍ ပြဿနာရှာတော့မည်မှာမလွဲ။ ယခင်အချိန်တွေတုန်းကဆိုရင်တော့ သုံးယောက်တစ်ယောက်ဆိုရင်လည်း မပူပါ။ အခုဟာက အထိအခိုက်များလွန်းနေခြင်းကြောင့် တစ်ကိုယ်လုံး ဒဏ်ရာဒဏ်ချက်တွေကလည်း ပြည့်နေသဖြင့် နောက်ထပ်မှာရမှာကို လန့်နေပြီ။

ထို့ကြောင့် ဒီပြဿနာကို ရှောင်မှဖြစ်ပေတော့မည်။ ထိုသို့စဉ်းစား၍ လူဇော်တစ်ယောက် ထွန်းအောင်ထုံးနှလုံးမူ၍ လမ်းဘေးတစ်နေရာတွင် ယောင်လည်လည် ပုံစံဖြင့်ရပ်ကာ ထိုငတိသုံးကောင်ကို မမြင်ချင်ယောင်ဆောင်နေလိုက်သည်။

ငတိသုံးကောင် အနားသို့ တစ်စတစ်စ နီးလာ၏။

မမြင်ပါစေနဲ့ဟု ကြိတ်၍ဆုတောင်းမိ၏။

'ဟေ့ကောင်... မင်း လူဇော်မဟုတ်လား'

လူဇော် သက်ပြင်းကို ဟင်းခနဲ ချလိုက်မိ၏။

ပြည့်လိုက်တဲ့ဆုတောင်း။ အေးပေါ့လေ။ တစ်လမ်းလုံးမှာက သူတို့နဲ့ကိုယ်နဲ့ပဲရှိတာပဲဟာ မြင်ပေမပေါ့။

ထို့ကြောင့် လူဇော် ခေါင်းညိတ်ပြလိုက်၏။

ထိုအုပ်စုထဲမှ တစ်ကောင်က...

'မင်း ဟိုတစ်နေ့က ငါ့သူငယ်ချင်းကို ဆွဲလိုက်တယ်ဆို၊ ဟုတ်လား'

လူဇော် ခေါင်းခါပြလိုက်သည်။ ဟုတ်တယ်လေ။ ကိုယ်က သူ့ကို ခတ်သီးနဲ့ထိုးလိုက်တာပဲဟာ။ လက်ကိုသွားဆွဲတာမှ မဟုတ်တာ။ ဒီတော့ ခေါင်းခါရပြီပေါ့။

နောက်တစ်ကောင်က ခပ်လှောင်လှောင်အသံဖြင့်...

'မင်းက ငြင်းချင်သေးတယ် ဟုတ်လား၊ ဘာလဲ ကြောက်လို့လား'



www.burmeseclassic.com

www.burmeseclassic.com



လူဇော် ခေါင်းကိုထပ်၍ခါပြလိုက်သည်။ ကြောက်ရအောင် သူတို့က ချိတွေအစွယ်တွေမှ မပါတဲ့ဟာ ကြောက်စရာလား။

လူဇော် ထိုးလိုက်သော ကောင်က အဖော်အားကိုးဖြင့်…

'အာ… မေးမနေစမ်းပါနဲ့ကွာ၊ ကြာတယ် ဆွဲ'

ထို့ကြောင့် လူဇော်အား ဝိုင်း၍သမရန်ပြင်လိုက်စဉ်မှာပင် လူဇော် နောက်သို့ခြေတစ်လှမ်းဆုတ်၍ လက်ကိုကာပြလိုက်သည်။ ပြီးတော့ ခေါင်းကိုခါသည်။

ငှင်းအမူအရာကြောင့် သုံးကောင်သား ကြောင်စီစီဖြစ်ပြီး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်၍ အချင်းချင်း…

'ဟေ့ကောင်တွေ ဒီကောင်က လက်ဟန်ခြေဟန်နဲ့ ဘယ်လိုဖြစ်တာလဲ၊ စကားမပြောတတ်ဘူးလား'

'အာ… မင်းကလည်း မဖြစ်နိုင်ပါဘူး၊ ဟိုနေ့ကတောင် ငါ့ကို သူ့ကောင်မလေးကို နောက်ထပ်လိုက်မကြောင်မိစေနဲ့ ဘာညာပြောပြီး ထိုးလွှတ်လိုက်တဲ့ဟာကို'

'ဪ… ဒီလိုလား၊ ဒါဆိုရင်လည်း ချကွာ'

ထိုသို့ပြောပြီး ဝိုင်းချရန် ပြင်လိုက်စဉ်မှာပင် လူဇော်က မျက်လုံးပြူး မျက်ဆံပြူး ပုံစံဖြင့် ငှင်းတို့နောက်သို့ လက်ညှိုးထိုးပြလိုက်သဖြင့် အကုန်လုံး နောက်မှ ဘာများရှိလို့လဲဆိုသည့် အတွေးဖြင့် နဝေတိမ်တောင် ဖြစ်ပြီး လှည့်ကြည့်လိုက်ချိန်တွင် လူဇော်က လှစ်ခနဲနေအောင် ပြေးတော့သည်။

'ဟာ… ဟိုမှာ ဟိုကောင်ပြေးပြီ၊ လိုက်… လိုက်'

ထိုသို့ဖြင့် လူဇော်နှင့် လူမိုက်သုံးကောင်တို့ လိုက်တမ်းပြေးတမ်းကစားကြလေတော့သည်။ လူဇော် အစွမ်းရှိသလောက် ပြေးပါသည်။ သို့သော် ခြေထောက်တွင် ထိခိုက်ထားခြင်းကရှိသဖြင့် ထင်သလောက် မပြေးနိုင်။ ထို့ကြောင့် ပုန်းစရာနေရာတစ်နေရာတော့ ရှာမှဖြစ်ပေမည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် လမ်းချိုးလေးတစ်ခုသို့ ချိုးကွေ့လိုက်စဉ်မှာပင် ခြံကြီးတစ်ခြံ၏ ခြံစည်းရိုး၌ ခွေးတိုးပေါက်တစ်ပေါက်ကို တွေ့သဖြင့် သိပ်အတွေ့အထူးစဉ်းစားမနေတော့ဘဲ ၄င်းခွေးတိုးပေါက်မှနေ၍ ဝမ်းလျားထိုးကာ ခြံထဲသို့ တိုးဝင်လိုက်တော့သည်။

ဤသို့ခွေးတိုးပေါက်မှနေ၍ ခြံကြီးအတွင်းသို့ ဝင်ရောက်ပြီး သိပ်မကြာခင်အချိန်မှာပင် အပြင်ဘက်မှ ဒီကောင် ဒီနားလေးတင် ပျောက်သွားတယ်ကွာ ဘာညာဆိုသည့်အသံများ ကြားလိုက်ရသေး၏။ ကိစ္စတော့မရှိပါ။ ဒီကောင်တွေ ရိပ်မိပြီး ခွေးတိုးပေါက်ကနေ တစ်ယောက်ချင်းဝင်ရောက်လာရင်လည်း အပေါက်မှ ထိုင်စောင့်ပြီး စိမ်ပြေနပြေရိုက်ရုံပဲရှိတော့တာ။ ဒီတော့ စိတ်မပူရေးချမပူပါ။

သို့ရာတွင် နောက်မှလိုက်လာသော ကောင်များရိပ်မိဟန်မတူဘဲ ထွက်ခွာသွားကြ၏။

ထိုအခါ လူဇော် ဟင်းချပြီး မိမိဝင်ရောက်မိနေသော ခြံကြီးအတွင်းသို့ မျက်စိဝေ့ကာ ကြည့်မိ၏။

'ဟာ'

လူဇော် ခေါင်းကြီးသွား၏။ အဘယ်ကြောင့်ဆိုသော်...

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

ခြံကြီးတစ်ခုလုံး၏ အောက်ခြေမြေပြင်တွင် ခြုံနွယ်များဖြင့် ရှုပ်ထွေးနေသကဲ့သို့ ပိန္နဲပင် အုန်းပင်၊ ဗဒါပင်၊ မကျည်းပင်၊ ကုက္ကိုပင်၊ သရက်ပင်၊ မာလကာပင် စသည့် အပင်ကြီးများလည်း ထူထပ်စွာ ပေါက်ရောက်နေသည်။

ခြံကြီးတစ်ခုလုံးသည် အိမ်တစ်အိမ်၏ ခြံတစ်ခြံနှင့်မတူဘဲ တောအုပ်တစ်ခုအား ဝန်းခတ်ထားသကဲ့သို့ ရှိနေသည်။ ၄င်းခြံကြီး၏ အလယ်၌ ကြီးမား၍ ဟောင်းနွမ်းပြိုကျတော့မည်ထင်ရသော ရှေးဟောင်းလက်ကျန် အိမ်ကြီးတစ်လုံးက ထီးထီးကြီးရှိနေသည်။

လူဇော်သည် ဒီရပ်ကွက်၏ ငယ်မွေးခြံပေါက်ဖြစ်ခြင်းကြောင့် ဒီအိမ်ကြီးနှင့် ဒီခြံကို ကောင်းကောင်းသိပါသည်။ ကလေးဘဝက အရမ်းငိုခဲ့လျှင် မိဘများက ဒီခြံကြီးထဲကို သွားပစ်ထားလိုက်ရမလားဟု ခြိမ်းခြောက်လိုက်သည်နှင့် အလိုအလျှောက်ပင် အငိုတိတ်သွားအောင် ဆွဲဆောင်ကြောက်လန့်စေနိုင်သော ခြံကြီးဖြစ်သည်။

ပြောရလျှင် ဒီခြံကြီးရှေ့မှ အကြောင်းသိသော လူများက တော်ရုံတန်ရုံဖြင့် ဖြတ်၍မလျှောက်။ လျှောက်မိပါက နောက်ကျောပဲ မလုံသလိုလို အေးပဲ့အေးစိမ့်သွားသလို ခံစားရ၍ဖြစ်သည်။

ဘာကြောင့် ဒီခြံကြီးကို ကြောက်ရသလဲဆိုတာကို ဘယ်သူ



www.burmeseclassic.com

www.burmeseclassic.com



ရေရေရာရာ မပြောနိုင်ပါ။ သို့ပေမယ့် ခြံကြီး၏ အရှိန်အဝါကိုကြည့်ပြီး အလိုအလျောက်ပင် ကြောက်ကြမ်ဖြစ်၏။

ယခု ကိုယ့်ရဲ့ ငယ်ကြောက်ဖြစ်သော ဒီခြံကြီးအတွင်းသို့ လူဇော် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာရပြီဖြစ်၏။ ထို့ကြောင့် ခွေးတိုးပေါက်မှ ပြန်ထွက်ရန်စဉ်းစားမိသေးသော်လည်း တစ်ခါတစ်ရံ ညဘက်များ၌ ဒီခြံ၏ အိမ်ထက်မှ မီးရောင်ကို တွေ့မြင်ဖူးသဖြင့် လူရှိလောက်သည်ဟု သတ်မှတ် ကာ ရောက်လက်စနှင့် ထိုလူကို တွေ့မြင်ချင်သည့်စိတ် စူးစမ်းလိုသည့်စိတ် ပေါက်သွားသဖြင့် ခြံနွယ်များကိုဖယ်၍ အိမ်အိုကြီးထံသို့ လှမ်းသွားလိုက် သည်။

သိပ်ကြာကြာခြုံမတိုးလိုက်ရ။ အိမ်ကြီးထံသို့ ဦးတည်ထားသော လူသွားလမ်းကလေးကိုတွေ့၍ ၄င်းလမ်းထက်မှပင် သက်တောင့်သက်သာ လျှောက်လာခဲ့သည်။

ထိုသို့လူဇော်တစ်ယောက် ပေစောင်းစောင်း ကုတ်ချောင်းချောင်း ဖြင့် လမ်းလျှောက်လာစဉ်အချိန်···

'ဂူး··· ဂူး··· ဂဲ··· ဂဲ··· ဂီး'

ထိုအသံကို နားမှအရင်ကြားရသည်။ ဒါသည် သတ္တဝါတစ်ကောင် ၏ ရန်လိုသံမှန်းခွဲခြား၍ သိလိုက်၏။ ဘာကောင်၏အသံလဲ။

သိပ်ကြာကြာမစဉ်းစားလိုက်ရ။ မျက်စိရှေ့ခပ်လှမ်းလှမ်းတွင် ယင်း သတ္တဝါက အစွယ်ကြီးဖြဲကာ ပြေး၍ဝင်လာ၏။

'ဟာ··· ခွေး··· ခွေးကြီး'

ဟုတ်ပါသည်။ ခွေးသမင်ကြီးတစ်ကောင်ပါ။ အကောင်က ကြီးပါ သည်။ ထို့ကြောင့် အစွယ်ကလည်း ကြီး၏။

လူဇော် ပျာယာခတ်သွား၏။ ထွက်ပြေးရမည်လား။ ခံချရမည် လား။ ထိုနှစ်ခုလုံးလုပ်ဖို့မလွယ်ရေးချ မလွယ်ပါ။ ကမ္ဘာ့အမြန်ဆုံးသူသားဟု ထင်စားထားသော အပြေးသမား ဟူစိန်ဘော့တောင် ဒီကောင်ကြီးလက်က



www.burmeseclassic.com

www.burmeseclassic.com



လွှတ်အောင်ပြေးနိုင်ဖို့မလွယ်ပါ။ ခံချဖို့ဆိုတာကလည်း ကိုယ်က စူပါမင်းဆို ရင်တော့ တစ်မျိုးပေါ့။ ထို့ကြောင့် ဘာလုပ်ရမှန်းမသိတော့ အဲ… စာအုပ် တစ်အုပ်ထဲမှာတော့ ဖတ်ဖူးသည်။ ဘာတဲ့။ ကိုယ့်ကိုကိုက်ရန်ပြေးလာသော ခွေး၏မျက်လုံးကို တည့်တည့်ကြည့်ပြီး ပါးစပ်မှ ဟိတ်ဟု မာမာထန်ထန် အော်ကာ မြေပြင်ပေါ်သို့ ဖနောင့်နှင့်ပေါက်လိုက်ပါက ခွေးကမကိုက်တော့ သည့်အပြင် ကိုယ့်ကိုကြောက်ပြီး အမြီးကုတ်ကာ ထွက်ပြေးသည်တဲ့။

အပြင်မှာ တစ်ခါမှမလုပ်ဖူးတော့ ထိုနည်းလမ်းက အလုပ်ဖြစ် မဖြစ်တော့ မသိပါ။ ဒါပေမဲ့ လောလောဆယ်လုပ်စရာက ဒါပဲရှိတော့သဖြင့် ဒါပဲလုပ်ရပေတော့မည်။ ခွေးကြီးကလည်း နီးလာပြီ။

'ဂရီး… ရှူး'

လူဇော် စိတ်ကိုတင်း၍ ခွေးမျက်လုံးကို တည့်တည့်ကြည့်ကာ ဟိတ်ဟု မာန်သွင်းကာ အော်လိုက်ပြီး မြေပြင်သို့ဖနောင့်ဖြင့် ဒုတ်ခနဲပေါက်ချ လိုက်သည်။

'အီး… အီး… အီး'

လူဇော် အံ့အားသင့်မိချင်သလိုပင်ဖြစ်သွား၏။

'ဟာ… အလုပ်တော့ဖြစ်သားဟ'

ဟုတ်ပါသည်။ လူဇော်က ဟိတ်ဆိုသည်နှင့် ခွေးကြီးမှာ ခုန်အုပ် တော့မည့်ဟန်ပြင်လိုက်ပြီးမှ ချက်ချင်းတန့်သွား၍ တအီးအီးအော်မြည်ကာ နောက်သို့ပြန်လှည့်ပြေးသွားသည်။

'ဟား… ဟား… ငါကွ၊ ဘာရမလဲ ဟင်း… ဟင်း'

လူဇော်ရင်ကိုကော့ပစ်လိုက်၏။ ကိုယ့်ကိုယ်ကိုလည်း အလေးပြု ချင်သလိုလို ဘာလိုလိုဖြစ်သွား၏။ ထို့သို့ဖြင့် ရှေ့သို့ရင်ကော့ခေါင်းမော့ ကာ ဆက်လျှောက်၏။ ပြောရရင် ဘဝင်လေဟပ်သွားပြီး လျှောက်နေခြင်း ပင်ဖြစ်သည်။

သိပ်ကြာကြာ မလျှောက်လိုက်ရ။ အသက်ကြီးကြီး လူကြီးတစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



နှင့် စုနက ပြန်၍ပြေးသွားသော ခွေးသမင်ကြီးကို ပူးတွဲ၍ တွေ့လိုက်ရခြင်းကြောင့် ခြေလှမ်းကို ရပ်လိုက်မိသည်။

ငှင်းလူကြီးက လှဇော်အား မျက်မှောင်ကြုတ်၍ ကြည့်သည်။ လှဇော်ကလည်း ထိုနည်းအတိုင်း ပြန်ကြည့်သည်။ လူကြီးက…

'ဟေ့ကောင်… မင်းက ဘယ်ကကောင်လဲ'

'ခင်ဗျားကရော ဘယ်ကလူလဲ'

'အောင်မာ ဒါ ငါ့ခြံကွ'

'ဩော်… ဒီလိုလား'

လှဇော် ဘာမှဆက်၍မပြောသေးဘဲ ဒီခြံနှင့်အိမ်ပိုင်ရှင်ဆိုသော လူကြီးကို အကဲခတ်မိ၏။ ထိုလူကြီးပုံစံက ဥပမိရုပ်ခံကောင်းပါသည်။ ဒါပေမဲ့ ဖြစ်သလိုနေတတ်သည့်ဟန်ကြောင့် မျက်နှာတစ်ပြင်လုံးရှိ ထူထပ်စွာပေါက်ရောက်နေသော အမွေးအမျှင်များနှင့်မို့ ကြည့်ရတာ ညှင်းသိုးသိုးပုံပေါက်နေ၏။ ထိုလူကြီးက လှဇော့်အား စေ့စေ့ကြည့်၍…

'မောင်ရင် ဒီခြံထဲကို ဘာလာလုပ်တာလဲ'

'အင်း… ဟို… ဘာရယ်တော့မဟုတ်ပါဘူး၊ စိတ်ဝင်စားလို့လေ့လာကြည့်တာ'

'တံခါးကပိတ်ထားလျက်သားနဲ့ ဒီခြံထဲကို ဘယ်လိုဝင်လာတာလဲကွ'

လှဇော်ခေါင်းကုတ်၍…

'အဟင်း… ဟိုလေ… ဟိုဘက်နားမှာ အပေါက်လေးတစ်ပေါက်ရှိတယ်၊ အဲဒီအပေါက်ကနေ ဝင်… ဝင်လာတာပါ'

'လတ်စသတ်တော့ ခွေးတိုးပေါက်က ဝင်လာတာကိုး'

လှဇော် ရှက်ကိုးရှက်ကန်းဖြစ်သွားမိ၏။ ဘာမှလည်း ပြန်ပြော၍ရ မှန်နေတာကိုး။ ထိုလူကြီးက လှဇော့်အား ကြည့်၍ ခေါင်းတစ်ချက်ညိတ်ကာ…

www.burmeseclassic.com



'မောင့်ရင့်ကို ကြည့်ရတာ သတ္တိတော့ ရှိပုံရသားပဲ'

လှဇော် မြှောက်သွားသည်။

'အဟင်း… ဦးက လူကဲခတ်တော်သားပဲ'

'ဟ… ငါမွေးထားတဲ့ ခွေးကြီးကိုတောင် မကြောက်မလန့်နဲ့ ရင်ဆိုင်ရဲတယ်ဆိုတော့ မောင်ရင်သတ္တိအတော်ကောင်းလို့ပေါ့ကွ'

'အဟီး… ဒီလောက်လည်း မဟုတ်ပါဘူး'

ခွေးကြီးက ထိုလူကြီး ခြေရင်းတွင် တအီအီလုပ်နေသည်။ ထိုလူကြီးက ခွေးကြီး၏ ခေါင်းကိုလက်ဖြင့်တစ်ချက်ပုတ်ရင်း…

'အင်း… သတ္တိရှိတိုင်းလည်း မိုက်ရူးရဲမဆန်သင့်ဘူးကွ၊ ခုကြည့်လေ၊ ငါသာဒီခွေးကို အချိန်မီ အချက်ပြပြီး ပြန်မခေါ်လိုက်ရင် ခုချိန်လောက်ဆိုရင် မောင်ရင် ဒုက္ခများနေပြီ'

လှဇော် နဝေတိမ်တောင်ဖြစ်သွားပြီ။

'ဘယ်လို၊ ဦးက ပြန်ခေါ်လိုက်တာ ဟုတ်လား'

'အေးလေ၊ ဓင်းကို ကိုက်ခါနီးမှာ ငါလေချွန်သံပေးပြီး ပြန်ခေါ်လိုက်တာ'

'ဗျာ'

လှဇော်ခေါင်းကြီးသွားသည်။ လက်စသတ်တော့ ကိုယ့်ရဲ့ဟိတ်ကြောင့်မဟုတ်ဘဲ သူ့ရဲ့လေချွန်သံကြောင့် ခွေးကြီးပြန်လစ်သွားတာကိုး ဘုရား… ဘုရား ကံကြီးလို့။ ထိုလူကြီးက…

'ငါ့ခွေးက ငါကိုယ်တိုင် သေချာလေ့ကျင့်ပေးထားတဲ့ ခွေးကွ ငါက ထိုင်ဆိုထိုင်၊ ထဆိုထ၊ လာဆိုလာ၊ သွားဆိုသွားပဲ၊ အဲ… လူစိမ်းဆို ရင်တော့ လည်မြို့ကို တစ်ခါတည်းလှမ်းခဲတော့တာပဲ၊ ဟင်း… ဟင်း'

လှဇော် တံတွေးကို ဂလုခနဲ မြိုချပစ်လိုက်၏။ ပြီးတော့ လည်ပင်း တစ်ဝိုက်လည်း ယားကျိကျိဖြစ်သွားမိ၏။ ကံကောင်းလို့ ကံကောင်း နို့မို့ဆိုရင် လည်ပင်းမှာ အပေါက်လေးတွေဖြစ်ပြီး ဘဝတစ်ပါးကို ပြောင်း ရလောက်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



ထိုအတွေးကြောင့် တစ်ကိုယ်လုံးတွင် ဇောချွေးများ စိမ့်ထွက်လာ၏။ ဒါပေမဲ့ ကိုယ်ဟန်ဖို့ဆိုသည့်အတိုင်း ရုပ်ကိုတော့ အမူအရာမပျက်စေဘဲ တည်ထားရ၏။

'ဟို… ဟိုလေ… ကျွန်တော့်ကို ရေတစ်ခွက်လောက်တိုက်ပါလား'

ဟုတ်သည်။ ဟိုကောင်တွေလိုက်လို့ ပြေးလာရသည့်အပြင် ယခု ချွေးကလည်း ထွက်နေပြန်တော့ ရေဆာနေပါပြီ။ ထိုလူကြီးက…

'သြော်… ရေဆာတယ်ဆိုတော့လည်း အိမ်ထဲလိုက်ခဲ့ပေတော့၊ ကဲ… လာ'

ထိုသို့ပြောပြီး ထိုလူကြီးရှေ့မှ ဦးဆောင်ကာထွက်၍သွား၏။ ခွေးကြီးကလည်း အမြီးလေးနန့်ကာနန့်ကာဖြင့် ပါသွားသည်။ ထို့နောက် လူဇော်လည်း ထိုခွေးကြီးနောက်မှ ရင်တမမဖြင့် လိုက်ပါလာခဲ့ပါသည်။

အိမ်ထဲသို့ရောက်လာပါပြီ။ လူဇော့်မျက်လုံးအစုံလည်း ပြူးကျယ်သွား၏။ အဘယ်ကြောင့်ဆိုသော် အိမ်ကြီးမှာ အတွင်းပိုင်းတွင် ရှေးဟောင်းပြတိုက်သဖွယ် ရှေးဟောင်းပစ္စည်းများဖြင့် ပြည့်နှက်နေခြင်းကြောင့် ဖြစ်၏။

ထိုလူကြီးက လူဇော်အား ရေတစ်ခွက်ယူလာပေး၏။ ရေထည့်ထားသော ရေခွက်ကလည်း ရိုးရိုးရေခွက်မဟုတ်။ ပန်းကနုတ်များဖြင့် လှပစွာ အနားကွပ်ထားသော ရှေးဟောင်းကြေးရေခွက်လေးပင်ဖြစ်သည်။ လူဇော် ထိုလူကြီးကို ချက်ချင်းပင် စိတ်ဝင်စားသွားမိ၏။

'ဦးက ဘာလဲဗျ'

'လူလေကွာ'

'အာ… အဲဒါကိုမေးတာမဟုတ်ဘူး၊ ဦးလေးက ဘာလုပ်လုပ်တာလဲလို့ မေးတာ'

'သြော်… အေး… အေး… ငါက ရှေးဟောင်းပစ္စည်းတွေကို ပေါ်သနာအရ ရှာဖွေစုဆောင်းတဲ့ အလုပ်ကိုလုပ်တဲ့လူလို့ ပြောလို့ရတယ်၊ ဆဲ… ထိုင်လေကွာ'



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောပြီး ထိုင်ခုံအား ညွှန်ပြပြီး ထိုင်ခိုင်းသဖြင့် လှဖော် ဝင်ထိုင်လိုက်သည်။ ထိုလူကြီးကပါ ဝင်ထိုင်၍…

'ဒါနဲ့ မောင်ရင်က ဘယ်ကလဲကွ'

'ကျွန်တော်က ဒီရပ်ကွက်ထဲမှာပဲ နေတာပါ ဦး'

'ဩော်'

'ဟိုလေ ကျွန်တော်က ဒီရပ်ကွက်ရဲ့ ငယ်မွေးခြံပေါက်လို့ပြောလို့ ရပေမယ့် ဦးကိုတော့ တစ်ခါမှ မမြင်ဖူးဘူး ခင်ဗျ'

'ဘယ်မြင်ဖူးပါ့မလဲကွ၊ ငါက နေရာအနှံ့ ခရီးလျှောက်ထွက်နေတာ ကိုး၊ တစ်ခါတစ်လေကျရင် နှစ်နဲ့ချီပြီး ကြာတာလေ၊ ခုတောင် ကျန်းမာရေး သိပ်မကောင်းတော့လို့ ပြန်အနားယူနေတာ လပိုင်းပဲရှိသေးတယ်'

ထိုအခါမှ ဒီလူကြီးကို မိမိဘာကြောင့် မမြင်ဖူးတာလဲဆိုတာကို လှဖော် သဘောပေါက်သွားသည်။

'ကျွန်တော့်နာမည် လှဖော်လို့ ခေါ်ပါတယ် ဦး'

'အေး… ဦးနာမည်က ဦးသီလတဲ့ကွ၊ အင်း…. ဆွေမျိုးသားချင်း မရှိဘူးဆိုပါတော့ကွာ၊ ပြောရရင် တစ်ကောင်ကြွက်ပေါ့'

ထို့နောက်တော့ ဦးသီလနှင့်လှဖော်တို့ စကားလက်ဆုံကျသွားကြ သည်။ ဦးသီလကလည်း တစ်ကိုယ်တည်းသမားမို့ အဖော်တော်နေသူပီပီ အမှတ်မထင်ရောက်ရှိလာသော လှဖော်အား ရင်းနှီးစွာ စကားပြောဆိုသကဲ့သို့ လှဖော်ကလည်း ဦးသီလ ယခင်က ဒီရှေးဟောင်းပစ္စည်းများကို စွန့်စား ရှာဖွေပုံကိုနားထောင်ရသဖြင့် ဦးသီလအား လေးစားခင်မင်သွားခဲ့သည်။

ဦးသီလသည် ငယ်စဉ်ကပင် ရှေးဟောင်းပစ္စည်းများကို ရှာဖွေစု ဆောင်းရခြင်း၌ အလွန်ဝါသနာကြီးလှသူဖြစ်သည်။ မိဘများဆုံးပြီးနောက် မြောက်များစွာသော အမွေပစ္စည်းများကို ဆက်ခံခဲ့ပြီး မိမိဝါသနာပါသော ရှေးဟောင်းပစ္စည်းများ နောက်သို့ ကမ္ဘာအနှံ့ လှည့်လည်၍ စွန့်စွန့်စားစား ဖြင့် ရှာဖွေစုဆောင်းခဲ့သူတစ်ယောက်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဦးသီလသည် လူဇော်လို လူငယ်တစ်ယောက်အတွက် အချိန်အနည်းငယ်အတွင်းမှာပင် အထင်ကြီးအားကျချင်စဖွယ် လူတစ်ဦးဖြစ်သွားခဲ့၏။

ထိုသို့ဖြင့် စကားပြောချင်သူနှင့် နားထောင်ချင်သူတို့ ပေါင်းစည်းမိသွားသောအခါ စကားဝိုင်းသည် အရှိန်ရသွားပြီး ရင်းနှီးမှုများလည်း တိုးပွားလာခဲ့လေသည်။

ညနေပင်စောင်းနေပြီ။ ထို့ကြောင့် လူဇော်က…

'အင်း… ညနေတောင်စောင်းသွားပြီပဲ၊ ကျွန်တော် ပြန်လိုက်ဦးမယ် ဦး'

'ဟာ… အေး… ကြည့်စမ်း ဟုတ်တာပဲ၊ စကားကကောင်းနေတော့ အချိန်ကကုန်မှန်းမသိ ကုန်သွားတာပဲဟေ့'

ထိုသို့ဖြင့် လူဇော်ပြန်ရန် ပြင်စဉ်မှာပင် ဦးသီလက ယခုမှ သတိထားမိသွားဟန်ဖြင့်…

'ဒါနဲ့ မောင်လူဇော့် ခန္ဓာကိုယ်မှာ ဒဏ်ရာတွေများလှချည်လား၊ ဘာဖြစ်ခဲ့လို့လဲကွ'

'ဘာဖြစ်မှန်းကို မသိပါဘူး ဦးရာ၊ ကျွန်တော် အခုတလော အရင်းထိုင်ရင်းကို အထိအခိုက်များနေတာ'

'ဪ… အင်း… လူတစ်ယောက်က ကံဆိုးတဲ့ကာလကို ရောက်ရင် ဒီလိုပဲဖြစ်တတ်လေ့ရှိပါတယ်၊ နောက်တော့လည်း ကံကြမ္မာတစ်ကော်လည်ပြီးတော့ အခြေအနေ ပြန်ကောင်းသွားမှာပါ'

'ကံကြမ္မာက ဘယ်အချိန်ကျမှ ကောင်းတဲ့ဘက်ကို တစ်ပတ်ပြန်လည်လာမလဲမသိဘူး ဦးရေ၊ ခုနေတုန်းတော့ လှုပ်လှုပ်ရှားရှားလုပ်ရမှာကို ကြောက်နေပြီ'

ဦးသီလက ပြုံးသည်။ ပြီးမှတစ်စုံတစ်ခုကို သတိရသွားဟန်ဖြင့်…

'ဟာ… နေဦးကွ၊ ဦးဆီမှာ ပစ္စည်းလေးတစ်ခုရှိတယ် အဲဒါ မောင်လူဇော်ကို အခုခဏငှားလိုက်မယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဘာပစ္စည်းများလဲ ဦး'

'မိုးကြိုးသွားကွ'

'ဗျာ… မိုးကြိုးသွား၊ ဟုတ်လား'

'အေးကွ၊ နေဦး၊ ခဏ… ခဏ'

ထိုသို့ပြောပြီး ဦးသီလက သူ၏ မှန်ဘီရိုကြီးထဲတွင် ထည့်ထားသော ရှေးဟောင်းပစ္စည်းများထဲမှ ပစ္စည်းတစ်ခုကို သွားယူ၏။

လူဇော် ရင်တခုန်ခုန်ဖြစ်နေမိသည်။ မိုးကြိုးသွားဆိုတာက ကြားပဲကြားဖူးပြီး မြင်မှမမြင်ဖူးတာကိုး။ ခဏနေတော့ ဦးသီလ အနားသို့ပြန်ရောက်လာပြီး ခဲလိုလို ငွေလိုလို အဆင်းရှိသည့် လက်မလောက်အရွယ်အစားရှိသော အရာလေးကို လာပေးသည်။

'ဒါက မိုးကြိုးသွားလား ဦး'

'အေး… ဟုတ်တယ်ကွ၊ အဲဒီမိုးကြိုးသွားကို ဆောင်ထားရင် အန္တရာယ်ကင်းတယ်လို့ ရှေးလူကြီးတွေက ပြောတယ်ကွ၊ မင်းက အခု အထိအခိုက်များနေတယ်ဆိုလို့ ခဏငှားလိုက်တာ'

လူဇော် ပျော်သွားသည်။

'ဟိုလေ… ဒီမိုးကြိုးသွားကို ဆောင်ထားရင် ကိုယ့်ခေါင်းကို သေနတ်နဲ့တေ့ပစ်ရင်တောင်မှ ကျည်မထွက်ဘူးလို့ ကြားဖူးတယ်၊ အဲဒါ ဟုတ်လား ဦး'

'ဒါတော့ ငါလည်း မစမ်းသပ်ဖူးတော့ မသိဘူးကွ၊ မင်းဆန္ဒရှိရင်တော့ ဒီလိုစမ်းသပ်ကြည့်ပေါ့'

လူဇော် တွန့်ခနဲ ဖြစ်သွား၏။

'အာ… စမ်းပါဘူး၊ ဘာလို့စမ်းရမှာလဲ'

ဦးသီလ ရယ်၍…

'အေးပါ၊ ဒါတော့ မင်းသဘောပါ၊ ကဲ… ကဲ… အချိန်တောင်လင့်နေပြီ၊ မင်းကို ခြံဝအထိ လိုက်ပို့ပေးမယ် လာ'



www.burmeseclassic.com

www.burmeseclassic.com



ခြံဝရောက်လာပြီးနောက်···

'ကျွန်တော့်ကို ဒီမိုးကြိုးသွား ငှားလိုက်တဲ့အတွက် ကျေးဇူးပဲနော်'

'ရပါတယ်ကွာ၊ မင်းလည်း နောက်ကြုံရင် ဝင်ခဲ့ဦးပေါ့'

'စိတ်ချဦး၊ ကျွန်တော် လာခဲ့မယ်'

ထိုသို့ဖြင့် လူဇော်တစ်ယောက် မိုးကြိုးသွားကို အိတ်ထဲလုံခြုံအောင် ထည့်၍ မြောက်ကြွမြောက်ကြွ ခြေလှမ်းများဖြင့် ဦးသီလထံမှ ထွက်ခွာလာခဲ့သည်။

ကိုယ့်ဆီမှာက မိုးကြိုးသွားရှိနေပြီဖြစ်ခြင်းကြောင့် မည်သည့် အန္တရာယ်ကိုမှ ပူစရာအကြောင်းမရှိတော့။ ထို့ကြောင့် ဘာကိုအရင်လုပ်ရမည်နည်း။

အာရုံထဲတွင် ထွန်းအောင်၏ မျက်ခွက်က တန်းခနဲအရင်ဝင်လာ၏။

'ဟုတ်ပြီ၊ ဒီခွေးမသားဆီက ပိုက်ဆံကို အရင်ဝင်တောင်းရမယ်၊ ထဲ··· ငါလာပြီ ထွန်းအောင်ရေ၊ မင်းပေးဖို့သာ ပြင်ထားကွ၊ ဟင်း··· ဟင်း'

ထိုသို့ဖြင့် လူဇော်တစ်ယောက် ထွန်းအောင်ရှိရာ ဘောပွဲပြသည့် နေရာသို့ရောက်လာခဲ့သည်။

မိုးကြိုးသွားရဲ့ ယာယီပိုင်ရှင်ဖြစ်သူ လူဇော်ကို ထွန်းအောင် ဘယ်လိုရင်ဆိုင်မှာလဲ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

ဒီနေ့ညတွင် အာဆင်နယ်နှင့် စပါးတို့ ကန်သည့်ပွဲဖြစ်ခြင်းကြောင့် ပွဲကကောင်းသည်။ ထို့ကြောင့် ဘောလုံးပွဲပြသော လက်ဖက်ရည်ဆိုင်တွင် ယောကျ်ားများ အုံခဲနေ၏။ တစ်ချက်တစ်ချက် ဟာခနဲ ဟင်ခနဲ ထွက်လာသည့်အသံတွေ တောက်ခေါက်သံ ဂိုးဟူသော ကျယ်လောင်စွာအော်သံတွေကို ခပ်ဝေးဝေးကပင် ကြားရသည်။

ဆိုင်ထဲတွင် ညှိပ်ကြာကြာ မရှာလိုက်ရ။ ရှေ့ဆုံးတွင် တောက်တခေါက်ခေါက်လုပ်နေသော ထွန်းအောင်ကို တန်းခနဲ သွားတွေ့၏။ ထို့ကြောင့် လူဇော် ထွန်းအောင်နားသွားပြီး ပခုံးအား ခပ်ဆတ်ဆတ်ပုတ်လိုက်၏။ ထွန်းအောင် လန့်ပြီးလှည့်ကြည့်၏။

'ဟာ… လူဇော် သူငယ်ချင်း'

'အေး'

'ထိုင်လေကွာ၊ ဒီမှာ ပွဲကောင်းနေတယ်ကွ၊ အာကြီးကွဲနေပြီ'

'အေး… ကွဲရမှာက အာကြီးမဟုတ်ဘူး၊ မင်း… လာငါနဲ့ ဆိုင်ပြင်လိုက်ခဲ့'

'ဘာ… ဘာလုပ်ဖို့လဲကွ'

'အာ… တော်တော်စကားရှည်တဲ့ကောင်၊ လိုက်ခဲ့ဆို လိုက်ခဲ့ကွာ'



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ခပ်မာမာပြောလိုက်မှ ထွန်းအောင် ကုတ်ကုတ်ကလေး အပြင်သို့ လိုက်လာသည်။ အပြင်သို့ရောက်သောအခါ လူဇော်က…

'မင်းကို နေ့ခင်းက ငါ့အကြွေးတောင်းတာ လူလည်ကျပြီး ပတ်ပြေးသွားတယ်၊ ဟုတ်လား ဟင်း'

'အဲ… အဲဒီတုန်းက မင်းက လက်ဟန်ခြေဟန်တွေနဲ့ ပြောနေတာဆိုတော့ ငါ… ငါ နားမလည်လိုက်လို့ပါကွာ'

'အေး… ဒါဆို မင်းနားလည်အောင် ငါ ဒီပါးစပ်ကြီးနဲ့ ပြောပြီး ပြန်တောင်းပြီ၊ ခု ငါ့ပိုက်ဆံကြွေးကိုပေး'

'မ… မရှိသေးဘူးကွ'

'ဟော့ကောင်… မင်း အိတ်ကပ်ထဲကဟာတွေက ပိုက်ဆံတွေ မဟုတ်ဘူးလား'

ထိုသို့ပြောလိုက်ခြင်းကြောင့် ထွန်းအောင် ပိုက်ဆံထည့်ထားသော အိတ်ကပ်ကိုလက်ဖြင့် အပျာကယာဖိ၍…

'အဲ… အဲ… ဒါတွေက ငါ ဘော်ပွဲထည့်မယ့် ပိုက်ဆံတွေကွ'

'အောင်မာ လောင်းကစားလုပ်ဖို့တော့ ပိုက်ဆံရှိတယ်၊ ငါ့အကြွေးတော့ မပေးချင်ဘူး၊ ငါလုပ်လိုက်ရရင် နာတော့မယ်၊ ပေး… ခုချက်ချင်း ငါ့ပိုက်ဆံပြန်ပေး'

'မ… မလုပ်ပါနဲ့ လူဇော်ရာ၊ ဒီည ငါထည့်မယ့်ပွဲက အောင်မှာဘူး၊ ဒီလိုလုပ်ကွာ၊ ငါ ဒီညပွဲအောင်ရင် မနက်ကျ မင်းကိုအရင်းတင် မဟုတ်ဘူး၊ အတိုးပါပေးမယ်၊ ဘယ်လိုလဲ'

'တော်စမ်းပါကွာ၊ မင်းက ဘယ်တုန်းက ပွဲအောင်ဖူးလို့လဲ၊ မလိုချင်ဘူး၊ ဟော့ကောင်… ငါ့ပိုက်ဆံအခုပြန်ပေး'

'အခုတော့မလုပ်ပါနဲ့ကွာ'

'ထွန်းအောင် ငါ စိတ်တိုလာပြီနော်'

ထိုသို့ခပ်မာမာပြောလိုက်ခြင်းကြောင့် ထွန်းအောင် ငုံ့ခဲ့ဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ လူဇော် စိတ်ကိုသိသည်လေ။ လူဇော်ဆိုတဲ့ကောင်က စိတ်တိုလာရင် မထင်ရင် မထင်သလို လုပ်တတ်တာကိုး။ ထို့ကြောင့် အိတ်ထဲမှ ပိုက်ဆံ ငါးထောင်ကို တုန်တုန်ချိချိဖြင့်ပင် ထုတ်ပေးလိုက်ရသည်။

လူဇော်က ပိုက်ဆံကို အိတ်ထဲထည့်ရင်း…

'ထွန်းအောင် မင်းဆီက ပိုက်ဆံကို ငါဘာလို့မရမက ပြန်တောင်း ရတာလဲ သိလား'

'လို… လိုချင်လို့ဖြစ်မှာပေါ့ကွာ'

'မဟုတ်ဘူး၊ မင်း နေ့ခင်းက ငါ့ကိုအရှုးကွက်နင်းသွားတဲ့အတွက် အမြင်ကတ်ပြီး တောင်းတာ၊ ရှင်းလား'

ထိုသို့ပြောပြီး လူဇော် ထွက်လာခဲ့သည်။ ထွန်းအောင်ကတော့ ခေါင်းကုတ်ရင်း ကျန်ရစ်ခဲ့၏။

နောက်တော့ ဘယ်ကိုဆက်သွားရင် ကောင်းမလဲဟု လူဇော် စဉ်းစားသည်။ အာရုံထဲတွင် ကိုယ်ကို လိုက်နှာသော ဟိုကောင်သုံးကောင် ကို မြင်သွားသည်။ ထို့ကြောင့် ဒီကောင်တွေရှိလောက်မည်ထင်ရသော နေရာမျိုးသို့ ခြေဦးလှည့်လိုက်သည်။

ရပ်ကွက်ထဲမှာ ပတ်ရှာသည် မတွေ့။ အချိန်က မှောင်နေပြီဖြစ် ခြင်းကြောင့် မျက်စိမှောက်နေတာလည်းပါမည်။ ထိုသို့ခြေတိုအောင် ရှာပြီး သည့်နောက် ဘာဆိုဘာမှအထိအခိုက်က မရှိ။ မိုးကြိုးသွားက ကိုယ်ထင် ထားတာထက်ကို ပိုငြိမ်းစွမ်းနေသည်ပဲ။

နောက်ဆုံးရှာ၍ မတွေ့တော့သောကြောင့် အိမ်သို့ပြန်ရန် ခြေဦး လှည့်လိုက်၏။ သို့ရာတွင် ရတီမျက်နှာလေးအား ခဏလော်ကဖြစ်ဖြစ် တွေ့ချင်မြင်ချင်သည့်စိတ်က ပေါ်လာသဖြင့် ရတီအိမ်ဘက်သို့ လျှောက်လာ ခဲ့သည်။

ထိုအခါ ရတီနေသော လမ်းထိပ်ရှိ အုတ်ခုံတွင် ထိုင်၍ ဂီတာ တီးကာ သီချင်းအော်ဆိုနေသော ဟိုငတိသုံးကောင်ကို မထင်မှတ်ဘဲ တွေ့ လိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



'ဟာ... ဟိုကောင်တွေပဲ ဟွန်း... မိုးကြိုးသွားလက်စွမ်းနဲ့တော့ တွေ့ကြပြီပေါ့ကွာ'

ထိုသို့ကြုံးဝါးပြီး လူဇော် ခြေလှမ်းကျဲကြီးဖြင့် ထိုင်တီသုံးကောင်ထံ လျှောက်သွားလိုက်လေသည်။

လူဇော်ကိုမြင်သောအခါ ဂီတာသံတိခနဲ တိတ်သွား၏။ ပြီးမှ ခပ်လှောင်လှောင် မျက်နှာပေးတွေဖြင့် မတ်တတ်ထရပ်ကာ...

'ဟော့ကောင်... လူဇော်၊ ဘာလဲ မင်းက ငါတို့ကို လာတောင်းပန်တာလား'

လူဇော် ပခုံးကိုတွန့်၍...

'မှားနေပြီ၊ ငါ့ကို မင်းတို့တောင်းပန်ခိုင်းဖို့ ရောက်လာတာကွ'

သုံးယောက်သား တစ်ယောက်မျက်နှာတစ်ယောက်ကြည့်၍...

'ဟား... ဟား... ဒီကောင် ရူးသွားပြီထင်တယ်ကွ'

'အေးလေ၊ နေ့ခင်းက ပြေးရင်းလွှားရင်းနဲ့ ကြောင်သွားတာနေမှာပေါ့'

ထိုသို့ ထစ်ယောက်တစ်ပေါက် ပြောနေချိန်တွင် လူဇော် ခပ်သဲ့သဲ့ ပြုံးနေသည်။ ပြီးမှ သွားကြားထဲမှ ထွက်လာသောလေသံဖြင့်...

'မင်းတို့ကို ငါ နောက်ဆုံးအနေနဲ့မေးမယ်၊ ငါ့ကိုတောင်းပန်မှာလား၊ မတောင်းပန်ဘူးလား'

ဟုပြောလိုက်ရာ တစ်ယောက်က လူဇော့်မျက်နှာနားတိုးကပ်၍...

'ဘာလို့တောင်းပန်ရမှာလဲ အရူးရဲ့၊ ဟား... ဟား'

ထိုလူ၏ရယ်သံပင်မဆုံးခင် လူဇော်၏ ညာလက်သီးက ၄င်းမေးရိုးသို့ တန်းခနဲဝင်သွား၏။

'ခွပ်'

'အား'

ဒီမှာတင်ပွဲကကြမ်းသွား၏။ သုံးယောက်တစ်ယောက်ဖြစ်ပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



လူဇော့်အတွက် ပြဿနာက သိပ်တော့မရှိပါ။ အဘယ်ကြောင့်ဆိုသော် ရွှံ့ဖြစ်ပါးလည်း၀နေပြီဖြစ်သလို ကိုယ်ခံပညာကလည်း အထိုက်အလျောက် တတ်ထားသည့်အပြင် မိုးကြိုးသွားရှိသည်ဆိုသော အသိက သတ္တိတို့ကို ပိုမိုဖြစ်ပေါ်လာစေသဖြင့် ဟိုသုံးကောင်ခံလိုက်ရသည်။

ပွဲက သိပ်မကြာပါ။ သွက်လက်၍ ရဲရင့်နေပြီဖြစ်သော လူဇော် ကြောင့် ဟိုကောင်တွေအထိနာကုန်ပြီး အခြေအနေ မဟန်မှန်းရိပ်မိသွားခြင်း ကြောင့် လစ်ကုန်တော့သည်။ ထို့ကြောင့် လူဇော် တော်တော်ကို မာန်တက် မိသွား၏။

'ဟား… ဟား… အူကြောင်ကြား ငကြောက်တွေ'

ထိုသို့ပြောရင်း အိတ်ကပ်ထဲမှ မိုးကြိုးသွားလေးကို ထုတ်၍ တစ်ချက်မှုနမ်းလိုက်ပြီး…

'ကျေးဇူးပဲ မိုးကြိုးသွားလေးရေ၊ ကျေးဇူးပဲ၊ ဟင်း… ဟင်း… မင်းက ငါ့ကို အန္တရာယ်ကင်းစေတယ်ဆိုတာ ငါ အပြည့်အ၀ကို ယုံသွားပြီ၊ ဟား… ဟား'

ထိုစဉ် နောက်ဘက်မှ ၀င်းခနဲ မီးရောင်နှင့်အတူ တီခနဲအသံကြား လိုက်ရခြင်းကြောင့် လူဇော် လန့်ကြည့်လိုက်ရာ ကားတစ်စီးကို အနီးကပ် ကြီး တွေ့လိုက်ရသဖြင့် လန့်ဖြန့်ပြီး…

'ဟာ… ကား… ကား'

ထိုသို့အော်ပြီး လမ်းဘေးသို့ အမြန်ခုန်ရှောင်လိုက်ရသည်။

ဒီမှာတင် လူဇော် ကံဆိုးသွားပါလေတော့သည်။ အဘယ်ကြောင့် ဆိုသော် လူဇော် ခုန်ရှောင်လိုက်သော လမ်းဘေးတွင် ဓာတ်တိုင်ကြီးက ထီးထီးကြီးတည်ရှိနေခြင်းကြောင့်ပင် ဖြစ်၏။

'ဒုတ်'

လူဇော် ကြယ်တွေလတွေမြင်ပြီး ပက်လက်လန်လဲကျသွား၏။ ထိုစဉ် ကားတံခါးဖွင့်သံကြားရပြီး လူတစ်ယောက် ဆင်းလာသဖြင့် အားတင်းပြီး ခေါင်းထောင်ထကာ ကြည့်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းနှင့်မာတ်တိုင်ဝင်ဆောင့်မိခြင်းကြောင့် အမြင်အာရုံသည် ဝေဝါးနေသည်။ ထို့ကြောင့် ကားမီးရောင်ကိုဖြတ်၍လာသော ထိုလူ၏မျက်နှာကိုတော့ သဲကွဲစွာမမြင်ရ။ ကောက်ကြောင်းကိုသာ တွေ့ရ၏။ မြင်ရသော ကောက်ကြောင်းအရ မိန်းကလေးဆိုတာတော့ ထင်းထင်းကြီး သိနိုင်သည်။

'အာ… ခန္ဓာကိုယ်အချိုးအစားကတော့ မိုက်တယ်ဟ'

ထိုသို့ နောက်ဆုံး ဘူးထခြင်းဖြင့်ထပြီး လူဇော်တစ်ယောက် မှောင်အတိကျကာ သတိလစ်သွားတော့သည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

လူဇော့်ခေါင်းမှာ ပတ်တီးအဖွေးသားနှင့် လက်ဖက်ရည်ဆိုင်တွင် တစ်ယောက်တည်း ငုတ်တုတ်ထိုင်နေသည်။ ထိုစဉ် လူကြီးတစ်ယောက် မျက်နှာသုန်သုန်မှုန်မှုန်ဖြင့် ဆိုင်ထဲသို့ဝင်လာပြီး လူဇော့်ကို တွေ့မြင်သွားသော အခါ ဝိုင်း၌လာထိုင်၏။ လူဇော်က…

'ဟာ… ဦးထွန်းလှပါလား၊ မျက်နှာလည်း မကောင်းပါလား၊ ဘာဖြစ်လာလို့လဲ'

ထိုအခါ ဦးထွန်းလှက စိတ်ရှုပ်နေသော လေသံဖြင့်…

'ဘာဖြစ်ရမလဲ၊ ပြတ်တုန်းလပ်တုန်း နှစ်ဆယ့်သုံးလေကွာ၊ ပိုက်ဆံ က ပြတ်နေပြီဆိုတော့ ရုပ်ကြီးကလည်းဘယ်ကောင်းနိုင်ပါတော့မလဲ'

'ဪ'

လူဇော် သဘောပေါက်သွားသည်။ လခစားဝန်ထမ်းတွေက ဒီလိုပဲ ဖြစ်သည်။ လဆန်းရက်များဆိုလျှင် လစာကထုတ်ထားတာ မကြာသေးဖြင့် ရွှင်ရွှင်ပြုံးပြုံး ရှိနေသလောက် လလည်းကုန်ခါနီးရော ပိုက်ဆံကပြတ်သွား သဖြင့် ရွှင်ပြုံးခြင်းတွေ ပျောက်ပြီး ဤသို့မဲ့ခွက်ခွက်ရုပ်တွေ ဖြစ်ကုန်ကြတော့ ရှိ၏။ ထို့ကြောင့် လူဇော်က…

'ဒါများ ဦးထွန်းလှရာ မကြုံဖူးတာကျနေတာပဲ၊ သကုန်တော့ လစာထုတ်ရင် ပြန်အဆင်ပြေသွားမှာပေါ့၊ ဘာစိတ်ညစ်စရာရှိလို့လဲ'



www.burmeseclassic.com

www.burmeseclassic.com



ဦးထွန်းလှ သက်ပြင်းချ၍…

'မင်း မသိပါဘူး လူဇော်ရာ၊ ငါက လက်ရှိအခြေအနေကြီးကို စိတ်ကိုကုန်နေတာ'

'ဘာဖြစ်လို့လဲဗျ'

'မင်းပဲ စဉ်းစားကြည့်လေ၊ ငါ့မှာ ရတဲ့လစာနည်းနည်းလေးကို ဒီလောက်လှည့်ပတ်သုံးနေတာတောင် ဒီလိုလကုန်ခါနီးရောက်ရင် လက်ဖက်ရည်သောက်ဖို့ ပိုက်ဆံက မရှိတော့ဘူး၊ ဟင်း… ဒီလိုအဖြစ်တွေက တစ်လလည်းမဟုတ်၊ နှစ်လလည်းမဟုတ်၊ နှစ်နဲ့ချီပြီး ကြာလာတော့ ငါ သည်း စိတ်ကုန်လာပြီကွ၊ ဟူး'

'နေပါဦးဗျ၊ ဦးထွန်းလှက ဘယ်လောက်ရလို့လဲ'

'ခြောက်သောင်း'

'အာ… ဒါဆိုရင် မဆိုးပါဘူးဗျ၊ ဦးထွန်းလှတစ်ယောက်တည်း သမားပဲဟာကို'

'ဟ… တစ်ယောက်တည်းသမားဆိုပေမယ့် ခြောက်သောင်းဆိုတဲ့ လစာကနည်းကိုနည်းလွန်းတယ်ကွ၊ ဘယ်လိုလုပ်ပြီး လောက်မှာတဲ့လဲ'

လူဇော် ခေါင်းကုတ်မိသည်။ ဒီလူပျိုကြီး ကြည့်ရတာ သူရတဲ့ လစာကို နည်းသည်ထင်ပြီး တော်တော်မကျေမနပ်ဖြစ်နေပုံရသည်။ ပိုက်ဆံ မြင်ခြင်းထက် လစာနည်းသည်ဟု ထင်သည့် ခံစားချက်က ပိုနေခြင်း ကြောင့် ရသည့်လစာကို တိုင်းထွာ၍ မသုံးစွဲသောအခါ ဤသို့အလုပ်အကိုင် ကို စိတ်ကုန်စရာအလုပ်ဟု အလိုအလျောက် ထင်မြင်လာရခြင်းဖြစ်၏။

ထို့ကြောင့် လူဇော် ၄င်းလူပျိုကြီးကိုထွန်းလှ စိတ်ချမ်းသာအောင် ပြောမှဖြစ်တော့မည်ဟု စဉ်းစား၍…

'မဟုတ်သေးဘူးဗျ၊ တကတမ်း ပြောရရင် ဦးထွန်းလှရတဲ့ လစာက နည်းတယ်လို့ ပြောလို့မရဘူးဗျ'

'အာ… နည်းပါတယ်ဆိုမှ မင်းကလည်း'

'ဟုတ်ပြီဗျာ၊ ဒါဆိုရင် ခင်ဗျားမှာ စာရွက်နဲ့ဘောပင်ပါလား'

'အေး ပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဒါဆိုပေး'

ထို့နောက် လူဖော် စာရွက်နှင့်ဘောပင်ကိုင်၍ ဦးထွန်းလှအား…

'သေသေချာချာကြည့်နော်၊ ကျွန်တော် ခင်ဗျားတကယ်အလုပ်လုပ်လို့ရတဲ့ ဝင်ငွေကိုတွက်ပြမယ်'

'အေး… တွက်'

'ဒီလိုဗျာဦးထွန်းလှက တစ်လကို ခြောက်သောင်းရတယ်ဆိုတော့ တစ်နှစ်ဝင်ငွေက ခုနစ်သိန်းနှစ်သောင်းရှိတယ်၊ ဟုတ်တယ်နော်၊ တစ်နှစ်မှာက ရက်ပေါင်း ၃၆၅ ရက်ရှိတယ်၊ ဒါပေမဲ့ အဲဒီ ၃၆၅ ရက်စလုံးကို ဦးထွန်းလှ အလုပ်လုပ်ရတာ မဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကြားထဲမှာ ပိတ်ရက်တွေ ရှိသေးတာကိုး၊ အဲဒီမှာ စနေ တနင်္ဂနွေ ပိတ်ရက်ရော အခါကြီးရက်ကြီး ပိတ်ရက်တွေရော ပေါင်းလိုက်ရင် ၁၁၉ ရက်ရှိတယ်၊ ဒါကြောင့် ၃၆၅ ရက်ထဲက ၁၁၉ ရက်ကိုနုတ်လိုက်ရင် ရက်ပေါင်း ၂၄၆ ရက်ကျန်တယ်၊ ဒါနဲ့ ဦးထွန်းလှ အလုပ်ဆင်းတဲ့ရက်တွေမှာ ဘယ်နှစ်နာရီလောက် အလုပ်လုပ်ရသလဲ'

'အင်း… ကိုးနာရီကနေ ညနေ ငါးနာရီဆိုတော့ ရှစ်နာရီပေါ့ကွ'

'အဟား… ဒါဆိုရင် ဦးထွန်းလှက နေ့တစ်နေ့ရဲ့ သုံးပုံတစ်ပုံပဲ အလုပ်လုပ်ရတာပေါ့'

ဦးထွန်းလှ နဖေတိမ်တောင်ဖြင့်…

'အေးလေ အဲဒါထုံးစံပဲဟာ'

'ဟုတ်ပြီ ဒါဆိုရင် ၂၄၆ ရက်ကို ၃ နဲ့ စားလိုက်ရင် ၈၂ ရက်ကျန်တယ်၊ ဩော်… နေဦး နေ့ခင်းထမင်းစားချိန်တွေ ဘာတွေအနားပေးလား'

'တစ်နာရီနားတယ်လေ'

'အင်း တစ်ရက်ကို တစ်နာရီနားတယ်ဆိုတော့ အလုပ်လုပ်တဲ့ရက်က ရက်ပေါင်း ၈၂ ရက်၊ ဒါဆို ၈၂ နာရီ၊ ထားပါ ဆယ်ရက်ထားလိုက်၊ ဒါဆိုရင် ဦးထွန်းလှ တကယ်အလုပ်လုပ်တဲ့ရက်က ၇၂ ရက်ပဲကျန်မယ်၊ ဒီတော့ တစ်နှစ်လုံးရတဲ့ ဝင်ငွေက ၇၂၀၀၀၀ ဆိုတော့ ၇၂ နဲ့



www.burmeseclassic.com

www.burmeseclassic.com



စားရင် တစ်သောင်းရတယ်၊ ဟာ ကြည့်စမ်း ဦးထွန်းလှရဲ့ တစ်ရက်ဝင်ငွေ ဟာ တစ်သောင်းတောင်ရှိတာပဲဗျ'

ထိုသို့ လူဇော်ပြောလိုက်ရာ ဦးထွန်းလှ အူတူတူဖြင့် လူဇော် တွက်ထားသော စာရင်းစာရွက်ကို ယူကြည့်သည်။ ပြီးတော့ လူဇော့်နည်း အတိုင်း သေသေချာချာ ပြန်တွက်သည်။

ဘာအမှားမှ ရှာ၍မတွေ့။ ကိုယ် တကယ်အလုပ်လုပ်၍ ရသော ဝင်ငွေက အမှန်တကယ်ပင် တစ်သောင်းဖြစ်နေကြောင်းတွေ့ရ၏။ ဒါဆိုရင် ဘယ်နည်းလိမ့်မတုန်း။ ထို့ကြောင့် မျက်နှာကြီးပြုံးခနဲ ဖြစ်သွားပြီး…

'အဟား… ဒီလိုဆိုတော့လည်း ငါ့ဝင်ငွေက ဘယ်ဆိုးလို့လဲကွ ဆော်'

'ဒါ့ပေါ့ဗျ၊ ခင်ဗျားက တစ်ရက်ကို တစ်သောင်းတောင်ရတာ'

'အေးကွာ၊ ငါ ဒီလောက်ဝင်ငွေကောင်းနေတာတောင် တစ်လ တစ်လ ဘာလို့ကြပ်နေမှန်းကို မသိဘူး'

'ဒါတော့ဗျာ၊ ခင်ဗျား အသုံးအစွဲမဆင်ခြင်လို့ ဖြစ်မှာပေါ့'

'အေးကွ၊ ဖြစ်နိုင်တယ်'

ထိုသို့ပြောပြီး ဦးထွန်းလှတစ်ယောက် စာရင်းစာရွက်ကိုကြည့်ပြီး ပီတိတွေဖြစ်နေ၏။ သူက တစ်ရက်ကိုတစ်သောင်းတောင် ဝင်ငွေရှိတယ်ဆို တာ ခုမှ ကိုယ့်ကိုယ်ကိုယ် သိမြင်သွားတာကိုး။ ဒီတော့ ပျော်သည်ပေါ့။

'အဟေ ဟေး… ကျေးဇူးပဲ လူဇော်ရာ၊ မင်းတွက်ပြမှပဲ ငါ့ကို ဒီလောက်ထိ ဝင်ငွေရှိမှန်း သိရတော့တယ်၊ သွားပြီကွာ'

'အင်း… အင်း'

ထိုသို့ဖြင့် ဦးထွန်းလှ စာရင်းစာရွက်ကို တစိမ့်စိမ့်ကြည့်ကာ အပျော် ကြွနေပြီး ဆိုင်ထဲမှထွက်သွား၏။

လူဇော် သက်ပြင်းတစ်ချက်ချမိကာ ဟိုတွေးဒီတွေးဖြင့် ဆက်၍ ထိုင်နေခဲ့တွင်…

• • •



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

'ဟဲ့… လူဇော်'

'ဟာ… ရတီ ထိုင်လေ'

ရတီနှင့် သူ့သူငယ်ချင်းဖြစ်ပုံရသော ကောင်မလေးတစ်ယောက်တို့ ရောက်လာတာပါ။ ကေ့န္တ အဖြေပြန်ပေးချင်သည့်စိတ်ပေါ်လာ၍ ရောက်လာခြင်းဖြစ်မည်။ ရတီတို့ဝင်ထိုင်ပြီးသွားသောအခါ လူဇော်က…

'ဘာလဲ၊ နင် ငါ့ကိုအဖြေပြန်ပေးဖို့ ရောက်လာတာလား'

ရတီက လှပစွာမျက်စောင်းထိုး၍…

'နင်ဟာလေ လူတွေ့ရင် ဒါပဲပြောဖို့သိတယ်'

'ငါကလည်း နင့်ဆီက ဒါပဲလိုချင်တာကိုးဟ၊ ဘယ်လိုလဲ ပေးတော့မှာလား'

'မပေးပါဘူး၊ ခု နင့်ဆီကိုငါလာတွေ့တာ ကိစ္စရှိလို့ဟ'

'ဖြစ်ရမယ်၊ ဘာကိစ္စလဲ'

ရတီက သူမဘေးမှ ကောင်မလေးထံ မေးငေါ့ပြ၍…

'ဒါ ငါ့သူငယ်ချင်း မေဟာသီတဲ့၊ ဟာသီ… ဒါက လူဇော်'

လူဇော်နှင့် မေဟာသီတို့ တစ်ယောက်ကိုတစ်ယောက် အသိအမှတ်ပြုလိုက်ကြသည်။ လူဇော် စိတ်ထဲတွင် မြင်ဖူးသလိုလိုဘာလိုလိုပါ။ မေဟာသီကတော့ ဘာလိုလိုမဖြစ်ဘဲ လုံးဝမှတ်မိသွားဟန်ဖြင့်…



www.burmeseclassic.com

www.burmeseclassic.com



'ဟင်… ရှင့်ကို ကျွန်မ မှတ်မိတယ်၊ ဟိုတစ်ညက ကျွန်မကားနဲ့ တိုက်မိမလိုဖြစ်ပြီး သတိလစ်သွားလို့ ကျွန်မကိုယ်တိုင် ဆေးခန်းလိုက်ပို့လိုက်တဲ့လူမဟုတ်လား'

ခြေရာတင်မဟုတ် အကောင်လိုက်ပါသွားခဲ့တွေ့လိုက်ရခြင်းကြောင့် လူဇော် ရှင်းရှင်းလင်းလင်း သိမြင်သွားသည်။ လက်စသပ်တော့ ကိုယ့်ခေါင်းကရတဲ့ ဒဏ်ရာက ဒင်းလက်ချက်ကိုး ဟင်း… တွေ့မယ်။

'သြော်… လက်စသပ်တော့ ငါ့ခေါင်းက ဒဏ်ရာက မင်းလက်ချက်ကြောင့်ကိုး'

'အို… ဘာဆိုင်လို့လဲ၊ ရှင့်ဘာသာရှင် လန့်ပြီး လမ်းဘေးခုန်ရှောင်လို့ ဓာတ်တိုင်နဲ့ဝင်တိုက်မိတဲ့ဟာကို'

'ဟ… အဲဒီလိုပြောလို့ရမလားကွ၊ မင်းက ကားကိုမဆင်မခြင်မောင်းလာလို့ ငါက လမ်းဘေးခုန်ရှောင်ရင်းဖြစ်လာတဲ့ ကိစ္စလေ၊ မင်းမှာ တာဝန်ရှိတာပေါ့'

'ဒီမှာ ကိုအဝှာ၊ ကျွန်မက ကားကိုဘာမှမဆင်မခြင်မောင်းလာတာမဟုတ်ဘူး၊ ကားက အစကတည်းက အဲဒီမှာ ရပ်ထားတာရှင့် ဟွန်း'

ထိုသို့ပြောလိုက်ခြင်းကြောင့် လူဇော် နဝေတိမ်တောင်ဖြစ်မိသွားသည်။

'ဘာဖြစ်တယ်၊ ကားကရပ်ထားတာဟုတ်လား'

'ဟုတ်တယ်၊ အစကတော့ မီးပိတ်ပြီးရပ်ထားတာပဲ၊ နောက်တော့ နှိုးပြီး မောင်းမယ်ကြံတော့ ရှင်က ကားရှေ့မှာ ရောက်နေတာနဲ့ ဟွန်းတီးပြီး လမ်းဖယ်ခိုင်းတာကို၊ ရှင်ဘာသာရှင် ခုန်ရှောင်ပြီး ဓာတ်တိုင်ဝင်တိုက်တာကို ကျွန်မလည်း မတတ်နိုင်ဘူး'

'အင်'

လူဇော် နင်ချင်သလို ဖြစ်သွားမိသည်။ လက်စသပ်တော့ ကိုယ့်ဘာသာကိုယ် ကြောက်ချေးပါပြီး ဓာတ်တိုင်ဝင်တိုက်မိတာကိုး။ ထို့ကြောင့် ရှက်ပြေအနေဖြင့်…



www.burmeseclassic.com

www.burmeseclassic.com



'အာ… ဘာပဲဖြစ်ဖြစ် မင်းပယောဂတော့ မကင်းဘူးလေ'

'ဟုတ်တယ်လေ၊ အဲဒါကြောင့် ကျွန်မလည်း လူသားအချင်းချင်း စာနာတဲ့အနေနဲ့ ရှင့်ကိုဆေးခန်းလိုက်ပို့လိုက်တာပေါ့'

ထိုသို့ မေဟသာ်ဆေးခန်းသို့ လိုက်ပို့နေချိန်တွင် သတိလစ်နေခြင်းကြောင့် လူဇော် ဘာမှမသိပါ။ နောက် သတိပြန်ရမှ ဆရာဝန်က ကောင်မလေးတစ်ယောက် မိမိကိုဆေးခန်းသို့ လာပို့သွားတယ်ဆိုတာလောက်သာ သိရသည်။ အခြေအနေအရတော့ သူမဘက်က အလွန်မရှိ။ ထို့ကြောင့် သက်ပြင်းတစ်ချက်ချ၍ ဘာမှပြန်မပြောတော့ဘဲ ငြိမ်နေလိုက်တော့သည်။

ထိုအခါ ရတီက လူဇော်အား…

'ဟဲ့… လူဇော် နင်တို့နှစ်ယောက် ရှင်းလို့ပြီးပြီဆိုရင် နင့်ကိုမေးစရာ တစ်ခုရှိလို့ဟ၊ နင် ဦးသီလဆိုတဲ့ လူကိုသိလား'

'ဦးသီလ ဟုတ်လား၊ ဘယ်မှာနေတာလဲ'

'ဒီရပ်ကွက်ထဲမှာပဲ နေတယ်လို့ ပြောတာပဲ'

လူဇော် စဉ်းစားရပြီ။ ဒီနာမည်ကို ရင်းရင်းနှီးနှီး ကြားဖူးပါသည်။ ဘယ်မှာကြားဖူးပါလိမ့်။ ခဏကြာတော့ မှတ်ဉာဏ်က အလုပ်လုပ်သွားသည်။ ဦးသီလဆိုတာက ကိုယ့်ကိုမိုးကြိုးသွားပေးတဲ့ လူကြီးနာမည်ပဲဟား သူပြောတော့ ဘာတဲ့ မိုးကြိုးသွားဆောင်ထားရင် အန္တရာယ်ကင်းပါသည်တဲ့။ တော်သေးတာပေါ့ အန္တရာယ်ကင်းပေလို့။ အန္တရာယ်မကင်းဘူးများဖြေ လိုက်ရင် ကိုယ့်မှာ ခုချိန်လောက်ဆိုရင် အရေးပေါ်နဲ့ရေဝေး တစ်ခုခုရွှေ့နေ ရမှာပါ။ ထို့ကြောင့်ရတီအား…

'အေး… သိတယ်ဆိုပါတော့၊ ဒါနဲ့ နင်က ဘာလုပ်မလို့လဲ'

ထိုသို့ပြောလိုက်ရာ ရတီနှင့်မေဟသာ်တို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ဝမ်းသာသွားဟန်ဖြင့် ပြုံးလိုက်ကြသည်။ ထို့နောက် ရတီက…

'နင် သိတယ်ဆိုရင် အဲဒီဦးသီလက ဘယ်နားမှာနေတာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ငါတို့ရပ်ကွက်ထိပ်က ခြံကျယ်ကြီးမှာ နေတာလေ'

'ဟင်… ရပ်ကွက်ထိပ်က ခြံ၊ ဘယ်နားတုန်းဟဲ့၊ သေချာပြော'

'ဟိုခြံကြီးလေဟာ၊ အမြဲတမ်း တံခါးပိတ်ထားပြီး ဘယ်သူမှ မသွားရဲတဲ့ ခြံကြီးကိုပြောတာ'

ထိုသို့ပြောလိုက်ခြင်းကြောင့် ရတီ မျက်စိထဲတွင် ပုံပေါ်သွားပြီး တွန့်ခနဲဖြစ်သွား၏။ ပြီးမှ လူဇော်အား မယုံသင်္ကာလေသံဖြင့်…

'လူဇော်… နင် လာနောက်မနေနဲ့နော်၊ ငါတို့တကယ်အရေးကြီးလို့ ပြောတာ'

'အာ… နောက်စရာလားဟာ၊ ငါ တကယ်ပြောနေတာ'

ဟုပြောလိုက်ရာ ရတီမျက်နှာ ရှုံ့တွတွဖြစ်သွားပြီး မေဟာသ်ာဘက် သို့လှည့်ကာ…

'ဟာသ်ာရေ… ဒါဆိုရင်တော့ ပြဿနာပဲ'

ဟာသ်ာ နားမလည်ဟန်ဖြင့်…

'ဘာဖြစ်လို့လဲဟ၊ ဘာပြဿနာလဲ'

'ဘာဖြစ်ရမလဲ၊ နင်ရှိနေတဲ့ လူကြီးနေတဲ့ခြံက ကြောက်စရာကောင်း တယ်ဟ'

'ဟုတ်တယ်၊ ဘာဖြစ်လို့လဲ'

'အင်း… တချို့ကတော့ အဲဒီခြံမှာ သရဲရှိသလိုလို ပြောတယ်ဟ၊ ပြီးတော့ လူသားစားတဲ့လူနေတယ်လို့လည်း ပြောတယ်ဟ'

'ဘုရား… ဘုရား'

မေဟာသ်ာ မျက်လုံးပြူး ရင်ဘတ်လေးဖိကာ ဘုရားတပါသည်။ အမှန်တော့ ဒီစကားတွေက ရပ်ကွက်ထဲမှာ ပြောနေကြတဲ့ ကောလဟာလ တွေပါ။ ဒီကောလဟာလတွေကြောင့် ထိုခြံထဲသို့ မည်သူမှ မသွားရဲကြ ခြင်းဖြစ်သည်။

သို့သော် ရောက်ဖူး သွားဖူးသော လူဇော်က မနေနိုင်တော့ဘဲ ဝင်၍…



www.burmeseclassic.com

www.burmeseclassic.com



'အာ… ရတီ၊ နင်ဘာတွေလျှောက်ပြောနေတာလဲ၊ အဲဒီခြံထဲမှာ နင်ပြောတဲ့ သရဲတွေဘာတွေ ဘာမှမရှိဘူး၊ ရှေးဟောင်းပစ္စည်းတွေစုဆောင်းတတ်တဲ့ ဦးသီလဆိုတဲ့ လူကြီးပဲနေတာ'

ထိုသို့ပြောလိုက်ရာ မေဟသ်ာ၏ မျက်ဝန်းမှာ အရောင်တောက်ခနဲ ဖြစ်သွားပြီး လူဇော်အား…

'ဘာဖြစ်တယ်၊ ရှေးဟောင်းပစ္စည်းစုဆောင်းတဲ့သူ ဟုတ်လား'

'ဟုတ်တယ်လေ၊ သူ့အိမ်ထဲမှာ ရှေးဟောင်းပစ္စည်းတွေမှ ပုံနေတာပဲ'

ဟု ပြောလိုက်ရာ မေဟသ်ာတ ဝမ်းသာအားရဟန်ဖြင့် ရတီအား…

'ဟဲ့… ရတီ ဒါဆိုရင် ငါရှာနေတဲ့ ဦးသီလဆိုတာ သေချာသွားပြီဟ'

'ဟုတ်လို့လားဟာ'

'ဟုတ်ပါတယ်ဟ၊ ရှေးဟောင်းပစ္စည်းစုဆောင်းတဲ့လူဆိုတော့ သေချာပါတယ်၊ လာဟာ… ငါတို့အဲဒီအိမ်ကို သွားရအောင်'

ထိုသို့ပြောလိုက်ရာ ရတီ တွန့်ခနဲ ဖြစ်သွားပြီး…

'ဟိုလေ ငါ… ငါ မလိုက်လို့မရဘူးလား ဟသ်ာရယ်'

'ဟင်… နင်ကလည်း ဘာဖြစ်လို့လဲ'

'ငါကြောက်တယ်ဟ၊ နင်မသိဘူးနော်၊ အဲဒီခြံကြီးက အလိုလိုနေရင်းနဲ့ကို ကြောက်စရာကောင်းတာ'

အမှန်တော့ ကြောက်ရင်းစွဲရှိနေသော ရတီမှာ ဘာရယ်ညာရယ် မဟုတ် ကြောက်နေခြင်းသာဖြစ်၏။ ထိုအခါ ဟသ်ာက နှုတ်ခမ်းစူ၍…

'ဟာကွာ ရတီကလည်း ကြောက်စရာမရှိ ကြံဖန်ကြောက်နေသလားတယ်၊ နင်မလိုက်ရင် ငါကတစ်ယောက်တည်း ဘယ်လိုလုပ်သွားရမှာလဲ'

ဒါကလည်း ဟုတ်နေပြန်ပါသည်။ ရတီမှာလိုက်သည်းမလိုက်



www.burmeseclassic.com

www.burmeseclassic.com



ချင်၊ သူငယ်ချင်းဖြစ်သူကိုလည်း အားနာနေခြင်းကြောင့် ဘာလုပ်ရမှန်း မသိဖြစ်နေပါသည်။ နောက်တော့ ဒီပြဿနာကို လူဇော် ခေါင်းပေါ်လွှဲချရန် အကြံပေါ်သွားပြီး…

'ဟဲ့… လူဇော် နင် ငါ့သူငယ်ချင်းကို လိုက်ပို့ပေးလိုက်ပါလား'

'ငါက ဘာလို့လိုက်ပို့ရမှာလဲ၊ နင့်သူငယ်ချင်းပဲဟာ နင့်ဘာသာနင် လိုက်ပို့ပေါ့'

'ငါကြောက်လို့ပါဆို၊ နင်ကလည်း'

'အလကား ဘာမှကြောက်စရာမရှိဘူး၊ သွားသာသွားလိုက်'

ထိုအခါ ရတီ နှုတ်ခမ်းစူ၍…

'လူဇော်'

'ဘာလဲ'

'နင် ဒီလောက်တောင် အားမကိုးရဘူးလား'

'အေး… ဟုတ်တယ်၊ ဘာ… မဟုတ်ပါဘူး၊ ဒါက နင့်သူငယ်ချင်းလေ နင့်ဘာသာနင် လိုက်ပို့သင့်တာပေါ့'

ရတီ မျက်နှာကိုမဲ့လိုက်သည်။

'ဟွန်း… တော်ပြီ၊ ဒီနေ့ကစပြီး နင့်ကိုငါ စကားမပြောတော့ဘူး၊ ပြီးတော့ နင် ငါ့ဆီကအဖြေကိုလည်း တစ်သက်လုံး မမျှော်လင့်နဲ့တော့'

လူဇော် စိတ်ရှုပ်ရှုပ်ဖြင့် ခေါင်းကုတ်သည်။ ကိုယ်ကြိုက်နေသော မိန်းကလေးက ဒီလိုကြီး အကြပ်ကိုင်လာပြန်တော့လည်း ယောကျ်ားလေးတို့ ထုံးစံအတိုင်း အလျှော့ပေးချင်စိတ်က ပေါက်လာသည်။ ပြီးတော့ ဦးသိလ ကို မိုးကြိုးသွား ပြန်ပေးရမယ့် ကိစ္စကလည်း ရှိနေသေးတော့ မထူးတော့ မည့်အတူတူ ရတီဆန္ဒကို လိုက်လျောရန် ဆုံးဖြတ်လိုက်တော့သည်။

'ကဲ… အေးဟာ၊ ငါလိုက်ပို့လိုက်ပါ့မယ်၊ အဲဒါ ဟို… ဟို… အဖြေကြောင့်နော်'

ထိုသို့ပြောလိုက်မှ ရတီ မျက်နှာရွှင်သွား၏။ ပြီးမှ ရယ်ပြုံးအဖြစ် ပြောင်းသွားကာ…



www.burmeseclassic.com

www.burmeseclassic.com



'ကောင်စုတ်… သူကတော့ ဒါပဲ'

ဆို လက်ရွယ်လိုက်သေးသည်။ မေဟသာကတော့ နှုတ်ခမ်းလေးကိုက်၍ ငြိမ်သက်နေသည်။

ထို့နောက်တော့ လူဇော်တစ်ယောက် မေဟသာဆိုသော ကောင်မလေးကိုခေါ်ဆောင်၍ ဦးသီလရှိရာ အိမ်ကြီးသို့ နောက်တစ်ခေါက်ထပ်ရောက်ခဲ့ပါတော့သည်။

ထိုတစ်ခေါက်သည် ကိုယ့်ဘဝ၏ အရာရာကို ပြောင်းပြန်လှန်ပစ်မည့်အခေါက်ဖြစ်မှန်း ထိုစဉ်ကတော့ လူဇော် မရိပ်မိခဲ့ပါ။

ထိုအခိုက်တွင် လေပွေလေးတစ်ခု တိုက်ခတ်သွားသည်။

တချို့ကတော့ ဒီလေပွေကို အခါမသင့်ဘဲ ရောက်လာတဲ့ လေရူးတဲ့။

တချို့ကတော့ ဒါသည် မုန်တိုင်း၏ နိဒါန်းတဲ့။

လူဇော့်အတွက်တော့ ထိုလေပွေသည် ရှုးသွပ်သောမုန်တိုင်းတစ်ခု၏ နိဒါန်းဟုဆိုရပေမည်။ သို့မဟုတ် ဆိုပါတော့မည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၆)

ခြံကြီးထဲအတွင်းပိုင်းသည် သစ်ရွက်တို့ ကြွေသံပင် မကြားရအောင် တိတ်ဆိတ်နေသည်။

'ဦးသီလ... ဗျို့... ဦးသီလ'

ဒါပါနဲ့ဆို လှဇော်ခေါ်နေတာ ဆယ့်ငါးခေါက်လောက်ရှိပြီ။ တိတ်ဆိတ်မှုက ကြီးစိုးဆဲ။ ဒီကြားထဲ မေဟသာကလည်း သူမ၏ အသံသေးအသံကြောင့်ကလေးဖြင့် အော်ခေါ်ပါသေးသည်။ ဒါလည်း မထူးခြား။ ထို့ကြောင့် လှဇော်လည်း စိတ်မရှည်ဖြစ်လာကာ...

'ဒီလောက် အော်ခေါ်နေတာတောင်မှ ထွက်မလာပုံထောက်တော့ ရှိဘူးနဲ့တူတယ်ကွ'

မေဟသာက အလုံပိတ်ထားသော တံခါးကြီး၏ အပေါက်မှ ချောင်းကြည့်၍...

'အို... ဒီလိုလည်း ဘယ်ပြောလို့ရမှာလဲ၊ ခြံထိပ်နဲ့ အိမ်က အဝေးကြီးပဲဟာ၊ မကြားတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့'

'ကျုပ်... ဒီထက်အော်ခေါ်ရရင်လည်း လည်ချောင်းကွဲဖို့ပဲ ရှိတော့တယ်ကွ'

'လည်ချောင်းကွဲပြီး သေတဲ့မသာကို ကျွန်မ မကြားဖူးပါဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ဘာပြောတယ်'

'ဘာမှမပြောဘူး'

ပြောမဲ့သာပြောရတာ မေဟာသ်ာလည်း စိတ်ခတ်ကျချင်နေပါပြီ။ ကိုယ့်မှာက မတွေ့မဖြစ်တဲ့ ကိစ္စရှိလို့သာ ဦးသီလကို လာရှာရတာ။ ခုလို ခေါ်မကြားအော်မကြားဖြစ်နေတော့ ဘာဆက်၍ လုပ်ရမှန်းကို မသိတော့။ ထို့ကြောင့် လူဇော်အား…

'ဒီမှာ… ရှင် ဒီအိမ်ထဲကို ရောက်ဖူးလား'

'အေး… ရောက်ဖူးတယ်'

'အဲဒီတုန်းက ဒီလိုပဲ အော်ခေါ်ရတာပဲလား'

'ဟော့အေး… တစ်ခါတည်းတန်းတွေ့တာ'

'ရှင့်ကျတော့ လွယ်လှချည်လား'

'လွယ်ဆို ငါက ခြံထဲကိုရောက်သွားတာကိုးကွ'

'ဟုတ်တယ်၊ ဘယ်လိုရောက်သွားတာလဲ'

လူဇော် အဖြေရကျပ်သွားသည်။ ကိုယ်ကခွေးတိုးပေါက်ကနေ ရောက်သွားခဲ့တာကိုး။ ထို့ကြောင့် မတင်မကျလေသံဖြင့်…

'အင်း… ဒီလိုပါပဲ၊ တခြားအပေါက်ကနေ ရောက်သွားတာ'

မေဟာသ်ာ မျက်လုံးအစုံ လက်ခနဲဖြစ်သွားပြီး…

'ဟုတ်လား၊ ဘယ်အပေါက်ကနေလဲ'

'မင်းက ဘာလုပ်မလို့လဲ'

'ဘာလုပ်ရမှာလဲ၊ အဲဒီအပေါက်ကနေပြီးတော့ ခြံထဲကို ဝင်ကြမယ်လေ'

လူဇော် ခေါင်းခါ၍…

'မင်းက မိန်းကလေးဆိုတော့ ဝင်လို့မဖြစ်ပါဘူးကွာ'

'အို… ဘာလို့မဖြစ်ရမှာလဲ'

'ဟာ… မဖြစ်လို့မဖြစ်ဘူးလို့ ပြောတာပေါ့ကွ'



www.burmeseclassic.com

www.burmeseclassic.com



'ဒီမှာ ဒီခေတ်ကြီးထဲမှာ မိန်းမတွေက ယောကျ်ားတွေနဲ့ ရင်ဘောင်တန်းနိုင်နေပြီရှင့်၊ ဘာလို့မဖြစ်ရမှာလဲ'

'မင်း အပိုတွေလျှောက်ပြောမနေနဲ့၊ မိန်းမတွေက ယောကျ်ားတွေနဲ့ တကယ်တမ်း ရင်ဘောင်တန်းနိုင်ပြီဆိုရင် လိုင်းကားကျပ်ကျပ်ကို တွယ်ပြီး စီးနိုင်နေပြီလား ပြော'

'ရှင်နော်… စကားကို ကပ်မပြောနဲ့'

'အရှိကိုအရှိအတိုင်း မြင်အောင်ပြောတာပါကွ'

'အို… ဘာပဲဖြစ်ဖြစ် ကျွန်မ အဲဒီအပေါက်ကနေ ရအောင်ဝင်မယ်၊ ရှင်သာလိုက်ပြ၊ ဒါပဲ'

ဒီကောင်မလေး ကြည့်ရတာ တော်တော်ခေါင်းကြောမာပုံရသည်။ တွေ့မယ်။ လိုက်ကိုပြမယ်။ ပြီးမှ ဝင်ရဲလား မဝင်ရဲလားဆိုတာကို ကြည့်ရသေးတာပေါ့။

လူဇော် ရှေ့မှ ဦးဆောင်၍ လျှောက်သွားလိုက်သည်။ ခွေးတိုးပေါက်ရှေ့သို့ရောက်သောအခါ လူဇော်က လက်ညှိုးထိုးပြလိုက်ပြီး…

'ကဲ… အမိ ဒီအပေါက်ပဲ ဆန္ဒရှိရင် ဝင်ပေတော့'

မေဟာသီမျက်လုံးကျယ်သွားသည်။

'ဟင်…ဒီခွေးတိုးပေါက်က ဝင်ရမှာလား'

'သိပ်ဟုတ်တာပေါ့ကွာ'

'ရှင် အရင်တစ်ခေါက်က ဝင်တုန်းကလည်း ဒီခွေးတိုးပေါက်ကပဲ လား'

လူဇော် ဟိုလိုလို ဒီလိုလို လေသံဖြင့်…

'ဟုတ်တယ်ကွာ၊ အဲဒါ ဘာဖြစ်လဲ'

မေဟာသီ၏ မျက်နှာမှာ ရှုံ့မဲ့သွား၏။ လှတပတ မိန်းကလေးတစ်ယောက်က ဒီလိုခွေးတိုးပေါက်ကနေ ဝင်လျှားထိုးဝင်ရမှာဆိုတော့ တော်တော် ကောင်း ကြားမကောင်းကိစ္စကြီးလေ။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် အတွန်ကြာ စဉ်းစားနေသည့်ဟန်ဖြင့် ငြိမ်သက်နေ၏။ ပြီးမှ နှုတ်ခမ်းကိုတစ်ချက်ကိုက်ကာ ဆုံးဖြတ်ချက်ချလိုက်သည့်လေသံဖြင့်…

'ရတယ်၊ ဝင်မယ်၊ ဘာဖြစ်လဲ'

လူဇော် အံ့အားသင့်သွားပြီး…

'မင်း တကယ်ပြောနေတာလား'

'တကယ်ပြောနေတာပေါ့၊ ဒါနဲ့ ရှင်ပါလိုက်ဝင်မှာလား'

'အဲဒါက ပြဿနာမရှိပါဘူး၊ မိန်းကလေးတန်မဲ့နဲ့ ဒီလိုခွေးတိုးပေါက်ကနေ ဝင်ဖို့တောင် ဆုံးဖြတ်လိုက်တာဆိုတော့ မင်းကိစ္စတော်တော်အရေးကြီးနေလို့လား'

'အင်း… ကြီးတယ် ဆိုပါတော့'

လူဇော် ပခုံးတွန့်လိုက်မိသည်။

'ကောင်းပြီလေ၊ မင်း အရင်ဝင်'

'ရှင်အရင်ဝင်ပါလား'

'ဟ… ငါအရင်ဝင်ပြီး မင်းက နောက်ကလိုက်ဝင်နေတဲ့ အချိန်မှာ တစ်ယောက်ယောက်က တွေ့သွားရင် မင်း အရှက်ကွဲမှာလေ၊ ဒါကြောင့် ငါက လူကြည့်ပေးထားမယ်၊ မင်းအရင်ဝင်'

ထိုသို့ပြောလိုက်မှ မေဟာသီနားလည်သွားပြီး အရင်ဝင်ရန် ပြင်သည်။

'ကျွန်မ ဝင်တော့မယ်၊ ရှင် လှည့်မကြည့်နဲ့နော်၊ ဟိုဘက်လှည့်နေ'

'အေးပါ၊ အေးပါ'

ထို့နောက် မေဟာသီ ခွေးတိုးပေါက်မှ ဝင်နေချိန်တွင် လူဇော် ဦးသီလ မွေးထားသော ခွေးကြီးကိစ္စကို သွားရှဲသတိရမိသည်။ ထို့ကြောင့် မေဟာသီအား သတိပေးရန် စဉ်းစားမိသော်လည်း သူမအား လှည့်ကြည့်ချင်လို့ဟု ထင်မှာစိုးသဖြင့် သတိမပေးဖြစ်တော့ချေ။



www.burmeseclassic.com

www.burmeseclassic.com



နေပါလေ့စေ ဒီလောက်ဝင်ချင်နေတဲ့ ဇတိမ။ ဟိုခွေးနဲ့တွေ့မှ ခုတ်သွားမှာ။ ထိုသို့ စေတနာထားလိုက်သည့်အချိန်တွင် မေဟာသ်ာ ခြံထဲသို့ ရောက်သွားပါပြီ။

ခြံထဲမှနေ၍...

'ရှင် ဝင်လာလို့ ရပြီနော်'

'သြော်... သြော်... မင်းရော အခြေအနေကောင်းရဲ့လား'

'အင်း... ကောင်းတယ်'

လေသံကတော့ ခွေးကြီးနှင့်တွေ့နေပုံမပေါ်ပါ။ ထို့ကြောင့် လူဇော် တော်ချလက်ချဖြင့်ပင် ဝင်လိုက်သည်။ အထဲသို့ရောက်သောအခါ မေဟာသ်ာ က လက်ကလေးပိုက်၍ အနွှရာယ်ကင်းရှင်းစွာ ရပ်နေကြောင်းတွေ့ရသည်။ မျက်နှာကတော့ နည်းနည်းပါးပါး ရှက်နေသယောင်ရှိသည်။

ထို့နောက်တော့ အိမ်ကြီးရှိရာသို့ နှစ်ယောက်သား ထွက်လာ ကြသည်။ လူဇော်က...

'မျက်စိရှင်ရှင်ကြည့်ပြီး သတိထားနော်'

'ဘာဖြစ်လို့လဲ၊ မြွေတွေဘာတွေရှိလို့လား'

'မြွေထက်ဆိုးတဲ့အကောင်ရှိလို့ ပြောနေတာ'

'ဟင်... ဘာကောင်ရှိလို့လဲ'

'ခွေး'

'ကိုက်လို့လားဟင်'

'ဟ... ကိုက်တာပေါ့ကွ၊ လိုက်တာမှ လည်မြိုကိုတန်းခဲနဲ့ပဲ'

မေဟာသ်ာ ခန္ဓာကိုယ်လေးတစ်ချက်တုန်ခါသွားပြီး လူဇော်အနားသို့ ကပ်လာ၏။

'ရှင်... ရှင်ရော အဲဒီခွေးနဲ့ တွေ့ဖူးလားဟင်'

'ဟာ... တွေ့ဖူးတာပေါ့'

'ရှင့်ကိုကျတော့ရော မကိုက်ဘူးလား'



www.burmeseclassic.com

www.burmeseclassic.com



'အာ… ဘယ်နေလိမ့်မလဲ၊ ငါ့လည်မြို့ကိုကိုက်ဖို့ ပြေးလာတဲ့ အချိန်မှာ ငါက ဟိတ်လို့အော်လိုက်ရော တစ်ခါတည်း ငတိ အမြီးကုတ် ပြီးကို ပြန်ပြေးရော ဟင်း… ဟင်း'

'တကယ်'

'တကယ်ပေါ့ကွ'

မေဟာသ်ာ လူဇော်အား အထင်ကြီးသွားဟန်ဖြင့် ဖြတ်ခနဲလှမ်း ကြည့်သည်။ လူဇော် ဘဝင်တွေဘာတွေမြင့်သွား၏။ ဟင်း… ဟင်း ငါကွ။ ထိုစဉ် မေဟာသ်ာက လေသံစူးစူးဖြင့်…

'ဟိုမှာ… ဟိုမှာ… ခွေးကြီး… ခွေးကြီး ပြေးလာနေပြီ'

'ဟင်… ဟုတ်လား'

ဟုတ်ပါသည်။ ဦးသီလ၏ ခွေးကြီးမှာ သွားများကိုအစွမ်းကုန်ဖြဲ၍ ပြေးလွှားကာလာနေပါပြီ။ လူဇော် ခေါင်းမွေးထောင်သွား၏။ ဘုရား ဘုရား ဒုက္ခပါပဲ။

မေဟာသ်ာက တုန်တုန်ရီရီလေသံဖြင့်…

'ရှင်… ရှင်… အနားရောက်ရင် ဟိတ်လို့အော်နော်'

'အေးပါကွာ၊ ဟိတ်ပါ့မယ်၊ အီး…'

ပြောမဲ့သာ ပြောရသည်။ ကိုယ့်ဟိတ်က အလုပ်မဖြစ်မှန်း ကိုယ့် ဘာသာကိုယ်အသိဆုံး။ မေဟာသ်ာကတော့ အားကိုးတကြီးဖြင့် လူဇော့်လက် မောင်းအား တင်းကျပ်စွာဆုပ်ကိုင်ထားသည်။ ခွေးကြီးကလည်း အနားသို့ တစ်စတစ်စ နီးလာ၏။ ထို့ကြောင့် လူဇော်လည်း ဘာလုပ်လို့ ဘာကိုင်ရ မှန်းမသိ ဖြစ်ကာ အန္တရာယ်ကင်းသည်ဆိုသော မိုးကြိုးသွားကိုထုတ်၍ လက်ထဲ၌ ဆုပ်ကိုင်ထားလိုက်မိသည်။ ဘုရား… ကယ်ပါ၊ ကယ်ပါ

ခွေးကြီးက အနားသို့ရောက်လာပါပြီ။ မေဟာသ်ာက…

'ရှင်… ဟိတ်တော့လေ၊ အင်း… အော်တော့လေ၊ အော် လိုက်တော့'



www.burmeseclassic.com

www.burmeseclassic.com



'ဟင်… အင်း… အင်း'

မအော်မဖြစ်အော်ရပေတော့မည်။ ထို့ကြောင့် မိုးကြိုးသွားကိုင်ထားသော လက်ကို ရှေ့သို့ဆန့်ထုတ်၍…

'ဟိတ်… မကိုက်နဲ့နော်၊ မကိုက်နဲ့'

ခွေးကြီး တုံ့ခနဲရပ်သွား၏။ ထို့ကြောင့် လူဇော်လည်း နဝေတိမ်တောင်ဖြစ်သွားပြီးနောက် ဦးသီလများ ရောက်လာလေသလားဟု ကြည့်မိသေး၏။ အရိပ်အယောင်ပင် မတွေ့ရ။ ဒါဆိုရင် ခွေးကြီးရပ်သွားတာ ကိုယ့်ရဲ့ဟိတ်ကြောင့်ပေါ့။ အဟား… တယ်တော်တဲ့ငါပါလား။

မဟေသီလည်း ထိုသို့ဖြစ်ရပ်ကြောင့် လူဇော့်အပေါ် ယုံကြည်စိတ်ရသွားကာ ကြောက်စိတ်တို့ ပြေသွားပြီး…

'ရှင့်ရဲ့ဟိတ်က ဘယ်ဆိုးလို့လဲ၊ ဟိုမှာမကိုက်တော့ဘူး'

လူဇော် ရင်ကိုကော့၍…

'ဒါက လူတိုင်းလိုက်လုပ်လို့မရဘူးကွ၊ ငါ့ကို ဝီလ်ပါဝါရှိတဲ့လူမှ လုပ်လို့ရတာ၊ ဟင်း… ဟင်း'

'အဟင်း… ဟုတ်ပါပြီ၊ ဟုတ်ပါပြီ၊ ဒါဆိုရင် ဒီခွေးကြီးကို ခပ်ဝေးဝေးကို မောင်းထုတ်လိုက်ပါလား၊ ကြည့်ရတာ အသဲယားလို့'

'ဩော်… အေး'

ထို့နောက် ပြူးကြောင်ကြောင်မျက်လုံးအစုံဖြင့် စိုက်၍ကြည့်နေသော ခွေးကြီးအားကြည့်၍ အသက်ကိုပြင်းပြင်းရှူကာ လည်ချောင်းထဲမှ ထွက်လာသောအသံဖြင့်…

'ဟိတ်…ခွေး ဒီနားမှာ လာမနေနဲ့၊ ခပ်ဝေးဝေးကိုသွား၊ သွား… သွား'

ထိုသို့ပြောလိုက်သည်နှင့်တပြိုင်နက် ခွေးကြီးက လူဇော့်အား စူးစူးကြည့်ပြီး ဂီးခနဲ အော်ကာ သွားဖြဲပြသည်။ ထို့ကြောင့် လူဇော်လည်း ထွန့်ခနဲ ဖြစ်သွား၏။ ဒီကောင်ကြီးကြည့်ရတာ လေသံမာမာနဲ့ပြောတာကို



www.burmeseclassic.com

www.burmeseclassic.com



သဘောမကျဘူးထင်တယ်။ ဒီတော့ ချိုချိုသာသာနဲ့ ပြန်ပြောကြည့်မှဟာ ထိုသို့တွေးပြီး လေပြေလေးဖြင့်…

'ဟိတ်… ခွေးလိမ္မာကြီးရေ… ဒီနားမှာက ဘာစားစရာမှ မရှိ ဘူးကွ၊ ဒီတော့ ခပ်ဝေးဝေးမှာအမဲရိုးတွေဘာတွေ ရှိရင်ရှိမှာ၊ အဲဒီမှာ သွားရှာနော်၊ လိမ္မာတယ် သိလား၊ သွား… သွား'

ထိုသို့ချိုချိုသာသာ ပြောလိုက်သော်လည်း ခွေးကြီးက လူဇော်၏ စကားကို လုံးဝလုံးဝ နားမထောင်ပါ။ နားမထောင်သည့်အပြင် ရှေ့သို့ပါ နှာခေါင်းရှုံ့ပွရှုံ့ပွ လုပ်၍ ခြေတစ်လှမ်းတိုးလာ၏။ လူဇော် ခေါင်းကြီးသွား သည်။ မေဟာသီက လေသံတုန်တုန်ရီရီဖြင့်…

'ဟိုမှာ ရှင့်စကားကို နားမထောင်တဲ့အပြင် ရှေ့ကိုပါ တိုးလာပြီ ဘယ်လိုလုပ်ကြမလဲ'

'ငါလည်း မသိဘူးလေကွာ၊ ကြည့်ရတာ ငါ့စကားနားမလည်ဘူး နဲ့တူတယ်၊ ဟိုလေ မင်းပြောကြည့်ပါလား'

'အို… ကျွန်မက ခွေးစကားမှ မပြောတတ်တာ'

'ဟ… ငါလည်းပြောတတ်မလားကွ၊ ဒီလိုပဲ ပြောကြည့်ပေါ့'

'ဟင့်အင်း… ကျွန်မ မပြောတတ်ပါဘူး၊ ရှင့်ဘာသာရှင် ချိုချို သာသာလေးထပ်ပြောကြည့်ပါလား၊ ရရင်ရမှာပေါ့'

ထိုသို့မေဟာသီအား အဖော်ညှိ၍ မရခြင်းကြောင့် လူဇော် ကိုယ့် ဘာသာကိုယ် ဟိုခွေးအား ယဉ်ယဉ်ကျေးကျေး ထပ်ပြောရပါတော့သည်။

'ဒီနားကို မလာပါနဲ့ ခွေးလိမ္မာကြီးရယ်၊ ငါက မင်းကိုမကြောက် ပေမယ့် ဒီကောင်မလေးက မင်းကိုကြောက်တယ်ကွ'

အမှန်တော့ သူလည်း ကြောက်တာမှ သေးပါထွက်ချင်နေတာ ဆက်၍…

'သူတစ်ပါးကို ကြောက်အောင်လုပ်တယ်ဆိုတာ ဘုရားဟောနဲ့ ကြည့်ရင် အမင်္ဂလာမည်တယ်တဲ့၊ ပြီးတော့ဥပဒေနဲ့ ကြည့်ရင်လည်း ခြိမ်း



www.burmeseclassic.com

www.burmeseclassic.com



ခြောက်မှုပုဒ်မတပ်လို့ရတယ်တဲ့၊ ဘယ်ဘက်ကကြည့်ကြည့် မကောင်းပါဘူး ကွာနော်၊ ဝေးဝေးကိုသွားပြီး အမဲရိုးသွားရှာချေ'

ခွေးကြီး တရားကျပုံမရပါ။ မရတဲ့အပြင် နှာခေါင်းကို ရှုံ့ပွရှုံ့ပွလုပ်ကာ ရှေ့သို့ ထပ်တိုးလာပြန်၏။ မေဟာ်ကက…

'ဒုက္ခပါပဲ၊ ဟိုမှာ ရှေ့ကိုတောင် ထပ်တိုးလာပြန်ပြီ၊ ရှင်ကလည်း သေချာချိုချိုသာသာပြောပါဆို'

'ဟ… ငါလည်း ဒီထက်ချိုချိုသာသာ ပြောရရင် လက်အုပ်ချီပြီးတော့ ပြောဖို့ပဲ ရှိတော့တာကွဲ'

'ကျွတ်… ခု ကျွန်မတို့ ဘာဆက်လုပ်ကြမှာလဲ၊ ထွက်ပြေးကြမလား'

'ပြေးရင် လွှတ်မယ်လို့ မင်းက ထင်လို့လား'

'ဟင့်အင်း'

'ဒါဆို ဘာထူးမှာလဲကွ'

'အဲဒါဆိုရင် ကျွန်မတို့က ဒီမှာရပ်ပြီး ဘာလုပ်ကြမှာလဲ'

'ခံချကြမယ်လေ'

'ဒါဆို ရှင်ချနှင့်လေ၊ ကျွန်မ ပြေးပြီးတော့ ဦးသီလကို သွားခေါ်လိုက်မယ်'

အဲဒါကြောင့် ရှေးလူကြီးတွေက ပြောတာနေမှာ။ ဘာတဲ့ မိန်းမဉာဏ်တဲ့။ ဟွန်း… တော်တော်ဟုတ်တဲ့ဟာလေး။

ထိုစဉ် ခွေးကြီးက ရှေ့သို့တိုးကပ်လာပြီး လူဇော်၏ မိုးကြိုးသွားဆုပ်ကိုင်ထားသော လက်ကိုလာနမ်းသည်။

'ဟဲ့… ပလုတ်တုတ်'

လူဇော် အသဲတယားယားဖြစ်သွားသည်။ နည်းနည်းလေးမှတော့ လျှပ်ရဲ။ လှုပ်လိုက်လို့ မျက်စိနောက်ပြီး လက်ကိုဟပ်ကိုက်ရင် တံ့ကြီးဖြစ်သွားမှာလေ။

www.burmeseclassic.com

## အခန်း (၇)

'ဦးသီလ… ဦးသီလ'

သိပ်ကြာကြာ မခေါ်လိုက်ရပါ။ အိမ်အတွင်းပိုင်းမှ ဦးသီလ ထွက်လာပြီး…

'ဟာ… မောင်ရင်ပါလား'

'ဟုတ်တယ် ဦးရေ၊ ကိစ္စလေးရှိလို့ ရောက်လာတာ'

ဦးသီလက မေဟသ်ာအား တစ်ချက်လှမ်းကြည့်ပြီး…

'ဘာကိစ္စများတုန်းကွ၊ ထိုင်ကြလေ'

လူဓော်တို့နှစ်ယောက် ဝင်ထိုင်လိုက်ကြပြီးနောက် လူဓော်က…

'ကိစ္စက ကျွန်တော့်ကိစ္စတော့ မဟုတ်ပါဘူး၊ သူက ဦးကိုတွေ့ချင်လို့ဆိုတာနဲ့ ခေါ်လာတာပါ'

ထိုအခါ မေဟသ်ာက လိုက်လှဲသော လေသံဖြင့်…

'သမီးက ဦးထွန်းလင်းရဲ့သမီး မေဟသ်ာပါဦး'

'ဟေ'

ဦးသီလ အံ့အားသင့်သွားဟန်ဖြင့် မျက်ခုံးမြင့်တက်သည်။

'ဘယ်လို ထွန်းလင်းရဲ့သမီး မေဟသ်ာ ဟုတ်လား'

'ဟုတ်ကဲ့၊ ဦး မှတ်မိလား မသိဘူး'



www.burmeseclassic.com

www.burmeseclassic.com



'မှတ်မိပြီ၊ မှတ်မိပြီ၊ အင်း… သမီးက တော်တော်ကြီးလာတယ် ဆိုတော့ ရုတ်တရက် မမှတ်မိဘူးဖြစ်သွားတယ်၊ နှစ်တွေကလည်း ကြာပြီ ကိုး'

ဘာကိုကြည့်ပြီး ကြီးလာတယ်ဟု ပြောသလဲတော့မသိပါ။ ဦးသီလက စိတ်မကောင်းသည့်လေသံဖြင့် ဆက်၍…

'အင်း… သမီးအဖေ ဆုံးသွားပြီဆိုတာကို ဦးကြားလိုက်ပါတယ်၊ ဒါပေမဲ့ ကျန်းမာရေးက သိပ်မကောင်းရတဲ့ကြားထဲ ခရီးကပါဝေးနေပြန် တော့ မလာဖြစ်လိုက်ဘူးကွယ်'

မေဟာသ်ာက လေသံတိမ်တိမ်ဖြင့်…

'ရပါတယ်ဦး'

ဦးသီလနှင့် မေဟာသ်ာ၏အဖေ ဦးထွန်းလင်းတို့မှာ ခင်မင်ရင်းနှီး ကြသော မိတ်ဆွေသူငယ်ချင်းများဖြစ်ကြသည်။ ဦးသီလ ရှေးဟောင်းပစ္စည်း စုဆောင်းခြင်းကို ဝါသနာပါသကဲ့သို့ ဦးထွန်းလင်းကလည်း ငွေထက် လျော့သော ဝါသနာပါပါသည်။ ငယ်ရွယ်စဉ်ကာလတုန်းကဆိုလျှင် ဦးသီလနှင့် ဦးထွန်းလင်းတို့နှစ်ယောက်သား ကမ္ဘာအနှံ့ပတ်၍ ရှေးဟောင်း ပစ္စည်းများကို ရှာပုံတော်ဖွင့်ခဲ့ကြ၏။ ယခုအသက်အရွယ်ထောက်လာမှ ကိုယ့်အိမ်ကိုယ့်ယာတွင် နားနားနေနေပြန်နေဖြစ်ကြခြင်းဖြစ်သည်။ ဦးသီလ က…

'ကဲ… သမီး ဦးဆီကို ဒီလိုရှာဖွေပြီး ရောက်လာတာက ကိစ္စ အထွေအထူးရှိလို့လား'

'ဟုတ်… ရှိတယ် ဦး'

'ဒါဆိုလည်း ပြောသာပြော၊ အားနာမနေနဲ့'

မေဟာသ်ာ၏ မျက်နှာဖြတ်ခနဲတည်သွားပြီး…

'ဒီလိုပါ၊ ရှုးလ်မိန်းဘုရင်ရဲ့ သရဖူဒင်္ဂါးပြားဆိုတာ ဘာကိုပြော တာလဲဦး'



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့မေးလိုက်ရာ ဦးသီလ အံ့အားသင့်သွားဟန်ဖြင့်…

'သမီးက ဒါကို ဘာလို့သိချင်ရတာလဲ'

မေဟာသီ နှုတ်ခမ်းကိုကိုက်၍…

'အဲဒီပစ္စည်းကြောင့် သမီးအဖေ သေသွားရလို့ သိချင်တာပါ'

'ဟေ… ဘယ်လို'

'ဒီလိုပါ ဦး၊ သမီးအဖေ မသေခင်သုံးလအလိုလောက်က သမီးတို့အိမ်ကို ဖောက်ထွင်းခံလိုက်ရတယ်၊ သမီးက အဲဒီအချိန်တုန်းက မန္တလေးမှာ ကျောင်းသွားတက်နေတာဆိုတော့ အိမ်မှာမရှိဘူးလေ၊ အိမ်မှာက အဖေတစ်ယောက်တည်းရှိနေတာဆိုတော့ သူခိုးက ခပ်လွယ်လွယ်ပဲ ဖောက်ထွင်းပြီး အတွင်းပစ္စည်းတွေနဲ့အတူ အဲဒီရှားလ်မိန်းဒင်္ဂါးပြားကိုပါ ယူသွားပါတယ် ဦး'

ဦးသီလက စိတ်လှုပ်ရှားသည့်ဟန်ဖြင့်…

'အဲ… အဲဒီသူခိုးကို ပြန်မိလားသမီး'

'ဟုတ်… ခိုးပြီး တစ်လလောက်ကြာတော့ ပြန်မိပါတယ်'

'ဒါ… ဒါဆိုရင် ရှားလ်မိန်းဒင်္ဂါးပြားရော ပြန်ရလား'

'ဟင့်အင်း… လက်ဝတ်ရတနာတချို့ကို ပြန်ရပေမယ့် အဲဒီပစ္စည်းကိုတော့ ပြန်မရဘူး ဦး'

'ကျွတ်… ဖြစ်မှဖြစ်ရလေကွာ'

ဦးသီလ ပုံစံက တော်တော်ကြီးကို နှမြောတသဖြစ်သွားဟန်ရှိသည်။ မေဟာသီက ဆက်၍…

'အဲဒီဒင်္ဂါးပျောက်သွားတဲ့အချိန်ကစပြီး အဖေလည်း အဲဒီစိတ်နဲ့ တရှောင်ရှောင်ဖြစ်ရင်း နောက်ဆုံး သေဆုံးသွားရတဲ့အထိပါပဲ ဦး'

ဦးသီလ လေးပင်စွာ ခေါင်းညိတ်ရင်း…

'အေးပေါ့ကွယ်၊ အေးပေါ့၊ အရမ်းကိုနှမြောစရာကောင်းလွန်းတာကိုး၊ ဟူး…'



www.burmeseclassic.com

www.burmeseclassic.com



အသံခဏတိတ်သွားသည်။ နောက်မှ ဦးသီလက…

'ဒါနဲ့ သမီးက ဒီဒင်္ဂါးအကြောင်းကို သိချင်တဲ့ကိစ္စက'

မေဟသီက သက်ပြင်းချ၍…

'ဒီဒင်္ဂါးပျောက်သွားတဲ့အတွက် အဖေအရမ်းကို စိတ်ထိခိုက်ပြီးတော့ သေဆုံးခဲ့ရတာ၊ ကုန်ကုန်ပြောရရင် အသေတောင်မှ မဖြောင့်ခဲ့ဘူးပေါ့ဦး၊ အဲဒါကြောင့် သမီးက အဖေ့ကိုယ်စား ဒီဒင်္ဂါးကို မရရအောင် ပြန်ရှာမယ်လို့ ဆုံးဖြတ်ခဲ့ပါတယ်၊ ဒါပေမဲ့ သမီးက ဦးတို့ အဖေတို့လို ရှေးဟောင်းပစ္စည်းတွေကို စိတ်ဝင်စားခဲ့တာ မရှိတော့ ဒီဒင်္ဂါးပြားအကြောင်းကို သိလည်းမသိဘူး၊ မြင်လည်းမမြင်ဖူးဘူးဦး၊ ကိုယ်မသိမမြင်ဘူးတဲ့ ပစ္စည်းကို ရှာဖို့ဆိုတာက ဖြစ်မှမဖြစ်နိုင်တာ၊ ဒါကြောင့် ဦးဆီကနေ ဒီဒင်္ဂါးပြားနဲ့ပတ်သက်တဲ့အကြောင်းအရာများ သိရမလားလို့ တွေးပြီးရောက်လာတာပါ'

မေဟသီ၏ပြောပြချက်ဆုံးသောအခါ ဦးသီလက သက်ပြင်းကိုလေးလံစွာချ၍…

'အင်း… သမီးရဲ့ဆုံးဖြတ်ပြီးသားကိစ္စကို မှားတယ် မှန်တယ်လို့ဦး မဝေဖန်ချင်တော့ဘူး၊ ဒါကြောင့် ဦး ကူညီနိုင်တဲ့အတိုင်းအတာကိုတော့ ကူညီပေးလိုက်မယ်၊ ဟုတ်ပြီလား၊ ကဲ… ခဏထိုင်ကြဦး'

ထိုသို့ပြောပြီး ဦးသီလ အိမ်အတွင်းပိုင်းသို့ ဝင်သွားသည်။

လူဇော်ကတော့ သူတို့ပြောနေဆိုနေတာတွေကို စိတ်မဝင်စားပါ။ သူ စိတ်ဝင်စားနေသည်က မျက်စိရှေ့ မှန်ပုံးလေးထဲတွင် ထည့်ထားသောအရာလေးကိုပင်ဖြစ်သည်။ ထို့ကြောင့် ဦးသီလ အခန်းတွင်းသို့ ဝင်ရောက်သွားသောအခါ ထိုင်ရာမှထ၍ ထိုအရာလေးကို သွားစပ်စုကြည့်မိသည်။

ထိုမှန်ပုံးထဲမှ အရာလေးက တခြားတော့မဟုတ်ပါ။ အဖြူရောင်လက်စွပ်လေးနှစ်ကွင်းသာဖြစ်သည်။ သတ္တုတစ်မျိုးဖြင့် ပြုလုပ်ထားပြီး ပန်းကနုတ်လိုလို အင်းကွက်လိုလို အစင်းကြောင်းလေးများကို လက်စွပ်ပေါ်တွင် လှပစွာ ထွင်းထားသည်ကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အပြင်မှကြည့်ရသည်ကို အားမရတော့ဘဲ အနီးကပ်ယူကြည့်ချင်သည့်စိတ် ပေါက်လာသဖြင့် လူဇော် မှန်ပုံးထဲသို့ လက်နှိုက်၍ လက်စွပ်နှစ်ကွင်းထဲမှ ကြီးသောလက်စွပ်ကိုလှမ်းယူလိုက်သည်။

'ဟာ… တော်တော်လှတာပဲဟ'

ဟုတ်ပါသည်။ လက်စွပ်ကလေးသည် အနီးကပ်ကြည့်မှ ကိုယ်ထင်ထားတာထက် ပို၍လှပနေကြောင်းကို တွေ့ရသည်။

'ရှင်ဘာတွေကြည့်နေတာလဲ'

မေဟသ်ာ လူဇော့်အနားရောက်လာတာပါ။ လူဇော်က…

'အင်း… လက်စွပ်ကို ယူကြည့်နေတာပါ'

ထိုသို့ပြောလိုက်ခြင်းကြောင့် မေဟသ်ာ၏ အကြည့်က မှန်ပုံးထဲတွင် ကျန်နေသောလက်စွပ်တစ်ကွင်းထံသို့ ရောက်သွားပြီး ထိုလက်စွပ်ကို လူဇော့်နည်းတူ ယူကြည့်၍…

'အရမ်းလှတယ်နော်'

'အေးကွ၊ ရှင်းရှင်းလေးနဲ့ ကြည့်ကောင်းတာ'

ထိုသို့ပြောပြီး လူဇော် လက်စွပ်ကို ဝတ်ကြည့်ချင်စိတ်ပေါက်လာပြီး ဘယ်ဘက်လက်သူကြွယ်၌ စွပ်လိုက်မိ၏။

ငှင်းအချိန်တွင် မေဟသ်ာကလည်း သူမလက်ထဲမှ လက်စွပ်ကလေးအား ဝတ်ကြည့်ချင်စိတ်ပေါက်လာသဖြင့် ဘယ်ဘက်လက်သူကြွယ်မှာပင် ဝတ်လိုက်မိ၏။

နှစ်ယောက်သား လက်စွပ်ဝတ်လိုက်မိသည့်အချိန်မှာ ပြိုင်တူပင်ဖြစ်သွားပြီး နှုတ်မှ အသီးသီးရေရွတ်သံကလည်း ပြိုင်တူပင်ထွက်ပေါ်လာသည်။

'ဟာ… ငါ့လက်နဲ့ကွက်တိပဲ'

'ဟယ်… လက်နဲ့အတော်ပဲတော့'

ထို့ကြောင့် တစ်ယောက်ကိုတစ်ယောက် ကြောင်အမ်းအမ်းဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်မိကြသည်။ ပြီးနောက် လက်များအသီးသီးတွင် လက်စွပ်ဝတ်လိုက်မိခြင်းကို တွေ့လိုက်ရသောအခါ ပြိုင်တူလိုလိုပင် ရယ်လိုက်မိကြ၏။

'ဟင်း... ဟင်း'

'ခစ်... ခစ်'

ထိုစဉ် ဦးသီလက အပြင်သို့ ပြန်၍ထွက်လာပြီး...

'မေဟာသာ သမီး'

'ရှင်... ဦး'

'အေးလာ၊ ဒီမှာ ဒင်္ဂါးနဲ့ပတ်သက်တဲ့အကြောင်းကို ပြောပြမယ်'

'ဟုတ်... ဦး'

မေဟာသာ အမြန်သွားပြီး ဦးသီလရှေ့တွင် ဝင်ထိုင်လိုက်သည်။ လူဇော်ကလည်း ထိုနည်းတူပင်။ ထို့နောက် ဦးသီလက ဒင်္ဂါးအကြောင်းကို ရှင်းပြသောအခါ လူဇော်နှင့်မေဟာသာတို့မှာ မိမိလက်အသီးသီးတွင် ဝတ်ဆင်၍ ထားသော လက်စွပ်ကိုခဏတာမေ့လျော့သွားကြလေ့သည်။

ဦးသီလက မှတ်စုများရေးမှတ်ထားသော စာအုပ်ထူကြီးတစ်အုပ်ကို လှန်၍ သူ၏လေသံအောအောကြီးဖြင့်...

'အင်း... ဒင်္ဂါးပြားရဲ့ သမိုင်းကို ပြောရမယ်ဆိုရင် သက္ကရာဇ်ခုနစ်ရာလောက်က ရိုင်းမြစ်ဝှမ်းမှာနေတဲ့ ဖရန့်လူမျိုးတွေက အင်အားကြီးမားလာပြီး ဂေါလ်နယ်ကို ဝင်ရောက်သိမ်းပိုက်လို့ ဖရန့်နိုင်ငံလို့ အမည်ပေးပြီး အခြေချ နေထိုင်ခဲ့ကြတယ်၊ ဖရန့်နိုင်ငံဆိုတာတော့ မင်းတို့အခုသိတဲ့အတိုင်း ပြင်သစ်ကိုပြောတာပေါ့၊ ဖရန့်လူမျိုးတွေကို ဦးဆောင်တဲ့ ဘုရင်နာမည်က ကလိုဗစ်တဲ့၊ အဲဒီဘုရင် ကလိုဗစ်ဆီမှာက ဒင်္ဂါးပြားအဆောင်လေးတစ်ခု ရှိတယ်၊ ဒီအဆောင်လေးကို ဘယ်ကရတာလဲဆိုတဲ့ သမိုင်းအထောက်အထား တော့မရှိဘူး၊ ဘုရင်ကလိုဗစ်က ဒီအဆောင်လေးကို အရမ်းမြတ်နိုးတယ်၊ သူတိုက်ပွဲတွေကို အောင်မြင်ခဲ့တာကလည်း ဒီအဆောင်လေးကြောင့်လို့ ယုံကြည်တယ်'



www.burmeseclassic.com

www.burmeseclassic.com



အခါ နောက်မှ လိုက်လာသော လှဇော်နှင့် ကိုက်အနည်းငယ်ကွာသွားပြီး…

'အမယ်လေး'

'အား… နာတယ်ဟ'

လှဇော်ရော မေဟာသီပါ လက်စွပ်ဝတ်ထားသော လက်သူကြွယ်များဆီမှ ပြင်းပြင်းထန်ထန် နာကျင်သွားခြင်းကြောင့် ထိုသို့အသံထွက်သွားတာပါ။

နှစ်ယောက်စလုံး တအားအားအော်၍ လက်ကိုဖိနှိပ်ကာ ငုတ်တုတ်ထိုင်နေကြ၏။ ထို့ကြောင့် ဦးသီလကလည်း ကြောင်အမ်းအမ်းဖြစ်သွားပြီး…

'ဟာ… မင်းတို့ဘာဖြစ်နေကြတာလဲ'

'လက်… လက်နာလို့'

'ဟုတ်တယ်၊ ရုတ်တရက်ကြီး အရမ်းနာလာတာ'

ထို့ကြောင့် ဦးသီလကလည်း နဝေတိမ်တောင်ဖြင့်…

'မင်းတို့တွေ ငါ့အနားလာကြစမ်း၊ ကြည့်ကြည့်စမ်းမယ်'

ထိုသို့ပြောလိုက်ခြင်းကြောင့် လှဇော်နှင့် မေဟာသီတို့နှစ်ယောက်သား ဦးသီလထံသို့ လက်ကိုနှိပ်ကာလျှောက်လာကြသည်။

နှစ်ယောက်သား နီးကပ်သွားချိန်တွင် လက်မှနာကျင်ခြင်းက ရုတ်တရက်ကြီး ပြန်သက်သာသွားလေ၏။

'ဟာ… မနာတော့ဘူးဟ'

'ဟောတော် မနာတော့ဘူး'

ဦးသီလက မျက်မှောင်ကြုတ်၍…

'ဘယ်လို မနာတော့ပြန်ဘူး ဟုတ်လား'

'ဟုတ်တယ် ဦး'

ထို့နောက် လှဇော်တို့နှစ်ယောက် မိမိတို့လက်မှ လက်စွပ်ကို



www.burmeseclassic.com

www.burmeseclassic.com



ပြန်၍ မချွတ်ရသေးကြောင်း သတိထားမိသွားပြီ။ ၎င်းလက်စွပ်တွေကို ပြန်၍ ချွတ်ကြသည်။

သို့သော် လက်စွပ်က လက်မှာကော်နှင့်ကပ်ထားသကဲ့သို့ စွဲမြဲစွာ ကပ်နေပြီ။ ပြန်၍ချွတ်လို့မရတော့ခြင်းကို အံ့ဩစွာ တွေ့ရသည်။

'ဟယ်… ချွတ်လို့လည်း မရဘူး'

'အာ… ကျပ်နေတယ်ဟ'

ဦးသီလလည်း ထိုအခါမှ သတိထားမိသွားပြီး…

'နေပါဦး၊ မင်းတို့က ဘယ်အချိန်တုန်းက ဒီလက်စွပ်ကို ဝတ်လိုက်ကြတာတုန်း'

'ခုနက ဦးအထဲဝင်သွားတုန်း ဝတ်ကြည့်မိကြတာ၊ ခု ပြန်ချွတ်တာ မရဘူးဖြစ်နေတယ်'

လူဇော်စကားကို ဦးသီလ နားထောင်ပြီး တစ်စုံတစ်ခုကို လေးလေးနက်နက် စဉ်းစားနေသည့် ဟန်ဖြင့် ငြိမ်သက်သွား၏။

လူဇော်နှင့် မေဟာသီကတော့ လက်စွပ်ချွတ်၍ ကောင်းဆဲ…

ခဏကြာမှ ဦးသီလ တစ်စုံတစ်ခုကို သွား၍ စဉ်းစားမိဟန်ဖြင့်…

'ဒါနဲ့ မောင်လူဇော်မွေးတဲ့ မွေးသက္ကရာဇ်အတိအကျကို ပြောစမ်းကွာ'

ထိုသို့ပြောလိုက်ခြင်းကြောင့် လူဇော် နဝေတိမ်တောင်ဖြင့်…

'အင်း… ကျွန်တော်က ၁၉၈၃၊ ဖေဖော်ဝါရီ၊ ၁၅ ရက်နေ့မှာ မွေးတာပါ ဦး၊ ဘာဖြစ်လို့လဲဟင်'

ဦးသီလက ပြန်၍အဖြေမပေးသေးဘဲ နေဦးဆိုသော သဘောဖြင့် လက်ကာပြ၍ မေဟာသီအား…

'ဒါနဲ့ သမီးကရော ဘယ်နေ့မွေးတာလဲကွဲ့'

မေဟာသီက လူဇော်အား နဝေတိမ်တောင်ရုပ်ဖြင့် ကြည့်ပြီး ဦးသီလအား…



www.burmeseclassic.com

www.burmeseclassic.com



'သမီးလည်း သူနဲ့တစ်နေ့တည်းမွေးတာပဲဦး'

ထိုသို့ဖြေလိုက်ခြင်းကြောင့် လှဇော် လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး…

'ဟော့…, ဟော့… မင်းနော် ချော်လဲရောထိုင်လာမလုပ်နဲ့'

'အို… ဘာလို့လုပ်ရမှာလဲ၊ ရှင်နဲ့ကျွန်မက မွေးတဲ့ရက်ရော လရော နှစ်ရော အားလုံးတူနေတာရှင့်'

'ဟင့်အင်း… မယုံဘူး မှတ်ပုံတင်ပြ'

မေဟသာ မျက်စောင်းကြီးကြီးလှမ်းထိုးပြီး…

'ရှင် ဘာစကားပြောတာလဲ'

ထိုသို့ရန်ဖြစ်ရန် တာစူလိုက်ခြင်းကြောင့် ဦးသီလကဝင်၍…

'ကဲ… တော်ကြစမ်း၊ ငါမေးတာ မဆုံးသေးဘူး၊ မင်းတို့နှစ်ယောက် ဒီလက်စွပ်တွေကို ဝတ်လိုက်တဲ့အချိန်မှာ တပြိုင်တည်းလိုလို ဝတ်လိုက်ကြတာလား'

လှဇော် မျက်လုံးထောင့်ကပ်၍ စဉ်းစားလိုက်ပြီး…

'အင်း… ဖြစ်နိုင်တယ် ဦး၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်ဝတ်ပြီးတော့ သူ့ကိုလှည့်ကြည့်လိုက်တဲ့အချိန်မှာ သူလည်း ဝတ်ပြီးသွားပြီ'

ဦးသီလ ဂူးခနဲနေအောင် သက်ပြင်းကိုမှုတ်ထုတ်လိုက်ပြီး…

'ဟင်း… ဖြစ်မှဖြစ်ရလေကွာ၊ ဒီလောက်တိုက်ဆိုင်နေမှတော့ မဖြစ်နိုင်ဘူးလို့ ထင်ထားတဲ့အရာက ဖြစ်လာရပြီပေါ့'

'ဘာဖြစ်လို့လဲ ဦး'

'အင်း… ဘာဖြစ်လို့လဲဆိုတာကို သိချင်ရင် မင်းတို့နှစ်ယောက် လှချင်းခွဲကြည့်လိုက်ကြလေ'

ထိုသို့ပြောလိုက်ခြင်းကြောင့် လှဇော်တို့နှစ်ယောက်လည်း တစ်ယောက်မျက်နှာ တစ်ယောက် အူတူတူဖြင့် ကြည့်ရင်း လှချင်းခွဲကြည့်၍ အနည်းငယ်ဝေးသွားသောအခါ…

'အား'



www.burmeseclassic.com

www.burmeseclassic.com



'အမယ်လေး'

လက်များက အထိမခံနိုင်အောင် ပြန်နာသွားလို့ပါ။ ဦးသီလက သက်ပြင်းချ၍...

'ကဲ... ကဲ... ပြန်ကပ်လိုက်ကြတော့'

ထိုသို့ပြောခြင်းကြောင့် ပြန်ကပ်လိုက်ရာ လက်က နာကျင်မှုက ယူပစ်လိုက်သလို ပျောက်သွားခြင်းကို အံ့အားသင့်ဖွယ် တွေ့ရ၏။

ထို့ကြောင့် လူဇော်ရော မေဟသာပါ အလန့်တကြား ဖြစ်သွားပြီး...

'အဲ... အဲဒါ ဘာဖြစ်တာလဲ ဦး'

ဦးသီလ သက်ပြင်းချ၍...

'အဲဒါ မင်းတို့လက်မှာစွပ်ထားတဲ့ လက်စွပ်ကြောင့်ပဲ'

'ဗျာ'

'ရှင်'

ထို့ကြောင့် လူဇော်နှင့် မေဟသာတို့ တုန်လှုပ်သွားကြပြီး လက်စွပ်များကို အသည်းအသန်ပြန်ချွတ်ကြ၏။ လုံးဝမရပါ။

ဦးသီလက ၎င်းတို့နှစ်ယောက်ကိုကြည့်၍ ခေါင်းခါကာ...

'မရဘူး၊ လက်စွပ်က ခုချိန်မှာ မင်းတို့ဘယ်လိုမှ ချွတ်လို့ရတော့မှာမဟုတ်ဘူး'

'ဟင်... ဘာဖြစ်လို့လဲ ဦး'

ထိုအခါ ဦးသီလက လေးလံသော လေသံဖြင့်...

'မင်းတို့ ပဋိက္ကယားကုလားမင်းသားနဲ့ သမီးတော်ရွှေအိမ်စည်တို့ရဲ့ ဇာတ်လမ်းကို ကြားဖူးတယ် မဟုတ်လား'

'ဟုတ်ကဲ့၊ ကြားဖူးတယ်လေ'

'အေး... အဲဒီပဋိက္ကယားမင်းသားက ဝိဇ္ဇာအတတ်ကို တတ်တယ် ကွ၊ သူက ရွှေအိမ်စည်နဲ့ ရည်ငံမိတော့ သူတို့နှစ်ယောက် ခွဲမခွာတမ်း



www.burmeseclassic.com

www.burmeseclassic.com



နေရအောင်ဆိုပြီး သူ့အတတ်ပညာနဲ့လက်စွပ်နှစ်ကွင်းကို ဖန်တီးခဲ့တယ်၊ သဘောကတော့ သူနဲ့ရွှေအိမ်စည် တစ်ယောက်တစ်ကွင်းဝတ်ပြီး မခွဲမခွာ နေကြမယ်ပေါ့ကွာ၊ ဒီလက်စွပ်ဝတ်ပြီးသွားရင် နှစ်ယောက်သားက ခပ်ဝေးဝေးကို ခွဲလို့မရတော့ဘူး၊ ခွဲလိုက်တာနဲ့တပြိုင်နက်တည်း နှစ်ယောက်စလုံး နာကျင်မှုကို ခံစားရလိမ့်မယ်တဲ့၊ ဒါပေမဲ့ ဒီလက်စွပ်ကို တခြားလူဝတ်ရင် ဘာအကျိုးသက်ရောက်မှုမှရှိမှာမဟုတ်ဘူး၊ ပဋိက္ကယားနဲ့ ရွှေအိမ်စည်က တစ်နေ့တည်းမွေးတဲ့သူနှစ်ယောက်ဖြစ်တဲ့အတွက် သူတို့လို တစ်ရက်တည်း မွေးတဲ့လူမှ အကျိုးအာနိသင်ရှိမှာ၊ ဒါပေမဲ့လည်း ဒီလက်စွပ်ကို စီရင်ခဲ့ပေမယ့် သူတို့နှစ်ယောက်က အကြောင်းအမျိုးမျိုးကြောင့် မဝတ်ဖြစ်ခဲ့ကြဘူး၊ ဦးလည်း ဒီလက်စွပ်တွေကို အမှတ်မထင် ရခဲ့တာကွ၊ ဒီဇာတ်ကြောင်းတွေကို သိခဲ့ပေမယ့် အယုံအကြည်တော့ မရှိခဲ့ပါဘူး၊ အဲအခုမင်းတို့နဲ့ တွေ့မှပဲ ယုံသွားတော့တယ်'

ထိုသို့ပြောလိုက်ခြင်းကြောင့် လူဇော်ရော မေဟာသီပါ ခေါင်းကြီး သွားကြသည်။

'ဟင်… ဒါ… ဒါဆိုရင် ကျွန်တော်တို့ဝတ်လိုက်မိတာက ပဋိက္ကယားရဲ့ လက်စွပ်တွေလား ဦး'

'အေးလေ၊ အစစ်ပေါ့ကွာ၊ မင်းတို့က မွေးနေ့၊ မွေးရက်ချင်း တိုက်တိုက်ဆိုင်ဆိုင် လာတူနေတော့ ခုကျကုန်တာပေါ့'

'ဟာ… ဒါ… ဒါဆိုရင် ဒီလက်စွပ်ကို ဘယ်လိုနည်းနဲ့မှ ချွတ်ရင် ပြန်ကျွတ်မှာလဲ'

'ခုတော့ ဘယ်လိုနည်းနဲ့မှ ရမှာမဟုတ်ဘူး၊ အဲ သူ့အချိန်တန်ရင်တော့ အလိုလိုကျွတ်သွားလိမ့်မယ်'

'သူ့အချိန်က ဘယ်တော့တန်မှာလဲဟင်'

'အင်း… စာပေတွေထဲမှာ ရေးထားတာကတော့ မင်းတို့မွေးနေ့ ပြန်ဆုံတဲ့နေ့ကျရင် ကျွတ်မှာတဲ့ကွ'



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား ပက်လက်လန်သွားကြသည်။ ကိုယ်တွေရဲ့ မွေးနေ့က အရင်လကမှ ပြီးသွားတာ။ မွေးနေ့ ပြန်ရောက်ဖို့က လပေါင်းများစွာ ကြာဦးမှာ။ ဒီကြားထဲကာလမှာ ဒီဇတိမနဲ့ နေ့နေ့ညည မခွဲဘဲ ဘယ်လိုနေရမှာလဲ။

ထို့ကြောင့် နှစ်ယောက်သား နောက်ဖေးသို့ပြေးသွားပြီး ဆပ်ပြာသုံး၍ လက်စွပ်ကိုချွတ်ကြည့်ကြသေး၏။ လုံးဝ လုံးဝမရပါ။ လက်နာတာပဲ အဖတ်တင်သည်။

ထို့ကြောင့် တစ်ယောက်မျက်နှာ တစ်ယောက် ကယောင်ချောက်ချားကြည့်ကာ ပြင်းပြင်းထန်ထန်ကို စိတ်ညစ်နေမိကြတော့သည်။

နှစ်ယောက်သား ခြေလှမ်းဝါးလှမ်းလောက် ကွာလျှင်· လက်က အဟုတ်ကို မခံမရပ်နိုင်အောင်ကို နာပါသည်။

တောက်··· ပဋိက္ခယားဆိုတဲ့ကောင် လက်သရမ်းပြီး လုပ်ထားတဲ့အရာက ကိုယ်တွေနဲ့ကြမှ လာပြီးကွက်တိဒုက္ခရောက်နေပြီ။ ဘာလုပ်လို့ ဘာကိုင်ရမှန်းကို မသိတော့။

သွေးမတော် သားမစပ် ယောကျ်ားပျိုလေးနဲ့ မိန်းမပျိုလေးနှ စ်ယောက် ဒီလိုအချိန်အကြာကြီး လက်တစ်ကမ်းမှာနေဖို့ဆိုတာ ရှော့ရှိသည်လေ။ ဒါပေမဲ့ လက်ရှိအခြေအနေက ဘာဆိုဘာမှမတတ်နိုင်တော့။ ကိုယ်တွေနှစ်ယောက်က ဆတ်ဆော့ပြီး လက်စွပ်ကို သွားဝတ်မိခဲ့တာကိုး။

ထို့ကြောင့် လုပ်သလိုမဖြစ်လာသောအခါ ဖြစ်သလိုလုပ်ရန် နှစ်ယောက်သား တိုင်ပင်ကြရတော့သည်။

×××××××××××××××

×××××××××××××××

ဒီလိုနဲ့ပဲ ဇာတ်လမ်းတစ်ပုဒ်ဖြစ်ခဲ့ရပါတော့သည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

'ဒီမှာ ကိုအတ္တ'

'ဘာလဲ မအတ္တ'

'ကျွန်မ နာမည် မေဟာသီ'

'ငါ့နာမည်ကလည်း လူဇော်လေ'

'ဟွန်း'

'ဟင်း'

တိုက်ခန်းလေးတစ်ခန်း၏ တံခါးတွင် ရောက်နေကြခြင်းဖြစ်သည်။

မေဟာသီက တံခါးကိုဖွင့်ရင်း...

'ကျွန်မက ဒီမှာတစ်ယောက်တည်းနေတာ၊ ရှင် ဘာမှမဟုတ်တာ လုပ်ဖို့ မစဉ်းစားနဲ့'

လူဇော် မျက်လုံးပြူးသွားမိသည်။

'ဟာ... မင်းက တကယ်တစ်ယောက်တည်းနေတာလား'

'မဟုတ်ဘဲနဲ့ ပြောစရာလားရှင့်'

'အာ... ပြဿနာပါပဲကွာ၊ ဘယ်လိုလုပ်ပြီး သင့်တော်ပါ့မလဲကွာ ဒီလိုလုပ် မင်းနဲ့အတူတူလိုက်နေဖို့ တစ်ယောက်ယောက်ကို ခေါ်မခေါ်လိုက်ဘူး ပါလား'



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်သည်လေ။ ကိုယ်နဲ့သူနဲ့ နှစ်ယောက်တည်းနေရင် ဘယ်သင့်လျော်ပါ့မလဲ။ ပြီးတော့ ပတ်ဝန်းကျင်က ရှိသေးသည်။ ကိုယ်ကယောက်ျားလေးဆိုတော့ အကြောင်းမဟုတ် သူက မိန်းကလေးဆိုတော့ နေရင်းထိုင်ရင်း သိက္ခာကျပေမည်။

မေဟာသ်က နှုတ်ခမ်းကိုကိုက်၍…

'ကျွန်မနဲ့အတူနေဖို့ ဘယ်သူမှမရှိဘူး၊ အဖေမရှိကတည်းက ဒီလိုပဲ တစ်ယောက်တည်းနေခဲ့ရတာ'

လူဇော်ရင်ထဲတွင် တစ်မျိုးဖြစ်သွားသည်။

'ဟိုကွာ၊ ရတီ့ကို အကူအညီတောင်းပြီး လာနေခိုင်းရင်ရော'

'သူ့အိမ်က ဒီလိုရက်ရှည်လများကြီး လာနေခွင့်ပြုမယ်လို့ ရှင်ထင်လို့လား'

လုံးဝကို မထင်ပါ။ ညအိပ်ညနေမပြောနဲ့ ရတီအပြင်သို့ထွက်လည်တာ အနည်းငယ်အချိန်ကြာလျှင်တောင် သူ့အိမ်က ကြိုက်တာမဟုတ်။ ဒါကို ကိုယ်အသိဆုံး။ ထို့ကြောင့် လူဇော်ပါးစပ်ပိတ်ပြီး အိမ်ထဲသို့ လှမ်းဝင်လိုက်သည်။

တိုက်ခန်း၏ အပြင်အဆင်က မိန်းကလေးတစ်ယောက်နေခြင်းဖြစ်သောကြောင့် သပ်ရပ်သန့်ရှင်းနေပါသည်။

ကိုယ့်အိမ်ကိုယ့်ယာရောက်ပြီမို့ မေဟာသ်လည်း စိတ်ပေါ့သလိုဖြစ်သွားပြီး လက်ရှိအခြေအနေကို ခဏမေ့သွားကာ အဝတ်အစားလဲရန် အိပ်ခန်းထဲသို့ ဝင်သွားပြီး အခန်းတံခါးပိတ်လိုက်၏။ ထို့ကြောင့် လူဇော် အပြင်ဘက်တွင် ကျန်ခဲ့၏။ သိပ်မကြာခင် အချိန်မှာပင်…

'အား'

'အောင်မလေး'

လူဇော် လက်ကိုကိုင်ကာ ပြေး၍ အခန်းတံခါးအား တဒုန်းဒုန်း ခြေးထုသည်။ မေဟာသ်လည်း မျက်နှာကို ရှုံ့မဲ့ရင်း တံခါးချက်ချင်းဖွင့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရသည်။ နှစ်ယောက်သား နီးသွားခြင်းကြောင့် အခြေအနေက ပြန်ကောင်းသွား၏။ လူဇော်က…

'မင်းကွာ ဘယ်လိုလုပ်လိုက်တာလဲ'

'ကျွန်မလည်း အဝတ်အစားလဲဖို့တွေးရင်း သတိလက်လွတ်ဖြစ်သွားတာ'

လူဇော် သက်ပြင်းချ၍…

'ကဲ… ကဲ… ဒီတစ်ခါတော့ သတိထားပြီး လဲပါကွာ၊ သွားသွား'

ထိုသို့ပြောလိုက်ခြင်းကြောင့် မေဟာသီ တံခါးပိတ်ပြီး လက်လှမ်းမီရာ အဝတ်တို့ကိုသာ အမြန်လဲလိုက်ရသည်။ အပြင်တံခါးဝတွင် ယောကျ်ားလေးတစ်ယောက်ရှိနေသည်ဆိုသော အသိကြောင့် နောက်ကျောကတော့ မလုံချင်။

ထို့နောက်တော့ နှစ်ယောက်သား ဧည့်ခန်းတွင် ငုတ်တုတ်သွားထိုင်ကြသည်။ လူဇော်က…

'ကဲ… ဒါနဲ့ ငါ ဒီည ဘယ်လိုအိပ်ရမှာလဲ'

'ရှင်က အိပ်ရင် ကင်းမြီးကောက်ထောင်ပြီး အိပ်တတ်လို့လား'

'ဟ… အဲဒီလိုအိပ်ရအောင် ငါက တစ်တီတူးမဟုတ်ဘူးကွ လူ… လူ'

မေဟာသီ နှုတ်ခမ်းကိုမဲ့၍…

'အဲဒါဆိုလည်း ဘာလို့အပိုစကားတွေ လာပြောနေရတာလဲ၊ ရှင်ဘာသာရှင် ပုံမှန်အတိုင်းအိပ်ပေါ့'

'ဒီမှာ အမိ မင်းကိုငါက တည့်တည့်အိပ်ရမှာလား၊ ဘေးစောင်းအိပ်ရမှာလားဆိုပြီး မေးနေတာ မဟုတ်ဘူး၊ ငါဘယ်နားမှာအိပ်ရမှာလဲဆိုတာကို မေးနေတာ ဟင်း'

'ဒါများ၊ ရှင် ကျွန်မအခန်းဝမှာ ဖျာခင်းပြီးအိပ်ပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'အောင်မာ၊ မင်းကျတော့ အခန်းထဲမှာ ခုတင်နဲ့မွေ့ယာနဲ့အိပ်ပြီး ငါကျတော့ အခန်းဝမှာ ဖျာခင်းပြီးအိပ်ရမယ် ဟုတ်လား၊ တော်တော်တရား တယ်'

'ဒါက ကျွန်မအိမ်လေ'

'ဒါဆို မင်း ငါ့အိမ်ကိုလိုက်နေ'

'ဘာဖြစ်လို့ လိုက်နေရမှာလဲ'

'လိုက်မနေနိုင်ဘူးဆိုရင်လည်း မင်းခုတင်နဲ့မွေ့ယာကို ငါ့ကိုပေး၊ ခင်းဘာသာမင်း အခန်းထဲမှာ ဖျာနဲ့အိပ် ဒါပဲ'

'ရမလားရှင့်'

'ရအောင်လုပ်၊ ငါကဖျာနဲ့လုံးဝမအိပ်နိုင်ဘူး'

ထိုသို့အပြတ်ပြောလိုက်ခြင်းကြောင့် လှဇော်အား မျက်စောင်းတထိုး ဆိုးဖြင့် မွေ့ယာအဟောင်းလေးတစ်ခုကို ထုတ်ပေးသည်။

ညအိပ်ခါနီး သူမအခန်းထဲ မဝင်ခင်မှာ ခြိမ်းခြောက်စကား ပြော သေး၏။

'ရှင် ရုတ်ရုတ်တော့ လုပ်မယ်မကြံနဲ့နော်၊ ကျွန်မက ခါးပတ်နက် ရထားတာ ဟွန်း'

'ဘာလဲ ခိုးထားတာလား'

'ရှင် ဘာပြောတာလဲ၊ ကျွန်မက ကရာတေးခါးပတ်နက်ရထား တယ်လို့ပြောတာ'

'ဪ'

လှဇော် ပခုံးတစ်ချက်သာ တွန့်ပြလိုက်တော့သည်။

ထိုညအဖို့ ပြဿနာသည် နည်းနည်းနှင့်ကျဲကျဲဖြင့်သာ ပြီးဆုံးသွား သော်လည်း နောက်နေ့မနက်မိုးလင်းသွားသောအခါ ပြဿနာက ဝုန်းဒိုင်းကျဲ ထလေသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



'မေဟာသီ... မေဟာသီ... ဒုန်း... ဒုန်း'

'မေဟာသီ... မေဟာသီ... ဒုန်း... ဒုန်း'

လူဇော် မေဟာသီရဲ့အခန်းတံခါးကို အသားကုန်ထုပြီး အော်ခေါ်နေတာပါ။ မေဟာသီ အိပ်မှုံစုံဖွားရုပ်ဖြင့် တံခါးဖွင့်လိုက်ပြီး ဒေါသသံဖြင့်...

'ရှင်... ဘာလို့ ဒီလောက်တောင် အော်ခေါ်နေရတာလဲ'

လူဇော် မျက်နှာရှုံ့တွတွဖြင့်...

'အိမ်သာတက်ချင်လို့ကွ'

မေဟာသီ မျက်နှာနီခနဲဖြစ်သွား၏။

'ရှင်... ရှင်... ဘာစကားပြောတာလဲ'

'အာ... အရေးထဲ နားပင်းနေပြန်ပြီ၊ အိမ်သာတက်ချင်လို့ဟ ကဲ ကြားပြီလား'

မေဟာသီ သွားကြားထဲမှ ထွက်လာသောလေသံဖြင့်...

'ရှင်ဘာသာရှင် အိမ်သာတက်ချင်နေတာကို ကျွန်မက ဘာလုပ် ပေးရမှာလဲ'

'လိုက်ခဲ့ရမှာလေကွာ၊ ကျွတ်... မင်းကလည်း'

ထိုအခါမှ မေဟာသီ လက်စွပ်ဝတ်မိထားသော အဖြစ်ကို သတိရ သွားပြီး တောက်တစ်ချက်ကို ခပ်ပြင်းပြင်းခေါက်၍...

'တောက်... မိုးလင်းခါနီးမှ အိပ်ပျော်ပါတယ်ဆို၊ တော်တော် အနှောင့်အယှက်ပေးတဲ့လူ၊ ကဲ... လာ... လာ၊ ဟင်း'

ထို့နောက်တော့ လူဇော် လိမ်ကျစ်လိမ်ကျစ်ဖြင့် အိမ်သာရှိရာသို့ အပြေးတပိုင်းသွားသည်။ ထို့ကြောင့် မေဟာသီလည်း ရော၍ အပြေးတပိုင်း လျှောက်ရသည်။

'ဘယ်လိုဖြစ်နေတာလဲ၊ ဖြည်းဖြည်းသွားလေ'

'မင်းကို အင်အားသုံးပြီး အော်ခေါ်လိုက်ရလို့ ထွက်လုလုဖြစ်နေ ပြီကွ'



www.burmeseclassic.com

www.burmeseclassic.com



မေဟာသ်ာ နှာခေါင်းကို ပြင်းပြင်းထန်ထန်ရှုံ့လိုက်မိသည်။

ထို့နောက်တော့ လူဇော်က အိမ်သာထဲတွင် စိမ်ပြေနပြေ ကိစ္စရှင်းနေပြီး မေဟာသ်ာကတော့ အိမ်သာအပြင်ဘက်တွင် စိတ်ပျက်လက်ပျက်ဖြင့် စောင့်နေရသည်။

မေဟာသ်ာ စိတ်ကြည်လင်ခြင်းမရှိပါ။ မနက်မိုးလင်းခါနီးမှ အိပ်ပျော်သဖြင့် ယခုလို အနိုးခံလိုက်ရသောအခါ ခေါင်းပါမကြည်လင်ပါ။

ခဏကြာတော့ စိတ်ရောခေါင်းရော နောက်စရာအဖြစ်အပျက်ကပါ ရောက်လာ၏။

ဝမ်းဗိုက်အတွင်း၌ လှုပ်ခနဲဖြစ်သွားသလိုရှိ၏။ ဒါက အစာအောင်းက ခန္ဓာကိုယ်ကို စွန့်ခွာချင်သည့် ရှေ့ပြေးနိမိတ်။ ပြီးတော့ မသိမသာ လာသည်။ ခပ်စိပ်စိပ်နှာလာပြီး လုံးဝကိုနာသွား၏။

မေဟာသ်ာ အိမ်သာလုံးဝကို တက်ချင်သွားပါပြီ။ ထို့ကြောင့် လူဇော်ဝင်ရောက်နေသော အိမ်သာအခန်းတံခါးကို ဒုန်းခနဲ နေအောင်ပင် ခေါက်လိုက်၏။

'ဟိုလူ မြန်မြန်ထွက်'

အိမ်သာထဲ၌ ရှိနေသော လူဇော် နဝေတိမ်တောင်ဖြစ်သွားပြီး…

'အေး… ထွက်နေပါတယ်ဟ၊ ကောင်းမှကောင်းပဲ ဟီး'

'ကျွတ်… ရှင့်ကို အဲဒါပြောနေတာမဟုတ်ဘူး၊ အိမ်သာထဲကနေ မြန်မြန်ထွက်ဖို့ ပြောနေတာ ဟွန်း'

'ဩော်… ဘာဖြစ်လို့လဲကွ၊ ဒီမှာ မပြီးသေးဘူး'

'ပြီးပြီး မပြီးပြီး မြန်မြန်ထွက်တော့၊ ကျွန်မလည်း ဗိုက်နာနေ

'ဟုတ်လား၊ အင်း… မင်းနဲ့ငါနဲ့က တစ်ရက်တည်းမွေးတာဆိုတော့ တစ်ချိန်တည်းများ ဗိုက်ပါနာလာတာလား မသိဘူးနော်'

'ကျွတ်… အရေးထဲ လျှာကရှည်နေပြန်ပြီ၊ ရှင် အခုထွက်မှာလား မထွက်ဘူးလား'



www.burmeseclassic.com

www.burmeseclassic.com



'ငါမှ မပြီးသေးတာကွ'

'မသိဘူး၊ ခုထွက်ဆိုထွက်၊ အား… ကျွတ်'

'မထွက်ရင် မင်းကဘာလုပ်မှာလဲ'

'ရဲစခန်းကို သွားတိုင်မယ် ဟွန်း'

'အား'

လူဇော် ရယ်ချင်မိသွားသည်။ အိမ်သာထဲက မထွက်တာနဲ့ဘဲ ရဲစခန်းကိုသွားတိုင်မယ်တဲ့ တော်တော်ဟုတ်တဲ့ဟာလေး။

နောက်တော့လည်း သနားသွားပြီး ကိုယ့်ကိစ္စကို မြန်မြန်ဖြတ်ကာ ထွက်ပေးလိုက်သည်။

'ကဲ… ဝင်… ဝင်'

မေဟသီ အိမ်သာထဲသို့ ကသောကမျောဝင်သွားသည်။ မဝင်ခင် လူဇော်အား မျက်စောင်းထိုးဖြစ်အောင် ထိုးခဲ့သေး၏။

ထို့နောက်တော့ လူဇော်အလှည့် အိမ်သာစောင့်ပြန်လုပ်ရတော့ သည်။ နောက်တော့ ရေချိုးပြန်လျှင်လည်း တစ်ယောက်တစ်လှည့်စောင့်၊ နောက်ဖေးမီးဖိုချောင်ဝင်လျှင်လည်း အတူတူ၊ အိမ်ရှေ့ထွက်လည်းအတူ၊ ညားခါစလင်မယားတောင် သူတို့လောက် နီးနီးကပ်ကပ် ပူးတွဲစွာနေရ မဟုတ်။

ထို့ကြောင့် နှစ်ယောက်စလုံး အနေကြပ်သည်။ အစားကြပ်သည်။ စိတ်ပျက်သည်။ ညေ့ခန်းထဲ၌ နှစ်ယောက်သား ငုတ်တုတ်ထိုင်ရင်း မေဟသီ က စိတ်ရှုပ်နေသောလေသံဖြင့်…

'အခု ရှင်နဲ့ ကျွန်မနဲ့ ဘယ်လိုဆက်လုပ်ကြမှာလဲ'

'မင်းက ဘာလုပ်ချင်လို့လဲ'

'ဘာမှကိုမလုပ်ချင်တော့ဘူး၊ တော်တော်စိတ်ညစ်နေပြီ'

'ငါကရော ပျော်နေတယ်လို့ မင်းထင်လို့လား'

မေဟသီ မျက်စောင်းထိုးသည်။ လူဇော်ပြန်မထိုး။ မေဟသီ အား…



www.burmeseclassic.com

www.burmeseclassic.com



'ဒီမှာ မင်းတစ်ယောက်တည်း စိတ်ညစ်နေတယ်လို့ မထင်နဲ့ကွ၊ ငါလည်း တော်တော်ကို စိတ်ပျက်နေပြီ ဟွန်း'

'ကျွန်မကို ဟိုဒင်္ဂါးပြားကို ရှာရမယ့်ကိစ္စကလည်း ရှိသေးတယ်ရှင့်'

'ဒါဆိုရင်လည်း ရှာပေါ့ကွ'

'ရှင်ကနောက်ကနေ အရိပ်လိုပါနေတော့ စိတ်ရှုပ်တယ်ရှင့်'

'ဟ… ငါကလည်း လိုက်ချင်လို့ လိုက်နေတာမှ မဟုတ်တာကွ'

'ကျွတ်… ဘယ်ဘဝက ရေစက်မှန်းကို မသိဘူး'

'ကျွတ်… ဘယ်ဘဝက ဘုံဘိုင်မှန်းကို မသိဘူး'

'ဟွန်း'

'ဟင်း'

နှစ်ယောက်သား ခဏမျှ ငြိမ်သွားကြသည်။ ပြီးမှ မေဟာသီက ဆုံးဖြတ်ချက်ချလိုက်သောလေသံဖြင့်…

'ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မက ဒီဒင်္ဂါးပြားကို ရှာကိုရှာရမှာပဲ၊ ဒီတော့ ရှင်ပါ ကျွန်မနောက်ကနေ လိုက်ဖို့ပြင်ထား'

ထိုသို့ပြောလိုက်ခြင်းကြောင့် လူဇော်စဉ်းစားကြည့်သည်။ ဒီအတိုင်း တောက်တဲ့ကြီးတစ်ကောင်လိုနေမယ့်အစား လှုပ်လှုပ်ရှားရှား အပျင်းလည်း ပြေမည် သွေးလည်ပတ်မှုအရလည်းကောင်းမည်။ ထို့ကြောင့် ခေါင်းညိတ်၍…

'ရတယ်လေ၊ မင်းသဘောပဲ'

မေဟာသီ လူဇော်ကို ဖြတ်ခနဲတစ်ချက်လှမ်းကြည့်သည်။ ကိုယ်တစ်ယောက်တည်း ဒီကောက်ရိုးပုံထဲ အပ်ကိုရှာရတာနဲ့စာရင် ခုလို ယောကျ်ားသားအဖော်ရှိနေတော့ ပိုကောင်းသည်ပေါ့။ ထို့ကြောင့်မသိမသာ ပြုံး၍…

'ကောင်းပြီလေ၊ ဒါဆိုရင် ကျွန်မတို့ ဘယ်ကနေပြီးတော့ စရှာကြမလဲ'



www.burmeseclassic.com

www.burmeseclassic.com



'အင်း… မင်းပြောပုံအရဆိုရင် ထောင်ကျနေတဲ့သူခိုးဆီက အရင် စရမယ်နဲ့တူတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ပစ္စည်းက သူ့လက်ထဲမှာ အစ ပျောက်သွားတာကိုး'

'အင်း… ဟုတ်တယ်နော်၊ ဒါပေမဲ့ ကျွန်မတို့ ဒီသူခိုးကို ဘယ်လို သွားတွေ့ကြမလဲ'

'အဲဒီအတွက်ပြဿနာတော့ မရှိပါဘူး၊ အကျဉ်းဦးစီးဌာနမှာ ငါ့သူ ငယ်ချင်း ဝန်ထမ်းတစ်ယောက်ရှိတယ်၊ သူ့ဆီသွားပြီးတော့ စုံစမ်းကြည့်ကြ တာပေါ့'

ထို့နောက်တော့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ဒင်္ဂါး ပြား၏ ခြေရာနောက်သို့ လိုက်ရန်တာစူလိုက်ကြတော့သည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

အကျဉ်းဦးစီးဌာနမှ ဇော်မျိုးဆိုသော လူဇော်သူငယ်ချင်း ကူညီပြီး စုံစမ်းပေးချက်အရ မေဟာသ်တို့ အိမ်ကိုဝင်ရောက်ဖောက်ထွင်းသွားသော သူခိုးဖြစ်သူ သာဂိက လွန်ခဲ့သောခြောက်လလောက်ကပင်ထောင်မှ ပြန်လွတ်သွားပြီဟု ကြားသိရသည်။

ထို့ကြောင့် သူခိုးသာဂိလိပ်စာကို တောင်းရာ ရန်ကုန်မြို့၊ ဆင်ခြေဖုံးရပ်ကွက်လေးတစ်ခု၌ နေထိုင်ကြောင်း သိရသဖြင့် ၄င်းရပ်ကွက်လေးအတွင်းသို့ နှစ်ယောက်သားလိုက်ခဲ့ကြသည်။

ဆင်ခြေဖုံးရပ်ကွက်ဟု ခေါ်ဆိုသဖြင့် ၄င်းရပ်ကွက်ကလေးသည် ဝုဏ်အင်္ဂါနှင့်ညီမျှကာ ရက်ရက်စက်စက်ကို ဆင်ခြေဖုံးဖြစ်နေပါသည်။

လမ်းသည် မြေနီနှင့်ရွှံ့ကို ရောသမမွှေထားသော လမ်းဖြစ်ပြီး လမ်းပေါ်ရှိချိုင့်ခွက်များက ကျောက်ပေါက်မာ ရက်ရက်စက်စက်ရှိသော လူတစ်ယောက်၏ မျက်နှာကဲ့သို့ ဖြစ်နေပါသည်။ ၄င်းချိုင့်ခွက်များအတွင်းသို့ မိုးတွင်းလက်ကျန်ရေများက နေရာယူထားသည်။ လမ်းမကျယ်ကြီးမှာ တစ်လမ်းတည်းရှိပြီး ၄င်းလမ်းမမှာ ဖြာထွက်သွားသော လမ်းသွယ်လမ်းသိန်တို့က ရှုပ်ယှက်ခတ်နေသည်။

အိမ်များကလည်း ကိုယ်လှည့်ချင်သည့်ဘက်ကို လှည့်ထား၍

www.burmeseclassic.com



အိမ်ပုံစံမှာ ဤအရာသည် အိမ်ဖြစ်ပါသည်ဟု စာတန်းထိုးထားရမလိုဖြစ်နေသော အိမ်များဖြစ်သည်။

မြောင်းထဲတွင် ရေကူးနေကြသော ကလေးတချို့က လူဇော်တို့နှစ်ယောက်ကို ခေါင်းထောင်၍ကြည့်သည်။ ဒါကို လမ်းပေါ်ရှိ ရေအိုင်များကို သိုင်းကွက်နင်းပြီး ရှောင်နေသော မေဟသီကတော့ မမြင်ပါ။

လူဇော်က လမ်းအလည်၌ တွေ့သော ပုဆိုးတိုတိုဝတ်ထားသည့်လူအား သာဂိဆိုသော ပုဂ္ဂိုလ်၏ နေအိမ်အား မေးကြည့်ရန် စကားစလိုက်သည်။

'ဒီမှာ ကျွန်တော်တို့ မေးစရာလေးတစ်ခု ရှိလို့ပါ'

ထိုအခါ ထိုလူက ရပ်တန့်၍ ဘုဆတ်ဆတ်လေသံဖြင့်...

'ဘာလဲ၊ ဘာမေးမလို့လဲ'

'ဟိုဗျာ၊ ဒီမှာ ကိုသာဂိဆိုတဲ့လူရဲ့အိမ်ကို သိလားမသိဘူး'

'အဟက်... ငါတို့ရပ်ကွက်ထဲမှာ ကိုတတ်ပြီးခေါ်ရလောက်တဲ့လူတစ်ယောက်မှ မနေဘူးကွ'

ထိုသို့ပြောလိုက်ခြင်းကြောင့် လူဇော် နဝေတိမ်တောင်ဖြင့်...

'ဒါဆို ခင်ဗျားတို့ရပ်ကွက်ထဲက လူတွေအကုန်လုံးကို ကိုမတပ်ဘဲ မတပ်ပြီး ခေါ်ကြလို့လား'

'ဘာကွ၊ ဟော့ကောင်... မင်း ဘာပြောတာလဲ'

ထိုလူက ပြောပြောဆိုဆို လူဇော့်အင်္ကျီရင်ဘတ်ကို ဆွဲကိုင်လိုက်ပြီး...

'ဟော့ကောင်... ဒီရပ်ကွက်ထဲက လူမိုက်သံလုံးဆိုတာ ငါပဲကွ၊ မင်း နည်းနည်းမှ မကြားဖူးဘူးလား'

ပြဿနာက မဆီမဆိုင်နဲ့ကို ရောက်လာတာပါ။ ဒေးမှ မေဟသီမျက်လုံးဝိုင်းသွားသည်။ လူဇော်ကတော့ မျက်နှာတစ်ချက်မှ မပျက်ဘဲလေသံငြိမ်ငြိမ်ဖြင့် လက်သုံးချောင်းထောင်ကာ...



www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျားကို အချက်သုံးချက်ပြောပြမယ်၊ နံပါတ်တစ်အချက် ခင်ဗျား နာမည် လူမိုက်သံလုံးပဲဖြစ်ဖြစ်၊ သံပြားပဲဖြစ်ဖြစ် ကျုပ်လုံးဝ ဂရုမစိုက်ဘူး၊ နံပါတ်နှစ်အချက် ကျုပ်အင်္ကျီကို အမြန်ဆုံးပြန်လွှတ်လိုက်ပါ၊ နံပါတ်သုံးအချက် အကယ်၍ ပြန်မလွှတ်ဘူးဆိုရင် ခင်ဗျားဘဝ ခင်ဗျား တွေးလိုက်တော့'

ထိုသို့ပြောလိုက်ရာ သံလုံးဆိုသည့်လူက တဟားဟားထရယ်၍…

'ဟား… ဟား… မင်းက ငါ့ကိုခြိမ်းခြောက်နေတာလား'

'ဟင့်အင်း… သတိပေးနေတာ'

'မင်းသတိပေးတာကို ငါ စိတ်မဝင်စားဘူးဆိုရင်ကော'

လူဇော် ပါးစပ်ဖြင့်မပြောပါ။ မိမိ ရင်ဘတ်ရှိ အင်္ကျီကိုဆုပ်ကိုင်ထားသော သံလုံး၏ လက်ကိုသာ ဆတ်ခနဲဖမ်းဆွဲ၍ လိမ်ချိုးလိုက်ပြီး ရင်ဝအား ဒူးဖြင့်တိုက်ချလိုက်၏။

သံလုံးပါးစပ်မှ လေတွေတပြုံကြီးထွက်လာပြီး လမ်းပေါ်သို့ခွေခနဲကျသွားသည်။

ထိုအခါရပ်ကွက်အတွင်းမှ အခြေအနေကြည့်နေကြသော လူတချို့သူဇော့်အား ဝိုင်းရိုက်ရန်အတွက် တုတ်ဆွဲ အုတ်ခဲကိုင်ကာ ဝိုင်းလာကြသည်။

အခြေအနေက လုံးဝမကောင်းတော့ပါ။ မေဟာသ်ာဒူးများပင် အဆတ်ဆတ်တုန်လာ၏။ သို့သော် လူဇော်ကတော့ ရုပ်တည်ကြီးဖြင့် ဆိုဝိုင်း၍လာသော လူများအား…

'ဘာလဲ၊ ခင်ဗျားတို့က နိုင်ငံတော်ကကျွေးတဲ့ ထမင်းကို စားချင်ကြပြီနဲ့တူတယ်၊ ဟုတ်လား'

ထိုသို့ပြောလိုက်ခြင်းကြောင့် ထိုဝိုင်းလာကြသူများ တန့်ခနဲဖြစ်သွားကြ၏။ လူဇော်ပြောသည့်သဘောက မိမိကိုဝိုင်းရိုက်လျှင် မိမိခံရပေမည်။ ထိုသို့ခံရပါက ရဲကိုသွားတိုင်မည်။ ရဲကိုသွားတိုင်လျှင် ဒီငတိတွေအဖမ်းခံရ



www.burmeseclassic.com

www.burmeseclassic.com



မည်။ အဖမ်းခံရပါက နိုင်ငံတော်က ကျွေးသောထမင်းကို စားရမည်။ ဒီသဘောကိုပြောတာပါ။

သို့သော် ထိုလူများက ထိုသို့သဘောမပေါက်ဘဲ အယူအဆကွဲသွား၏။ အချင်းချင်း တီးတိုးလေသံဖြင့်…

'ဟော့ကောင်တွေ ဒီကောင်က ရဲလားမသိဘူးကွနော်'

'အေးကွ၊ ဖြစ်နိုင်တယ်၊ ဒါကြောင့် ဒီလောက်မှင်သေနေတာနေမှာ'

'ဒါဆိုရင် သွားမထိနဲ့တော့ကွ'

'အေးပါ၊ ရဲကိုထိရင် ရှော့တွေဖြစ်ကုန်မှာပေါ့'

ထိုသို့အချင်းချင်းပြောပြီး ငြိမ်နေကြသည့် အချိန်တွင် လူဇော်က လေသံမာမာဖြင့်…

'အခု ကျုပ် သာဂိဆိုတဲ့လူရဲ့ အိမ်ကိုသိချင်တယ်၊ အဲဒါ ဘယ်သူသိလဲ'

ထိုသို့မေးလိုက်သော်လည်း တစ်ယောက်မှ ပြန်၍မဖြေပါ။ ပြူးကြောင်ကြောင် မျက်လုံးများဖြင့်သာ ဝိုင်းကြည့်နေကြ၏။ ထို့ကြောင့် လူဇော်က လေသံကို ပို၍မာလိုက်ပြီး…

'သာဂိအိမ်ကို ဘယ်သူသိသလဲလို့ ကျုပ်မေးနေတယ်လေ၊ အကုန်လုံး နားပင်းသွားကြပြီလား'

ဟုထပ်မေးလိုက်ခြင်းကြောင့် အကုန်လုံးလန့်သွားကြပြီး ထိုလူထဲမှ တစ်ယောက်က…

'ကျွန်… ကျွန်တော် သိပါတယ်၊ ဟိုတလောကမှ ခိုးမှုနဲ့ ထောင်က ထွက်လာတဲ့ သာဂိပြောတာ မဟုတ်လား'

'အေး… အမှန်ပဲ'

'ဒါ… ဒါဆို ကျွန်တော့်နောက်ကို လိုက်ခဲ့ပါ၊ လမ်းပြပေးမယ်'

ထိုသို့ပြောလိုက်ခြင်းကြောင့် လူဇော်လည်း မောင်းသံလက်ထိုး



www.burmeseclassic.com

www.burmeseclassic.com



ကာ ခပ်တည်တည်ဖြင့် ထိုလူနောက်ကို လိုက်ခဲ့လေသည်။ ကျန်သည့် လူများကတော့ အလျှိုလျှို လူစုခွဲ၍ လစ်သွားကြ၏။

လမ်းတွင် လူဖော်တို့အား ခေါ်လာသော ငတိက မရဲတရဲလေသံဖြင့်...

'ဟိုလေ... ဆရာက ရဲ... ရဲလားဟင်'

ဟု မေးလိုက်ရာ လူဖော်က ရုပ်တည်ကြီးဖြင့်...

'မင်းက ဘာကိစ္စ သိချင်ရတာလဲ'

'အဟင်း... ဘာမှမဟုတ်ပါဘူး ဆရာရဲ၊ ဒီလိုပဲ မေးကြည့်မိတာပါ၊ ဟိုလေ ကျွန်တော့်နာမည်က မျိုးသန့်ပါ၊ ဥပဒေကို အရမ်းကို ရိုသေလိုက်နာတတ်တဲ့လူကောင်းလေးပါ ဆရာ အဟင်း'

'ဩော်... ဒါနဲ့ ငါ ခုနက မင်းလက်ထဲမှာ တုတ်တစ်ချောင်း တွေ့လိုက်သလိုပဲ'

'ဗျာ... အဲ... အဲဒါက ဟိုလေ သူများတွေကိုင်ထားတာမြင်တော့ ကျွန်တော်လည်း အားကျပြီး လိုက်ကိုင်ကြည့်မိတာပါ ဆရာရဲ၊ တစ်မျိုးမမြင်ပါနဲ့'

လူဖော် ခေါင်းညိတ်၍...

'ထားပါတော့၊ ဒါနဲ့ သာဂိက ထောင်ကထွက်လာပြီးတဲ့နောက်ပိုင်း ဘာတွေလုပ်နေသလဲကွ'

'အင်း... စက်ဘီးပြင်တယ်ဆိုလား၊ ဘာလားလုပ်နေတယ်လို့ ကြားတာပါပဲ၊ ကျွန်တော် တွေ့ရသလောက်ကတော့ အမြဲတမ်းမူးနေတာပါပဲ ဆရာရယ်'

သာဂိဆိုသောလူ၏ နေအိမ်သို့ ရောက်လာခဲ့ပါသည်။ အိမ်ကတော့ ခြေတံမြင့်လမြင့် အိမ်မျိုးပါ။ ၎င်းအိမ်ထဲတွင် သာဂိဆိုသော ပုဂ္ဂိုလ် မှောက်ရက်အိပ်နေကြောင်းကို တွေ့ရသည်။ ထို့ကြောင့် မျိုးသန့်ဆိုသော ငတိက အိမ်ပေါ်သို့ အမြန်ပြေးတက်သွားပြီး သာဂိအားနှိုး၍ တိုးတိုး တိုးတိုးဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ဘာတွေမှန်းမသိသွားပြောသည်။ ခဏကြာသောအခါ သာဂိ တပျာကယာ ပုံစံဖြင့် လူဇော်တို့နားရောက်လာပြီး…

'ကြွပါ ဆရာ၊ အိမ်ပေါ်ကို ကြွပါ'

လုပ်ပြန်ပြီ ဆရာတဲ့။ ကိုယ် နစ်နာခြင်းမဟုတ်သဖြင့် လူဇော် ဘာမှပြန်လှန်မပြောတော့ဘဲ မေဟာသီနှင့်အတူ အိမ်ပေါ်သို့ တက်လိုက်လေသည်။ သာဂိက…

'ဘာကိစ္စရှိလို့လဲ ဆရာ'

'အင်း… ကိစ္စကတော့ လွန်ခဲ့တဲ့ သုံးနှစ်လောက်က ခင်ဗျား အိမ်တစ်အိမ်ကို ဖောက်ထွင်းခဲ့တာ ဟုတ်တယ်နော်'

ထိုသို့ပြောလိုက်ရာ သာဂိ မျက်စိပျက် မျက်နှာပျက်ဖြင့်…

'ဟုတ်… ဟုတ်ပါတယ် ဆရာ၊ အဲဒါက မိန်းမ မကောင်းတာပါ၊ ရွှေဆွဲကြိုးဝတ်ချင်တယ်ဆိုလို့ တကျည်ကျည်ပူဆာတာနဲ့ ကျွန်တော်လည်း မနေနိုင် မထိုင်နိုင်ဖြစ်ပြီး ဒီခိုးမှုကို ကျူးလွန်ခဲ့ရတာပါ၊ ခုလည်း ကျွန်တော့်အပစ်ကို ကျွန်တော် ချွေးနဲ့ရင်းပြီး ပေးဆပ်ပြီးသွားပါပြီ'

ဟု ပြောရင်း ဆိုရင်းမှ သာဂိ အရှိန်ရလာပြီး ငိုသံကြီးဖြင့်…

'ဒါပေမဲ့ ဆရာရယ်၊ ကျွန်တော် သူ့ကြောင့် ထောင်ကျထဲ့အချိန်မှာ သူက နောက်ယောကျ်ားတစ်ယောက်နဲ့ ပါသွားပြီ၊ ဒါကြောင့် ခု ကျွန်တော် တစ်နေ့ကုန် အရက်နဲ့ အဖော်ပြုနေရတာပါ ဟင့်'

လူဇော် ခေါင်းကုတ်၍…

'ကဲ… ဟုတ်ပါပြီ၊ ခု ကျုပ် ပြောချင်တာက ခင်ဗျား အဲဒီအချိန်တုန်းက ခိုးသွားတဲ့ ပစ္စည်းတွေထဲမှာ ပစ္စည်းလေးတစ်ခုပါသွားတယ်ဗျ၊ ဒါပေမဲ့ ခင်ဗျားကို ပြန်ဖမ်းမိတဲ့အချိန်မှာ တခြားပစ္စည်းတွေတော့ ပြန်ရပေမယ့် ဒီပစ္စည်းကတော့ ပြန်မရဘူး၊ အဲဒါကြောင့် အဲဒီပစ္စည်း ဘယ်ရောက်သွားသလဲဆိုတာကို ခင်ဗျားဆီမှာ လာပြန်စုံစမ်းတာ'



www.burmeseclassic.com

www.burmeseclassic.com



သာဂိ မျက်လုံး ပေကလပ် ပေကလပ်ဖြင့်…

'ဘာပစ္စည်းများလဲ ဆရာ'

လူဇော်က မေဟာသာ်ဆီမှ ဓာတ်ပုံကိုယူ၍…

'ဒီပုံက ဒင်္ဂါးပြားပဲဗျ'

သာဂိ မျက်မှောင်ကြုတ်၍ကြည့်ပြီး…

'အင်း… ကျွန်တော် မြင်တော့ မြင်ဖူးတယ်၊ ဒါပေမဲ့ မမှတ်မိတော့ဘူး'

'သေချာစဉ်းစားပါဦးဗျ'

'ကျွန်တော် ဦးနှောက် ဒီလောက်မကောင်းဘူး ဆရာရဲ့'

'မဟုတ်သေးဘူးလေဗျာ၊ ဒီငွေဒင်္ဂါးပြားဆိုတာ တခြားရွှေထည်တွေ ဘာတွေလို ပေါင်လို့ ရောင်းလို့ရတဲ့ ပစ္စည်းမှမဟုတ်တာ၊ ခင်ဗျားလက်ထဲမှာတုန်းက ဘာမှအသုံးဝင်ခဲ့မှာမဟုတ်ဘူး၊ ဒါပေမဲ့ ပျောက်သွားတာ ခင်ဗျားလက်ထဲမှာပဲဖြစ်နေတယ်၊ စဉ်းစားကြည့်ပါဦး'

ထိုသို့ပြောလိုက်ခြင်းကြောင့် သာဂိ ထပ်မံ၍ စဉ်းစားသည်။ သို့သော် အဖြေတော့မရ။

'ကျွန်တော် ဉာဏ်မပွင့်သေးဘူးဖြစ်နေတယ် ဆရာရဲ့'

'ပွင့်အောင်လုပ်၊ စဉ်းစားဗျာ'

'အဲဒါက … ဆေးလိုတယ်ဆရာရဲ့'

'ဆေး… ဟုတ်လား၊ ဘာဆေးလဲ'

'အဟင်း… ပြောရမှာတော့ အားနာပါတယ် ဆရာရယ်၊ ဟိုလေ ပိုင်း… တစ်ပိုင်းလောက်ဆိုရင် အလုပ်ဖြစ်သွားနိုင်တယ်'

လက်စသပ်တော့ ဝေါက်ကယမကာတစ်ပိုင်းလိုနေတာကိုး။ လူဇော် ခေါင်းညိတ်၍…

'အေးပေါ့လေ၊ ဉာဏ်ပွင့်မယ်ဆိုတော့လည်း လုပ်ပေးရတော့မှာ ကဲ ခင်ဗျား တစ်ပိုင်းက ဘယ်လောက်လဲ'



www.burmeseclassic.com

www.burmeseclassic.com



'အဟီး… အား… အားနာလိုက်တာ ဆရာရယ်၊ သုံး… သုံးရာ ထဲပါ'

လူဇော်၊ မေဟသီဘက် လှည့်၍…

'ကဲ… မေဟသီရေ သုံးရာတဲ့'

မေဟသီ သဘောပေါက်စွာဖြင့် ငါးရာတန်တစ်ရွက်ထုတ်၍ ပေးသည်။ လူဇော်ယူ၍ မျိုးသန့်ဆိုသော ငတီအား ပေးလိုက်ပြီး…

'ရော့… ဟော့ကောင် သွားဝယ်ပေးလိုက်စမ်းကွာ'

မျိုးသန့် မျက်လုံးများ အရောင်တောက်သွားပြီး…

'ငါးရာဆိုတော့ တစ်လုံးရတယ် ဆရာ'

'အေးကွာ၊ လုပ်ခဲ့… လုပ်ခဲ့… ဟင်း'

လူဇော် သက်ပြင်းချမိသည်။ မျိုးသန့်ကတော့ ဖင်ပေါ့ပေါ့ဖြင့် သုတ်ခနဲ ထထွက်သွားသည်။ ထို့နောက်တော့ ဘာစကားမှ ဆက်မပြော ဖြစ်ကြဘဲ သာဂိက အရက်သွားဝယ်သော မျိုးသန့်ကို တမျှော်မျှော်လုပ်

လူဇော်တို့ကလည်း ဒီလိုအချိန်မှာ ဘာမှမေးလို့မရမဲ့အတူ ကျေးဇူးရှင်ကို ဉာဏ်ပွင့်ဆေး ယူဆောင်လာပေးမည့် မျိုးသန့်ကို သာဂိလို မျှော်ပါသည်။

သိပ်မကြာခင်မှာပင် မျိုးသန့် ပုလင်းတစ်လုံးဆွဲ၍ ရောက်လာ သည်။ သာဂိ၏ မျက်လုံးအရောင်တောက်သွားပြီး လူဇော်တို့အား…

'ခဏလေးနော် ဆရာတို့၊ ကျွန်တော် ဆယ့်ငါးမိနစ်တောင် မကြာစေရဘူး'

ထိုသို့ပြောပြီး နှစ်ယောက်သား နောက်ဖေးဘက်သို့ ခပ်သုတ်သုတ် ဝင်သွားကြ၏။ ထိုမြင်ကွင်းကိုကြည့်ပြီး မေဟသီ သက်ပြင်းချ၍ လူ အား…

'ဟူး… တော်သေးတာပေါ့၊ ရှင်ပါနေလို့၊ ကျွန်မ တစ်ယောက် တည်းဆို ဒီလူတွေနဲ့ တွေးတောင်မတွေးရဲဘူး၊ ဟင်း…'



www.burmeseclassic.com

www.burmeseclassic.com



လူဇော် ပြုံးသည်။ မေဟာသ်ာက ဆက်၍...

'ဒါနဲ့ ခုနတုန်းက ဟိုလူတွေ ရှင့်ကိုဝိုင်းရိုက်ခါနီးတုန်းက ရှင် ကြောက်ဘူးလားဟင်'

'မကြောက်ဘဲ နေမလားကွ၊ ဒီလောက်လူအများကြီးဟာကို၊ ကြောက်တာပေါ့'

'ဟင်... ဒါနဲ့တောင် ရှင့်ပုံစံက ကြောက်တဲ့ရုပ် တစ်စက်မှ ထွက်ဘူး'

လူဇော် ပြုံး၍...

'ဂျာမန်စကားပုံတစ်ခုရှိတယ်ကွ၊ ကိုယ်ကြောက်နေတာကို ရန်သူ ဘက်က ဘယ်တော့မှ မရိပ်မိစေနဲ့တဲ့၊ ဒါကြောင့် ငါလည်း အဲဒီစကားပုံ အတိုင်း နေလိုက်တာပါ'

မေဟာသ်ာ သဘောကျမိသွားသည်။

'ဟင်း... ဟင်း... ရှင်ဟာလေ တကယ်ပဲ၊ ဩော်... နေဦး ရှင့်ကို သူတို့ ရဲ့လို့ထင်သွားတယ်နဲ့တူတယ်နော်'

'ဟုတ်လိမ့်မယ်၊ ဒါကြောင့် ဆရာ... ဆရာ ဖြစ်နေတာ ဟင်း... ဟင်း'

'ခစ်... ခစ်... ရှင်က တကယ့်ကို မလိမ့်တပတ်လုပ်တတ်တာပဲ'

'ဟင်း... ဟင်း... ငါမလိမ့်ဘဲနဲ့ သူတို့ဘာသာသူတို့ တစ်ပတ် လည်သွားတာပါ'

ထိုသို့စကားပြောနေကြသည့်အချိန်တွင် ထိုင်တီနှစ်ကောင် နောက် ဖေးမှထွက်၍လာ၏။ ပုံစံတွေကြည့်ရတာ ရေချိန်တွေ မှန်လာပုံရသည်။

ထို့ကြောင့် မူးလာသော အရက်သမားတို့၏ ထုံးစံအတိုင်း ပြောရဲ ဆိုရဲ ဖြစ်လာကာ...

'ဟင်း... ဟင်း... စောင့်နေရတာ ကြာသွားပြီနဲ့တူတယ်၊ ဆောရီးနော် ဆရာ'



www.burmeseclassic.com

www.burmeseclassic.com



'ရပါတယ်၊ ဒါနဲ့ ခင်ဗျား ဉာဏ်ပွင့်သွားပြီလား'

'အဟား… ပွင့်သွားပြီ ဆရာ၊ ပွင့်သွားပြီ'

'ဒင်္ဂါးပြား ဘယ်ရောက်သွားလဲဆိုတာကို မှတ်မိပြီပေါ့'

'ဟင့်အင်း'

'အာ… ခင်ဗျားက ဘာလဲဗျ'

'ဒီလိုပါ ကျွန်တော် မှတ်မိသွားပြီဆိုတာ ကျွန်တော့်မိန်းမအကြောင်းကိုပါ၊ ဒီကောင်မ ကောင်းကိုမကောင်းဘူးဆရာ၊ သူ့ကြောင့် ကျွန်တော် ထောင်ကျရသေးတယ်၊ ကျွန်တော်လည်း မရှိရော သူက နောက်ယောကျ်ား နဲ့ လိုက်ပြေးသွားတယ်၊ ဒါကောင်းသလား ဆရာ၊ အဟင့်'

'အေးပေါ့ဗျာ၊ ကောင်းတော့မကောင်းဘူးပေါ့၊ ဒါပေမဲ့ ဒင်္ဂါး ပြား ဘယ်ရောက်သွားလဲဆိုတာကို ခင်ဗျား စဉ်းစားပါဦး'

'စဉ်းစားပါတယ် ဆရာ၊ စဉ်းစားပါတယ်၊ ကျွန်တော် စဉ်းစား မိလို့လည်း ခုဘယ်မိန်းမနဲ့မှ ထပ်မပတ်သက်တော့တာပါ၊ ဒါတောင် အေး အိမ်က မုဆိုးမဒေါ်အေးက ပြီတီတီလာလုပ်နေသေးတယ် ဆရာ၊ ဟင်း… ဟင်း… ကျွန်တော်ကလည်း သူ့လောက်တော့ သနားတာပေါ့၊ မိန်းမတွေ နဲ့ ထပ်ပြီးမပတ်သက်တော့ဘူးလို့ ဆုံးဖြတ်ချက်ချထားတဲ့ကောင်ပဲဟာ လုံးဝကို လှည့်မကြည့်ဘူး၊ ကျွန်တော့်ဘဝမှာ ချစ်ရမဲ့အရာက တစ်ခုတည်း ရှိတော့တယ်၊ အဲဒါက အရက်ပဲ ဆရာ၊ အရက်ပဲ၊ ဒီအရက်ကိုပဲ ရှေ့ဆက် သစ္စာရှိရှိနဲ့ ပေါင်းဖော်တော့မယ်၊ ပြီးတော့ မရိုးမသား အလုပ်ကို မလုပ် တော့ဘူး၊ ရိုးသားသမာဓိကျတဲ့ စက်ဘီးပြင်တဲ့အလုပ်ကိုပဲ လုပ်တယ် ဒါပေမဲ့ ဆရာရယ် ရပ်ကွက်ထဲမှာက စုစုပေါင်းမှ စက်ဘီးက နှစ်စီးပဲရှိ တယ်ဆိုတော့ ဒီနှစ်စီး ဘယ်တော့ပျက်မလဲ ပျက်မလဲနဲ့ ထိုင်စောင့်နေရတာ တော့ ရှိတာပေါ့၊ စောင့်ရလွန်းတော့လည်း စိတ်မရှည်ဖြစ်လာပြီး မနေ့သောတာ ဝက်သားရောင်းတဲ့ တင့်လွင်ရဲ့စက်ဘီးကို ကျွန်တော် သံချွန်နဲ့ သွားဖောက်ခဲ့ သေးတယ်၊ မယုံရင် ကြည့်နေ၊ ဒီကောင် ဒီနေ့ဘီးဖာဖို့ ရောက်လာလိမ့်မယ် ဟင်း… ဟင်း'



www.burmeseclassic.com

www.burmeseclassic.com



လူဇော် စိတ်မရှည်ဖြစ်လာပြီ။ ဒီငမူးက မူးကြောင်ရူးကြောင်နှင့် စကားကြောရှည်နေတာကိုး။

'ဒီမှာ ဟေ့လူ ခင်ဗျားအပိုတွေ လျှောက်ပြောမနေနဲ့၊ ကျုပ်သိချင်တာက ဒီဒင်္ဂါးပြား ဘယ်ရောက်သွားသလဲဆိုတာကို သိချင်တာ'

ထိုသို့ လေသံမာမာပြောလိုက်မှ သာဂိ မျက်လုံးပေကလပ် ပေကလပ်ဖြစ်သွားပြီး…

'အဲ… အဲဒါတော့ ကျွန်တော် မမှတ်မိတော့ဘူး ဆရာ'

'မမှတ်မိလည်း မှတ်မိအောင် စဉ်းစား၊ ဒါပဲ'

ဟုတ်တယ်။ ကိုယ်တွေက ဒီအထိအောင် အပင်ပန်းခံ ပိုက်ဆံအကုန်ခံပြီး လာရတာ ဘာမှမသိဘဲနဲ့ ပြန်ရမယ်ဆိုတော့ ဘယ်တန်ပါ့မလဲ။

သာဂိက နဝေတိမ်တောင်ရုပ်ဖြင့်…

'ကျွန်တော် တကယ်မမှတ်မိတော့လို့ပါ ဆရာရယ်'

လူဇော် မျက်မှောင်ကြုတ်၍ လေသံမာမာဖြင့်…

'ခင်ဗျားပဲ ဒီအရည်သောက်ရရင် ဉာဏ်ပွင့်သွားမယ်ဆို'

'အဲ… အဲသလိုလေး ထင်မိလို့ပါ ဆရာ'

'မထင်နဲ့၊ ဖြစ်အောင်ကြိုးစား'

'ဒါ… ဒါဆိုရင် နောက်ထပ်တစ်ပိုင်းလောက်ဆိုရင် ပို… ပိုပွင့်'

'တော်စမ်း၊ ဒီလောက်နဲ့တောင် ဒါလောက်စကားရှည်နေတာ၊ နောက်တစ်ပိုင်းဆိုရင် ငါတို့အိမ်ကိုပြန်ရတော့မှာမဟုတ်ဘူး၊ ခုလက်ရှိ အခြေအနေနဲ့ပဲ ရအောင်စဉ်းစား'

ထိုသို့ပြောလိုက်ခြင်းကြောင့် သာဂိမှာ စဉ်းစားသလိုလို ဘာလိုလိုဖြင့် ငြိမ်သွားသည်။ အတန်ကြာသောအခါမှ အဖြေပြတ်ပြတ်သားသားကို ပြန်ပေးပါသည်။

'သေချာတယ် ဆရာ၊ ကျွန်တော် လုံးဝကို မမှတ်မိဘူး'



www.burmeseclassic.com

www.burmeseclassic.com



လူဇော် ပေါက်ကွဲသွားပြီ။ သာဂိ ငယ်ထိပ်အား ထထုပစ်ချင်စိတ်ကို မနည်းပင် ထိန်းထားလိုက်ရသည်။

'ခင်ဗျားဗျာ အစကပြောတော့ အရက်သောက်ပြီးရင် ဉာဏ်ပွင့်သလေး ဘာလေးနဲ့ ခုတော့ အလကားလူပဲ ဟင်း'

သာဂိ မျက်နှာငယ်ငယ်ဖြင့် ငြိမ်နေသည်။ လူဇော်တို့လည်း အောင်မြင်စွာဖြင့် တပ်ခေါက်ပြန်ဖို့ပဲ ရှိတော့၏။ စိတ်ဓာတ်ကျလိုက်သည့်ဖြစ်ခြင်း။ ထိုစဉ် ဘေး၌ထိုင်နေသော ငမူးမျိုးသန့်က ဝင်၍…

'အဲဒါက ဘာမို့လို့လဲဗျ၊ ကျွန်တော့်ကို ပုံလေးပြပါဦး'

ထိုသို့ပြောပြီး ပုံအားယူ၍ ကြည့်၏။ ပြီးနောက် မျက်မှောင်ကြုတ်၍…

'အင်း… ကျွန်တော် ဒီအပေါက်ကလေးနဲ့ ငွေဒင်္ဂါးပြားကို မြင်ဖူးသလိုလိုပဲ'

ထိုသို့ပြောလိုက်ခြင်းကြောင့် လူဇော်တို့လည်း မျိုးသန့်ကို မျှော်လင့်ချက်ဖြင့် ကြည့်လိုက်ကြပြီး…

'ခင်ဗျား မြင်ဖူးတယ်ဆိုရင်လည်း စဉ်းစားစမ်းပါဦး'

မျှော်လင့်ချက် ပြည့်သွားသည်ဟု ပြော၍ ရပါသည်။ မျိုးသန့်က ဝမ်းသာအားရလေသံဖြင့်…

'အဟား… ကျွန်တော် မှတ်မိပြီ၊ မှတ်မိပြီ'

ဟု သာဂိဘက်လှည့်၍…

'သာဂိ ဒါ မင်းထောင်မကျခင်တုန်းက ခင်ရွှေသားလေး ငိုလွန်းလို့ ခမဲဆွဲရအောင် ပေးလိုက်တဲ့ ငွေဒင်္ဂါးပြားလေး မဟုတ်လား'

ထိုသို့ပြောလိုက်မှ သာဂိ မျက်လုံးအစုံ ဝင်းလက်သွားပြီး…

'အဟား… မှတ်မိပြီကွ၊ ခင်ရွှေသား ဟိုသောက်ရမ်းအငိုပြီး ငိုတဲ့ကောင်လေ၊ ငါ ဒီငွေဒင်္ဂါးပြားနဲ့ ခမဲဆွဲပေးလိုက်မှ အငိုတိတ်သွားတာ



www.burmeseclassic.com

www.burmeseclassic.com



ဟင်း… ဟင်း… ငါကလည်း အဲဒီအချိန်တုန်းက ငထောဆိုတော့လည်း ပေးနိုင်တာပေါ့ကွ၊ အဟင်း… ဟင်း'

သူတို့စကားတွေနားထောင်ပြီး လူဇော်နှင့် မေဟသ်ာ တစ်ယောက် မျက်နှာ တစ်ယောက်ကြည့်ပြီး အဓိပ္ပာယ်ပါပါ ပြုံးဖြစ်ကြသည်။ လူဇော်က အချိန်မဆွဲတော့ဘဲ သာဂိအား…

'ဒါဆိုရင် ခု အဲဒီကလေးက ဘယ်မှာလဲ'

'ခင်ရွှေသားဆိုတော့ ခင်ရွှေနဲ့အတူတူ ရှိနေမှာပေါ့'

'ဟုတ်ပြီ၊ အဲဒီခင်ရွှေကရော ဘယ်မှာလဲ'

'အင်း… သူ့အိမ်မှာဖြစ်နိုင်တယ်'

'ဒါဆို သူ့အိမ်ကရောဗျာ'

'အဲဒါတော့ ကျွန်တော်တို့လည်း မသိဘူး'

လူဇော် ပက်လက်လန်သွားသည်။

'နေပါဦး၊ ခင်ဗျားတို့က သူ့အိမ်ကိုမသိရအောင် အဲဒီလူက ဘယ် ရောက်သွားလို့လဲ'

'အိမ်ပြောင်းသွားလို့ ဆရာရဲ့၊ ရွှေပေါက်ကံဘက်လို့တော့ ပြော တာပဲ၊ ကျွန်တော်တို့လည်း သေချာမသိဘူး'

လမ်းက ဒီမှာတင် ဆုံးသွားပြန်ပါပြီ။ လူဇော် စိတ်လေလေဖြင့်…

'ကဲ… ဒါဆိုလည်းဗျာ အဲဒီလူနာမည်က ဘယ်သူ'

'ခင်ရွှေပါ ဆရာ'

'သူ့သားနာမည်နဲ့ အသက်ကရော'

'ကျွန်တော်တို့က အာပြဲလို့ ခေါ်တာပဲ ဆရာ၊ နာမည်အရင်းက နေပါဦး၊ ဘာတဲ့၊ ခပ်ကြီးကြီးပါပဲ၊ ဪ… သိပြီ၊ သိပြီ၊ ကမ္ဘာခင်ရွှေ ဆိုလားပဲ၊ အသက်ကတော့ ခုချိန်လောက်ဆိုရင် ငါးနှစ်လောက် ရှိရောပေါ့'

လူဇော်တို့လည်း ရသလောက် သဲလွန်စလေးကို အသေအချာ မှတ်ထားလိုက်ပြီး…

www.burmeseclassic.com



'ကဲ... ကျုပ်တို့ ပြန်မယ်'

'ဟုတ်ကဲ့ ဆရာ၊ ဟုတ်ကဲ့'

ထိုသို့ဖြင့် အပြန်လမ်းတစ်လျှောက်တွင် လူဇော်နှင့် မေဟာသ်ာမှာ တစ်ယောက်ကိုတစ်ယောက် စကားဟဟမပြောဖြစ်ကြချေ။

စိတ်ဓာတ်ကျခြင်းကြောင့် ခေါင်းတွေလည်း ငိုက်စိုက်ကျနေကြ၏။

ထို့ပြင် အိမ်သို့ပြန်ရောက်သောအခါ ပို၍စိတ်ရှုပ်စရာ ကိစ္စက စောင့်ကြိုနေသောအခါ...

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

မေဟာသ်ာ အခန်းရှိရာသို့အသွား လှေကားအတက်မှ ချိုးကွေ့လိုက်သည့်မှာပင် ပိတ်ထားသော အခန်းတံခါးဝတွင် ငုတ်တုတ်ထိုင်၍ စောင့်နေသော ရတီကို တွေ့လိုက်ရသောအခါ နှစ်ယောက်စလုံး ရင်တုန်ပန်းတုန်ဖြစ်သွားမိကြ၏။

'ဟင်… ရတီ'

ရတီက မေဟာသ်ာနှင့်အတူ လူဇော်ကိုပါ တွေ့လိုက်ရသဖြင့် မျက်မှောင်ကြုတ်သွားပြီး…

'ဟဲ့… လူဇော် နင်က ဘယ်လိုဖြစ်ပြီး ဟာသ်ာနဲ့ အတူရှိနေရတာလဲ'

'ဟော… ငါ… ဟို'

လူဇော် အဖြေရကြပ်နေစဉ်အချိန်တွင် မေဟာသ်ာကဝင်၍…

'ဒီလိုပါ လမ်းမှာ လူဇော်နဲ့တွေ့လို့ အဲဒါ ငါက အိမ်လည်ခေါ်လာတာ၊ အဟင်း'

ထိုသို့ပြောလိုက်ခြင်းကြောင့် ရတီ ဘဝင်ကျဟန်မတူသော်လည်း အက်ခံလိုက်ဟန်ဖြစ်၌…

'နင်ကလည်းနော် တွေ့တာမှ နှစ်ရက်နဲ့ တစ်ပိုင်းရှိသေးသယ်၊ အချုပ်သုကခကောင်ကို အိမ်လည်ခေါ်စရာလား ဟွန်း'



www.burmeseclassic.com

www.burmeseclassic.com



'အဟင်း… ဒါကတော့ဟယ် သူက ငါ့ကိစ္စကို ကူညီထားတဲ့ ကျေးဇူးက ရှိတာကိုး၊ ဒါနဲ့ နင်ရောက်နေတာ ကြာပြီလား'

'အင်း… သိပ်မကြာသေးပါဘူး၊ ဟိုတစ်ရက်က နင်များ ငါ့အိမ်ကို ပြန်ဝင်လာဦးမလားဆိုပြီး စောင့်နေသေးတယ်'

'ဩော်… အေး… ငါလည်း အဲဒီနေ့က အလုပ်ကိစ္စလေးတွေ ပေါ်လာတာနဲ့ နင့်ဆီ ပြန်မဝင်ဖြစ်လိုက်ဘူး'

ထိုသို့ဖြင့် သုံးယောက်သား မေဟာသ်ာ အခန်းတွင်းသို့ ရောက်လာခဲ့ကြသည်။ မေဟာသ်ာအနေနဲ့ကလည်း မိမိနှင့်လူဇော် ဤကဲ့သို့တွဲလျက်ကြီးဖြစ်နေခြင်းကို ရတီအား အသိပေးရန် လုံးလုံးစိတ်မကူးပါ။ ပြောပြလျှင် လက်ခံယုံကြည်မှာ မဟုတ်တဲ့အပြင် ကိုယ်တွေကိုပါ တစ်မျိုးမြင်သွားနိုင်သည်။

လူဇော်ကလည်း ဒါကို သိပါသည်။ တခြားလူတွေ ဒီကိစ္စကို သိသိ မသိသိ ယုံယုံမယုံယုံ လူဇော် ဂရုမစိုက်ပါ။ ဒါပေမဲ့ ရတီက ကိုယ်ကြိုက်နေသော ကောင်မလေးဖြစ်ခြင်းကြောင့် ဂရုစိုက်ရပါမည်။

ထို့ကြောင့် နှစ်ယောက်သား မိမိတို့အဖြစ်ကို ရတီမသိအောင် နေထိုင်ရန် မျက်ရိပ်မျက်ခြည်ကိုယ်စီပြလိုက်ကြ၏။

ရတီကတော့ လူဇော် ဤကဲ့သို့ မေဟာသ်ာထံ ရောက်နေခြင်းကို လုံးလုံးသဘောမကျပါ။ မိန်းကလေးတို့၏ ထုံးစံတိုင်း ကိုယ့်ကိုကြိုက်နေသော ယောကျ်ားလေးတစ်ယောက်က ကိုယ်ကပြန်၍ကြိုက်ကြိုက် မကြိုက်ကြိုက် တခြားမိန်းကလေးတစ်ယောက်နှင့် ရောနှောနေတာမျိုးကို သဘောကျတတ်လေ့မရှိပါ။

ထို့ကြောင့် လူဇော်အား မျက်စောင်းတထိုးထိုးဖြင့် ဖြစ်နေ၏။ မေဟာသ်ာအား…

'ဟာသ်ာ… ငါ နင့်ကို စကားပြောစရာရှိတယ်'

'ဟုတ်လား၊ လာလေ၊ ညှိခန်းမှာ ထိုင်ပြောမယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဟော့အေး… ဟိုကောင် ရှိတယ်၊ နင့်အခန်းထဲမှာပဲ သွားပြောကြမယ် လာ'

ထိုသို့ပြောပြီး မေဟသာ်အား လက်ဆွဲကာ သူမအခန်းထဲသွားရန် ပြင်လိုက်ခြင်းကြောင့် မေဟသာ် လူဇော်အား ဖြတ်ခနဲလှမ်းကြည့်သည်။

လူဇော်က သဘောပေါက်ဟန်ဖြင့် မသိမသာ ခေါင်းညိတ်ပြသည်။ ပြီးနောက် မသိမသာ သူမတို့နောက်မှလိုက်သည်။ ထိုသို့ လူဇော်လိုက်လာခြင်းကို ရတီ သတိထားမိသွားပြီး…

'ဟဲ့… နင်က ဘာကိစ္စ ငါတို့နောက်ကို လိုက်လာရတာလဲ'

လူဇော် တုန့်ခနဲ ဖြစ်သွားပြီး အရူးကွက်နင်းကာ…

'ဘာလဲ၊ ဘယ်မှာလိုက်လို့လဲ၊ ငါ့ဘာသာငါ လျှောက်ကြည့်နေတဲ့ဟာ'

'ဒါဆိုလည်း ငါတို့နဲ့ ခပ်ဝေးဝေးမှာ သွားကြည့်'

ထိုသို့ပြောလိုက်ရာ မေဟသာ်ကဝင်၍…

'ကဲ… လာပါ ရတီရယ်၊ သူ့ဘာသာသူ နေတတ်သလိုနေပါစေ'

ဟု ပြောလိုက်သဖြင့် ရတီ မျက်စောင်းထိုး၍ အခန်းထဲသို့ဝင်သည်။ ထိုသို့ သူမတို့နှစ်ယောက် အခန်းတွင်းသို့ဝင်သည်နှင့် တပြိုင်နက် လူဇော်လည်း အခန်းတံခါးကို ခန္ဓာကိုယ်နှင့် ကပ်နိုင်သမျှကပ်လိုက်ရသည်။ ဒါမှလည်း အဆင်ပြေမှာကိုး။

အခန်းထဲတွင် ရတီက မေဟသာ်အား…

'ဟသာ် နင်ကလည်း ဘယ်လိုဖြစ်ပြီး လူဇော့်ကို ဒီအထိခေါ်လာရတာလဲ'

'ဩော်… လမ်းမှာ တွေ့လို့ပါဆို ရတီရယ်'

'လမ်းမှာတွေ့ရင်လည်း လမ်းမှာပဲ နှုတ်ဆက်ပြီး ထားခဲ့ပေါ့၊ ဒီလိုအိမ်ထိခေါ်လာတာ ဘယ်ကောင်းမလဲ၊ နင်ကတစ်ယောက်တည်းနေတာဆိုတော့ နင့်အတွက် ငါက စိုးရိမ်လို့ပြောနေတာနော်'



www.burmeseclassic.com

www.burmeseclassic.com



'အေးပါ၊ ငါ နားလည်ပါတယ် ရတီရယ်'

ထိုသို့ အချီအချပြောနေခြင်းကို အပြင်ဘက်တွင် လူဇော် ကြားပါသည်။ ထိုသို့ ကြားရခြင်းကြောင့် ဝမ်းသာနေသည်။ ဝမ်းသာမှာပေါ့ ရတီ က ကိုယ့်ကို သဝန်တိုနေတာကိုး။ ကိုယ်ကြိုက်နေတဲ့ မိန်းကလေးက ကိုယ့်ကို သဝန်တိုနေသည်ဆိုတော့ ပျော်သည်ပေါ့။

ထို့နောက်တော့ ရတီနှင့် မေဟာသီတို့နှစ်ယောက် မိန်းကလေးတို့ သဘာဝအတိုင်း ယောကျ်ားတွေမကောင်းကြောင်း ပြောကြသည်။ အဓိက ပြောသည့် လူက ရတီဖြစ်ပြီး သူမ အဓိကပြောသည့် မကောင်းသည့် ယောကျ်ားက လူဇော်ပင်ဖြစ်သည်။

လူဇော် ရပ်ကွက်ထဲတွင် ဘယ်လောက်ထိဆိုးကြောင်း၊ ပေကြောင်း လူတကာ၏အော်ကြောလန်ဖြစ်ကြောင်းကို ချဲ့ကား၍တဖုံ၊ သွယ်ဝိုက်၍တစ်မျိုးဖြင့် မေဟာသီအား ပြောပြနေခြင်းသာဖြစ်သည်။

ထို့ကြောင့် မေဟာသီက တအင်းအင်း တအဲအဲဖြင့် အီလည်လည် နားထောင်နေရသည်။ အပြင်၌ရှိသော လူဇော်ကလည်း အီလည်လည်ဖြစ်နေသည်။

'တောက်… ငါ့ကိုယ်ငါ ဒီလောက်ထိ ပေါက်ကရနိုင်တဲ့ကောင်မှန်း နင်ပြောမှ ရပ်လုံးပေါ်တော့တယ်ရတီရေ ဟင်း'

ရတီ လူဇော်၏အတင်းကို အုပ်၍ဝသွားသောအခါ အခန်းအပြင်သို့ ထွက်လာချိန်တွင်…

'ဟဲ့… လူဇော် နင်က ဒီမှာ ဘာလုပ်နေတာလဲ'

'အဟဲ… ဟိုဟိုဒီဒီလျှောက်ကြည့်ရင်းနဲ့ ဒီနေရာကို ပြန်ရောက်လာတာ'

အမှန်တော့ တစ်ဖဝါးမှကို မခွာရသေးတာပါ။ ရတီမျက်စောင်းထိုး၍…

'နင့်မလည်းနော်၊ ဒီနေရာကကို တဝဲဝဲတလည်လည်ဖြစ်နေတယ်၊ ဟွန်း'



www.burmeseclassic.com

www.burmeseclassic.com



'တိုက်ခန်းက ကျဉ်းတာကိုဟ'

'တော်စမ်းပါ မသိရင်ခက်မယ်'

ထို့နောက်တော့ သုံးယောက်သား ဧည့်ခန်းရှိရာသို့ ရောက်လာခဲ့ကြသည်။ ခုံအသီးသီးတွင် ဝင်ထိုင်လိုက်ချိန်တွင် ရတီက…

'ဟဲ့… ဟသ်ာ နင် ငါ့ကို ကော်ဖီတွေဘာတွေတိုက်ဖို့ အစီအစဉ် ရှိဘူးလား'

'သြော်… အေး… တိုက်မှာပေါ့ဟ'

ထိုသို့ပြောပြီး မေဟသ်ာ လူဇော်အား ဖြတ်ခနဲ လှမ်းကြည့်၍ ခေါ်တပ်ထရပ်သည်။ လူဇော်ကလည်း သဘောပေါက်စွာဖြင့် လိုက်ရပ်သည်။ ရတီက မျက်မှောင်ကြုတ်၍…

'နင်က ဘယ်ကိုလဲ'

'ဟော… ဟို… ဟို… အိမ်သာတက်ချင်လာလို့ဟ'

ထိုသို့ပြောပြီး တဆက်တည်း မေဟသ်ာအား…

'မေဟသ်ာ အိမ်သာက ဘယ်မှာလဲဟင်'

'နောက်ဖေးမှာလေ၊ လာ… လာ… ကျွန်မနဲ့ တစ်ခါတည်း လိုက်ခဲ့'

'အင်း… အင်း'

လူဇော် မေဟသ်ာနောက် လိုက်သွားသည်။ ရတီ မျက်စောင်းထိုးကာ ကျန်ခဲ့၏။

နှစ်ယောက်သား နောက်ဖေးသို့ရောက်မှ သက်ပြင်းပြိုင်တူချ၍…

'ဟူး… စိတ်ပင်ပန်းလိုက်တာရှင်'

'ဟုတ်ပကွာ၊ ဒီဟာမလေး လွယ်ကိုမလွယ်ဘူး'

'ဟုတ်တယ်၊ သူ မပြန်မချင်းကတော့ ဒုက္ခရောက်ဦးမှာပဲ'

'အေးပေါ့ကွာ၊ ကြုံလာတော့လည်း ဘယ်တတ်နိုင်ပါတော့မလဲ၊ ဒီလိုပဲ မီးစင်ကြည့်ကရတော့မှာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်တော့ နှစ်ယောက်သား စိတ်မသက်မသာဖြင့် ကော်ဖီ ဖျော်ကြသည်။

'ငါ့အတွက်ပါ တစ်ခွက်ပိုဖျော်ပါကွာ'

'အင်းပါ ဖျော်နေတယ်'

'မုန့်ပါ ယူခဲ့နော်'

မေဟသ်ာ မျက်စောင်းလှမ်းထိုးသည်။ ကော်ဖီဖျော်ပြီး၍ အိမ်ရှေ့သို့ ပြန်ထွက်လာသောအခါ ရတီက ဘဝင်မကျဟန်ဖြင့်…

'လူဇော် နင် အိမ်သာသွားတက်တာကလည်း ဟသ်ာ ကော်ဖီ ဖျော်ပြီးတဲ့အချိန်နဲ့ ကွက်တိပဲနော်'

'အဟဲ… တိုက်ဆိုင်လို့ပါဟ၊ ဘယ်လောက်ထိတိုက်ဆိုင်သလဲ ဆိုရင် ငါက ရေဆေးအပြီး မေဟသ်ာက ကော်ဖီမွှေအပြီး လုံးဝကို ကွက်တိပဲ'

ရတီ နှာခေါင်းရှုံ့သည်။ ထို့နောက်တော့ ကော်ဖီသောက်ကြသည်။ မိန်းကလေးတွေမို့ ပဲများပြီး မုန့်ကို တို့ထိရုံလောက်သာ စားပါသည်။ လူဇော်ကတော့ မိန်းကလေးမဟုတ်သဖြင့် အပီအပြင်ကို ဝါးပါသည်။

မေဟသ်ာနှင့်ရတီကတော့ သူတို့ယခင်က သိကျွမ်းဖူးသူတွေ အကြောင်းကို အတင်းထပ်အုပ်ကြသည်။ လူဇော်ကလည်း မုန့်တွေကို အတင်းအုပ်သည်။

ထို့နောက်တော့ ရတီတို့လည်း လူများအတင်းအုပ်၍အပြီး လူဇော် လည်း မုန့်တွေကိုအတင်းအုပ်၍ ပန်းကန်ပြောင်သွားချိန်တွင် ရတီ့ခေါင်းထဲ၌ ပြန်ရန်အတွက် သတိဝင်လာ၏။

'ဟသ်ာ ငါပြန်တော့မယ်၊ ရောက်တာ ကြာသွားပြီ'

'ဩော်… အေး… အေး'

ရတီ လူဇော့်အား လှမ်းကြည့်ပြီး…

'ဟဲ့… လူဇော် လာပြန်မယ်'



www.burmeseclassic.com

www.burmeseclassic.com


'ဟော့အေး ငါ မပြန်သေးဘူး၊ သွားစရာရှိသေးတယ်'

'ဒါဆိုလည်း ငါနဲ့အတူတူ အပြင်ထွက်မယ်လေ'

'ဟင့်အင်း နင်နဲ့အတူ တွဲမလျှောက်ချင်ပါဘူး'

'ဘာပြောတယ်၊ ငါက ဘာဖြစ်နေလို့လဲ'

'နင့်ကိုယ်က ငပိစော်နံနေလို့'

ရတီက ငပိရည်ကြိုက်တတ်တာသိလို့ လူဇော် ဒီလိုပြောလိုက်တာပါ။ ထိုသို့ပြောလိုက်ခြင်းကြောင့် ရတီ ဆွေ့ဆွေ့ခုန်သွားပြီး…

'လူဇော်… နင်… နဝ် ဘာစကားပြောတာလဲ၊ ငါ ရေချိုးလာတာယ်ဟဲ့'

'နင့်ဘာသာနင် ရေဘယ်လောက်ချိုးချိုး ငပိနံ့က နံတာက နံတာပါပဲ'

ရတီ တော်တော်ကြီးကို ဒေါသထွက်သွားပါသည်။

'တောက်… နင်… နင်… ငါ့ဆီက အဖြေကို ဘယ်တော့မှ မျှော်လင့်နဲ့တော့'

လူဇော် ရင်ထဲတွင် နိမ့်ခနဲဖြစ်သွားသည်။ ဒါပေမဲ့ နှုတ်မှတော့…

'အဟား… ဒါဆို ငါ ကံကောင်းသွားတာပေါ့၊ နို့မို့ဆိုရင် နင့်ခန္ဓာကိုယ်က ထွက်နေတဲ့ ဒီငပိနံ့တစ်သက်လုံးနှစ်ပါးသွားရဦးမှာ'

ရတီ တောက်တစ်ချက်ကို ပြင်းပြင်းထန်ထန် ခေါက်သည်။ ပြီးတော့ ဝုန်းဒိုင်းကြဲကာ တံခါးပေါက်ရှိရာသို့ လျှောက်သွား၏။ မေဟသ်ာလည်း ရတီနောက်မှ ကပျာကယာ ပြေးလိုက်၏။ မေဟသ်ာလိုက်ခြင်းကြောင့် လူဇော်ပါလိုက်ရပါတော့၏။

ထိုအခါ ရတီက လူဇော် သူ့နောက်သို့ လိုက်ချော့သည့်ထင်ပြီး…

'လူဇော် နင် ငါ့နောက်ကို လုံးဝမလိုက်လာနဲ့နော်'

'ဟော့အေး ငါက နင့်နောက်လိုက်တာမှ မဟုတ်တာ၊ မေဟသ်ာနောက်လိုက်တာ'


www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောလိုက်ခြင်းကြောင့် ရတီ လုံးဝပေါက်ကွဲသွားသည်။

'တောက်… နင်… နင်'

ဟသ်ာဘက်သို့လှည့်၍…

'ဟသ်ာ နင် သူ့ကို လုံးဝအယုံအကြည်မရှိနဲ့နော်၊ ဒီကောင်က ငါးစိမ်းမြင် ငါးကင်ပစ်တဲ့ကောင်စားမျိုး'

'အေးပါ၊ အေးပါ ရတီရယ်၊ စိတ်မဆိုးပါနဲ့ဟာ'

ဟသ်ာမှာလည်း ပြောရခက်ကြီးဖြစ်နေသည်။ ထို့နောက်တော့ ရတီ လူဇော်ကို မျက်ထောင့်နီကြီးဖြင့် တစ်ချက်ကြည့်ပြီး လှေကားပေါ်မှ ဆင်းသွားသည်။

ပေါက်ကွဲပြီး ထွက်သွားသော ရတီအား ကြည့်ရင်း မဟသ်ာက လူဇော်ဘက်လှည့်၍…

'ကျွန်မ တကယ်ကို စိတ်မကောင်းပါဘူး လူဇော်'

◆ ◆ ◆

နံနက်ခင်းအလင်းရောင်နေခြည်က ပြတင်းပေါက်ကိုဖြတ်သန်း၍ တိုက်ခန်းအတွင်းပိုင်းသို့ ကျူးကျော်ဝင်ရောက်နေသည်။

ငှင်းအချိန်တွင် မဟသ်ာ၏ အိပ်ခန်းတံခါးဝတွင် ကန့်လန့်ကြီး အိပ်နေသော လူဇော်တစ်ယောက် အိပ်မောကျပြီး အိပ်မက်လှလှကြီးထဲ မက်နေ၏။

အိပ်မက်လှလှကြီးဟုဆိုရခြင်းမှာ လူဇော် အိပ်မက်ထဲတွင် ရတီက အဖြေပြန်ပေးလိုက်သဖြင့် နှစ်ယောက်သား ပျော်ရွှင်မြူးတူးပြီး ဗွီဒီယိုထဲကလို ပန်းခြံထဲ ပတ်ပြေးပြီး သီချင်းတွေအော်ဆိုနေကြခြင်းကို မက်နေခြင်းကြောင့်ပင်ဖြစ်သည်။

ထိုသို့ အိမ်မက်လှလှကြီးမက်နေချိန်တွင်…



www.burmeseclassic.com

www.burmeseclassic.com



'ဒုတ်… အမေ့'

'အား'

မေဟာသ်ာ အခန်းတံခါးကို ကပျာကယာ ခြေလှမ်းလှမ်းလိုက်ချိန်တွင် ကန့်လန့်ကြီးအိပ်နေသော လူဇော်ကို တက်နင်းမိတာပါ။ နင်းမိသည့်နေရာကလည်း ချက်ကောင်းကိုဖြစ်သည်။ (မှတ်ချက်။ ရင်ဘတ်ကို ဆိုလိုပါသည်။ တခြားနေရာကို မတွေးစေလိုပါ) ထိုသို့ ချက်ကောင်းကို ရက်ရက်စက်စက်အနင်းခံလိုက်ရခြင်းကြောင့် လူဇော် မရှုနိုင် မကယ်နိုင်ဖြစ်သွားပြီး…

'မေဟာသ်ာ… မင်း… မင်း… အား'

'ဟင်… ကန်တော့နော် ကန်တော့'

လူဇော် ဘာမှကို ပြန်မပြောနိုင်သေးပါ။ ခုန်ဆွ ခုန်ဆွသာလုပ်နေ၏။

'ဟိုလေ ကျွန်မလည်း အိမ်သာတက်ချင်ဇောနဲ့ မတော်တဆဖြစ်သွားတာပါ'

'အွး… အီး… ရတယ်၊ ရတယ်၊ ဟူး…'

'ရှင်… ရှင်… သက်သာသွားပြီလားဟင်'

'အင်း'

'ဒါဆို သွားရအောင်'

'ဘယ်ကိုလဲ'

'အိမ်သာကို'

လူဇော် သက်ပြင်းချမိသည်။ ကိုယ်တွေဒုက္ခက မသေးပါလား။ အိမ်သာသွားလည်းလိုက်ရ။ ရေချိုးလည်းလိုက်ရနဲ့ ကြာလာရင်တော့ ဟင်း… ဟင်းတွေဖြစ်ကုန်တော့မှာပဲ။

ထို့နောက်တော့ အတူတွဲ၍ လုပ်စရာရှိတာများကို လုပ်ကြသည်။ (မှတ်ချက်။ အိမ်သာတက်ခြင်း၊ ရေချိုးခြင်း၊ ချက်ခြင်း၊ ပြုတ်ခြင်းတို့ကို တွဲလုပ်သည်ဟုဆိုလိုပါသည်။ တခြားမတွေးစေလိုပါ)



www.burmeseclassic.com

www.burmeseclassic.com



နံနက်စာ စားပြီးသောက်ပြီးသွားသောအခါ ဧည့်ခန်းတွင်ထိုင်၍ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ မေဟသ်ာက…

'ရှင်လည်း ဒီလိုကြီးနေနေရတာ စိတ်တော့ညစ်မှာပဲနော်'

လူဇော် ခပ်ယဲ့ယဲ့ပြုံး၍…

'ငါက ထားပါဦး၊ မင်းက မိန်းကလေးဖြစ်တော့ ပိုဆိုးမှာပေါ့'

မေဟသ်ာ ခေါင်းညိတ်၍…

'အင်း… အစကတော့ တော်တော်စိတ်ညစ်မိတာ အမှန်ပဲ၊ ဒါပေမဲ့ အခုတော့လည်း နေရထိုင်ရတာ အသားကျသွားတာရယ်၊ နောက်ပြီးတော့ ရှင်က ကျွန်မကိစ္စမှာ ထင်တာထက်ပိုပြီး ကူညီနိုင်တယ်ဆိုတာ သိလိုက်ရတော့ အင်း… ဘယ်လိုပြောရမလဲ မိတ်ဆွေကောင်းတစ်ယောက်နဲ့အတူတူနေရတယ်လို့ပဲ သဘောထားတော့တယ်'

လူဇော် ကျေနပ်စွာ ပြုံးမိသည်။

'ဒါနဲ့ မင်းအခု ဒင်္ဂါးပြားနောက်ကို ဘယ်လိုနည်းလမ်းနဲ့ ဆက်လိုက်မယ်လို့ စဉ်းစားထားလဲ'

'အင်း… ဒီကမ္ဘာခင်ရွှေဆိုတဲ့ ကလေးက ငါးနှစ်ကျော်လောက်ရှိပြီဆိုတော့ သူ့မိဘတွေက ကျောင်းတော့ထားမှာပဲ၊ ဒီတော့ ကျွန်မတို့ ရွှေပေါက်ကံဘက်က မူလတန်းကျောင်းတွေမှာ သွားစုံစမ်းရင် မကောင်းဘူးလား'

လူဇော် မေဟသ်ာ၏ အစီအစဉ်ကို သဘောကျမိသွားသည်။

'အေး… အဲဒီအစီအစဉ် မဆိုးဘူးကွ၊ ကြည့်စမ်း၊ မင်းကတော်သားပဲ၊ ဒီတော့ ငါတို့ ရွှေပေါက်ကံဘက်က မူလတန်းကျောင်းမှန်သမျှ သွားပြီးစုံစမ်းကြတာပေါ့'

ထိုသို့ပြောပြီးမှ လူဇော် တစ်စုံတစ်ခုကို သတိရသွားပြီး…

'ဩော်… ငါ အခုမှသတိရလို့ မေးရဦးမယ်၊ မင်းမှာ ကားရှိတယ် မဟုတ်လား၊ အဲဒီကားနဲ့ ငါ့ကိုတောင် ဝင်တိုက်မိမလိုဖြစ်သေးတယ်



www.burmeseclassic.com

www.burmeseclassic.com



လေ'

ထိုသို့မေးလိုက်ရာ မေဟာသ်ာ မျက်နှာတစ်မျိုးဖြစ်သွားပြီး...

'အင်း... အစကတော့ ရှိတယ်၊ အခုတော့ အသုံးလိုလို့ ပြန်ရောင်းလိုက်ပြီ'

'ဪ'

လူဇော် စိတ်မကောင်းဖြစ်မိသွားသည်။ မေဟာသ်ာကို ကြည့်ရတာ တဖြည်းဖြည်းနှင့် ငွေရေးကြေးရေး ယိုင်နဲ့လာပုံရ၏။ ထို့ကြောင့် ဆက်၍မမေးတော့ဘဲ...

'အေးကွာ၊ ဒါဆိုလည်း ဘာဖြစ်လဲ ငါတို့ လိုင်းကားနဲ့ပဲ သွားရှာကြတာပေါ့'

ဟု တက်ကြွစွာပြောလိုက်သဖြင့် မေဟာသ်ာမျက်နှာလေး ပြန်၍ သန်းသွားသည်။

'လူဇော်'

'ဘာတုန်း'

'ရှင့်ကိုလေ ကျွန်မ ကြည့်ရင်း ကြည့်ရင်းနဲ့'

'ဘာလဲ ပိုချောလာလို့လား'

'ဟင့်အင်း... ပိုခင်လာတာ'

'ဪ... ဪ'

ပြီးနောက် နှစ်ယောက်သား ဘာရယ်မဟုတ် ရယ်လိုက်မိကြသည်။

ထိုရယ်သံတို့သည် မိုးကောင်းကင်သို့ လွင့်သွားပြီး နားလည်မှုစာတ်တိုင်လေးတွေကို စိုက်ထူလိုက်တော့သည်။

• • •



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

နေ့ရက်တို့သည် အလွယ်တကူပင် ကုန်လွန်ခဲ့၏။ ထိုကုန်လွန်ခဲ့သော နေ့ရက်တို့တွင် လူဇော်နှင့် မေဟာသီတို့နှစ်ယောက် ခင်ရွှေဆိုသော လူ၏သား ကမ္ဘာခင်ရွှေဆိုသော ငတိကလေးအား ရွှေပေါက်ကံတခွင်ပြုံပြစင်၍ မူလတန်းကျောင်းပေါင်းစုံတွင် ဆရာ၊ ဆရာမပေါင်းအား တောင်းပန်ခယ အကူအညီတောင်းကာ ရှာဖွေခဲ့ပါသည်။

သို့သော်... ယနေ့အထိ ရှာမတွေ့သေးပါ။

ဒါပေမဲ့ လူဇော်တို့နှစ်ယောက် စိတ်ပျက်သွားခြင်းမရှိဘဲ ပို၍ပင် စိတ်အားတက်ကြွနေခဲ့ကြသည်။ အဘယ်ကြောင့်ဆိုသော် ဒီနေ့သွားရှာရမည့် အ.မ.က ကျောင်းသည် ရွှေပေါက်ကံမြို့နယ်အတွင်း ရှာဖွေရတော့မည့် နောက်ဆုံးကျောင်းလေးဖြစ်နေခြင်းကြောင့်ပင် ဖြစ်၏။

ကျောင်းချိန်ဖြစ်ခြင်းကြောင့် ကျောင်းခန်းထဲရှိ ကလေးငယ်များ၏ စာအံသံကို တစ်ချက်တစ်ချက် စီခနဲကြားနေရ၏။

ကျောင်းဝင်းတံခါးကတော့ ထုံးစံအတိုင်း ပိတ်ထားပါသည်။

ထို့ကြောင့် လူဇော် တံခါးသံတိုင်းကြားမှ ဟိုချောင်းဒီချောင်းလုပ်၍ တံခါးလာဖွင့်ပေးမည့်လူကို မျှော်သည်။

www.burmeseclassic.com



ထိုစဉ် မျက်နှာမည်းမည်းသဲသဲနှင့် လူတစ်ယောက် သံတိုင်တစ်ဖက်ခြမ်းမှ ဘွားခနဲပေါ်လာ၏။

'အာ… ကလူ… ကလူ'

ရုတ်တရက် မျက်နှာမည်းမည်းကြီးကို အနီးကပ်တွေ့လိုက်ရခြင်းကြောင့် လူဇော် လန့်သွားခြင်းဖြစ်သည်။ ဒါကို တဖက်မှ ငမဲလူသားက ရိပ်မိလိုက်ခြင်းကြောင့် ဘဝင်မကျဟန်တို့က မျက်နှာပေါ်တွင် ခုန်တက်လာပြီး…

'ဘာလဲ၊ မင်းတို့က ဘယ်သူတွေလဲ၊ ဘာကိစ္စလဲ'

ထိုသို့ လူကိုပြောလိုက်ခြင်းကြောင့် ဤအရာသည် လူဖြစ်မှန်းသိရှိသွားပြီး လူဇော် အကြောက်ပြေသွားသည်။

'ခင်ဗျားဗျာ အသံမပေးဘာမပေးနဲ့ ပြီးတော့ မျက်နှာကမည်းမည်းကြီး'

'ဘာကွ၊ ဟော့ကောင်၊ မင်း ဘာစကားပြောတာလဲ'

'မြန်မာလူမျိုးဖြစ်တဲ့အတွက် မြန်မာစကားပြောတာလေ'

ဦးမဲကြီးက မျက်လုံးပြူး၍ လူဇော့်ကို မကျေမချမ်းဟန်ဖြင့် ကြည့်သည်။ လူဇော်ကထပ်၍…

'နေပါဦး ခင်ဗျားက ဘာလဲ'

ထိုသို့မေးလိုက်ရာ ထိုလူရင်ကိုကော့၍…

'ငါက ဒီကျောင်းကြီးရဲ့ လုံခြုံရေးကိစ္စအဝဝကို တာဝန်ယူရတဲ့လူပဲ'

'ခင်ဗျားကလည်းဗျာ ရှည်ဝေးလိုက်တာ၊ ကျောင်းစောင့်ဆိုရင်လည်း ကျောင်းစောင့်ပေါ့'

'အေး… ဟုတ်တယ်ကွ၊ ငါက ကျောင်းစောင့်ပဲ၊ အဲဒါ ဘာဖြစ်သလဲ'

'ဟုတ်ပြီ၊ ဒါဆိုရင် တံခါးဖွင့်'



www.burmeseclassic.com

www.burmeseclassic.com



'ဘာဖြစ်လို့ ဖွင့်ရမှာလဲ'

'အာ… ကိစ္စရှိလို့ပေါ့ဗျ'

'အဲဒီကိစ္စက ဘာလဲ'

'ခင်ဗျားက ဘာဖြစ်လို့ သိချင်နေရတာလဲ'

'ဟာ… မင်းကိစ္စကို ငါသိမှ ဖွင့်ပေးသင့် မဖွင့်ပေးသင့် စဉ်းစားလို့ရမှာပေါ့'

ဒီကျောင်းစောင့် ရစ်နေပြီဆိုတာကို လူဇော် သိလိုက်သည်။ အေးပေါ့လေ။ သူ့ကိုမျက်နှာမဲကြီးလို့ ပြောထားတော့ တင်းပြီးရစ်ပြီပေါ့။ ဒါကို မေဟသီက ရိပ်မိဟန်ဖြင့် လူဇော့်ကို အသာနေရန် လက်ကုတ်အချက်ပေးပြီး ချိုသာသောမျက်နှာဖြင့်…

'ဒီမှာ ဦးလေးကြီး ကျွန်မတို့က ဒီကျောင်းက ကလေးတစ်ယောက်ကို ရှာချင်လို့ လာတာပါ၊ အဲဒါ တံခါးဖွင့်ပေးပါနော်'

'ဟုတ်ပြီ၊ အဲဒီကလေးက ဘယ်အတန်းမှာ တက်နေတာလဲ၊ ပြီးတော့ ဘယ်အခန်းလဲ'

'အင်း… ဒါတော့ ကျွန်မတို့လည်း မသိဘူး၊ အထဲရောက်မှ ဆရာမတွေကို အကူအညီတောင်းပြီး ရှာရမှာပဲ'

ဦးမဲကြီးက ခေါင်းကိုခပ်လေးလေးခါပြီး…

'ဒီလိုလုပ်လို့မရဘူး ကလေးမ၊ ဆရာမတွေ၊ ကျောင်းသားတွေကို မင်းတို့ကြောင့် အနှောင့်အယှက် အဖြစ်မခံနိုင်ဘူး'

ကိုယ်တွေထင်ထားတာထက်ကို ကျောင်းစောင့်က ပို၍ရစ်နေ၏။ ထို့ကြောင့် လူဇော် တံခါးကိုအမြန်ဖွင့်စေမည့် နိုင်ငံတကာနည်းလမ်းကို သုံးလိုက်၏။

အိတ်ထဲမှ ငါးရာတန်တစ်ရွက်ကိုထုတ်၍ လှမ်းပေးရင်း…

'ရော့ဗျာ ခင်ဗျားအတွက် လက်ဖက်ရည်ဖိုး၊ တံခါးဖွင့်ပေးတော့'

ထိုသို့ပေးလိုက်ရာ ကျောင်းစောင့်ကြီး၏ မျက်နှာမဲမဲကြီးပေါ်တွင် ဘဝင်လေဟပ်သွားသည့် ပုံစံပေါ်လာပြီး မဲ့ပြုံးပြုံး၍…



www.burmeseclassic.com

www.burmeseclassic.com



'အောင်မယ် မင်းက ငါ့ကို လာဘ်ထိုးတာပေါ့လေ'

'ဒီလိုလည်း သဘောမထားပါနဲ့ဗျာ၊ မိတ်ဆွေချင်း လက်ဖက်ရည်ဖိုးပေးတယ်လို့ပဲ သဘောထားလိုက်ပေါ့၊ ကဲ… ကဲ… တံခါးဖွင့်တော့နော်'

'မဖွင့်နိုင်ဘူးကွ၊ မဖွင့်နိုင်ဘူး'

'ဘာလဲ နည်းလို့လား'

'အေး… အာ မဟုတ်ဘူး၊ ဒီမှာ ဟေ့ကောင် ငါဆိုတဲ့ကောင်က အငြိမ်းစားကတည်းက ရိုးရိုးသားသားနဲ့ ခိုးစား အဲလေ နေလာတဲ့ကောင်ကွ၊ ဒီလိုလာဘ်ပေးလာဘ်ယူကိစ္စတွေကို လုံးဝစိတ်မဝင်စားဘူး'

'တော်စမ်းပါဗျာ၊ အသံကောင်းဟစ်ပြမနေပါနဲ့၊ ကူညီတယ်လို့ပဲ သဘောထား…'

'အေး… အဲဒီလူတွေထဲမှာ ငါမပါဘူး၊ ဒီတော့ မင်းတို့ကို ငါ တံခါးမဖွင့်ပေးနိုင်ဘူး၊ ဒါပဲ'

ကျောင်းစောင့်ကတော့ ခေါင်းစားချေပြီ။ ထို့ကြောင့် လူဓော်ခေါင်းကုတ်ပြီး…

'ကျွတ်… ခင်ဗျား တော်တော်ရစ်တဲ့လူပဲဗျ၊ ကျုပ်တို့က ဒီကလေးကို အရေးတကြီး တွေ့မှဖြစ်မှာဗျ'

'ဒါဆိုလည်း ကျောင်းဆင်းတဲ့အချိန်ကိုစောင့်ပြီး တွေ့လေ'

'အဲဒီလိုလုပ်လို့ မဖြစ်ဘူးဗျ၊ ကျုပ်တို့က နာမည်သာသိတာ၊ ရုပ်ကိုမမြင်ဖူးဘူး'

'နေပါဦး အဲဒီကလေးနာမည်က ဘယ်သူတဲ့လဲ'

'ကမ္ဘာခင်ရွှေတဲ့'

ထိုသို့ပြောလိုက်ရာ ကျောင်းစောင့်ကြီးမျက်မှောင်ကြုတ်၍ စဉ်းစားလိုက်ပြီး…

'ဟေ့အေး… ဒီကျောင်းမှာ အဲဒီနာမည်နဲ့ကျောင်းသား မရှိဘူး'

www.burmeseclassic.com



ဟု ပြောလိုက်ခြင်းကြောင့် လူဓော် တင်းသွားသည်။

'ခင်ဗျားက ဒီလိုပြောရအောင် ဘယ်လောက်သိနေလို့လဲ'

ဟုတ်တယ်။ မသကာ ဆရာမတစ်ယောက်ယောက်က ပြောတယ် ဆိုတော်သေး။ သူက ကျောင်းစောင့်ဆိုတော့ ကလေးတွေနာမည်ကို သိတာ မှတ်လို့။

သို့ရာတွင် လူဓော် အထင်နှင့်အမြင် လွဲသွား၏။ ကျောင်းစောင့်ကြီးက မခိုးမခန့်ရယ်၍...

'ဒီမှာ ငါဒီကျောင်းဝင်းအတွင်းမှာ မသိတာဆိုလို့ ဘာမှမရှိဘူးကွ မှတ်ထား'

'အပိုတွေပြောမနေစမ်းပါနဲ့ဗျာ၊ ကလေးတွေက ဒီလောက်အများကြီးဟာ ခင်ဗျားနာမည်တွေ အကုန်လုံးကိုသိလို့လား'

'သိပ်သိတာပေါ့ကွာ၊ အေး မင်းမယုံဘူးဆိုရင် ငါပြောပြမယ်၊ ဒီကျောင်းမှာ ကျောင်းသားဦးရေ အတန်းလိုက်ပြောရမယ်ဆိုရင် သူငယ်တန်းမှာက ၇၈ ယောက်၊ တစ်တန်းမှာ ၇၃ ယောက်၊ နှစ်တန်းမှာက ၇၆ ယောက်၊ သုံးတန်းမှာက ၅၈ ယောက်၊ လေးတန်းမှာက ၅၂ ယောက်ရှိတယ်၊ အားလုံးပေါင်းရင် ၃၃၇ ယောက်ရှိတယ်၊ အဲဒီထဲကမှ မိန်းကလေးဦးရေက ၁၈၇ ယောက်၊ ယောကျာ်းလေးဦးရေက ၁၅၀ ယောက်ပဲရှိတယ်၊ ယောကျာ်းလေးဦးရေ ၁၅၀ ထဲမှာ နာမည်လေးလုံးရှိတဲ့ ယောကျာ်းလေးက ၈ ယောက်ရှိတယ်၊ အဲဒီ ၈ ယောက်ထဲမှာ မင်းပြောတဲ့ ကမ္ဘာခင်မွေ ဆိုတဲ့နာမည်နဲ့ကလေး မပါဘူးကွ'

ဟုတ်သလား မဟုတ်သလားတော့ မသိ။ ပြောပုံက တော်တော်ကြီးကို တိကျနေ၏။ ထို့ကြောင့် လူဓော်တို့ ယုံရတော့မလိုလို ဘာလိုလိုပင် ဖြစ်သွား၏။ မေဟသီက မနေနိုင်စွာဝင်၍...

'ဦးလေးကြီးပြောတာ ဟုတ်ရဲ့လားရှင်'

'ဩော်... ခက်တော့တာပဲ ကလေးမရယ်၊ ဦးက လိမ်ပါ့မလား



www.burmeseclassic.com

www.burmeseclassic.com



မယုံသေးဘူးဆိုရင် ဒီကျောင်းမှာရှိတဲ့ ကလေးတိုင်းရဲ့နာမည်ကို ရွတ်ပြမယ်လေ'

'တော်ပါတော့ရှင်၊ အဲဒီလိုတော့ ရွတ်ပြမနေပါနဲ့တော့'

မေဟသီနှင့်လူဇော်တို့ သက်ပြင်းကိုယ်စီချ၍ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်မိကြသည်။ လူဇော် ထပ်၍ကြိုးစားကြည့်သေး၏။

'ကျေးဇူးပြုပြီး ကျွန်တော်တို့ကို ခဏလောက် ဝင်ခွင့်ပေးပါဗျာ'

'ဒါလေးတော့ သည်းခံပါ ငါ့လူ၊ ဆရာမတွေ စာသင်ပျက်မှာစိုးလို့ပါ'

'လုပ်ပါဗျာ၊ ခဏလေးပါ'

'လုပ်လို့မရလို့ပါကွာ'

'သေချာကြည့်ရင် ဦးလေးက ကျော်ဟိန်းနဲ့တူပါတယ်ဗျ'

'အဟေး… တခြားလူတွေလည်း ဒီလိုပြောတယ်ကွ၊ ဒါပေမဲ့ တံခါးမဖွင့်ပေးနိုင်တာတော့ စိတ်မရှိနဲ့'

'ဟိုဗျာ အသံကလည်း ဝင်ဦးအသံနဲ့ နည်းနည်းဆင်တယ်နော်'

'အေးကွာ၊ ဦးလည်း သိပါတယ်၊ ဒါပေမဲ့တံခါးတော့ မဖွင့်နိုင်ဘူးနော်'

ဘယ်လိုပြောပြော မရရေးချမရပါ။ ထို့ကြောင့် လူဇော်တင်းသွားပြီး…

'ဟွန်း…၊ ခင်ဗျားက ဘယ်လိုလူလဲဗျ'

'မင်းပဲခုနကပြောတယ် ရုပ်က ကျော်ဟိန်းနဲ့တူပြီး အသံက ဝင်းဦးနဲ့တူတဲ့လူလေကွာ'

'သွားစမ်းပါဗျာ၊ ဘယ်ကလာတူရမှာလဲ၊ ခင်ဗျားက သေသေချာချာကြည့်ရင် ရုပ်က ဗေလုဝနဲ့တူပြီးတော့ အသံက ငှက်ဆိုးထိုးနဲ့ နင်လားငါလားပဲ သိလား ဟွန်း'

'ဟော့ကောင်… မင်း… မင်း… ဘာပြောတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ကြားတဲ့အတိုင်းပဲ'

ကျောင်းစောင့်ကြီး တရှုးရှုးဖြင့် ဒေါသထွက်သွား၏။ ထွက်ပလေ့စေ။ ကိုယ့်ကို တံခါးမှမဖွင့်ပေးတဲ့ဟာကို။

ထို့နောက်တော့ လူဇော်နှင့် မေဟာသ်ာတို့ ကျောင်းရှေ့အုတ်ခုံတွင် စိတ်ညစ်ညစ်ဖြင့် ငုတ်တုတ်ထိုင်မိနေကြတော့သည်။ မေဟာသ်ာက လူဇော်အား...

'အခု ကျွန်မတို့ ဘာဆက်လုပ်ကြမလဲဟင်'

'အေး... ငါလည်း အဲဒါကိုပဲ စဉ်းစားနေတာ'

ဟုတ်သည်။ ဘာဆက်လုပ်ရင်ကောင်းမလဲဟု စဉ်းစားနေရပြီဖြစ်သည်။ စဉ်းသာစဉ်းစားနေရသော်လည်း အဖြေကတော့ ပေါ်မလာပါ။ အခြေအနေက အူကြောင်ကြောင်ဖြစ်နေတာကိုး။ အထဲဝင်ခွင့်မရမှတော့ ဒီကလေးကျောင်းသားအုပ်ထဲက ကမ္ဘာခင်ရွှေဆိုတဲ့ ငတိကို ဘယ်လိုလိုက်ရှာရမှာလဲ။

စဉ်းစားရင်း တွေးမရဖြစ်လေလေ။ ဟိုကျောင်းစောင့် ငတိကို တင်းလေလေယင်ဖြစ်သည်။ ဘယ်နှယ်ကွာ ရစ်စရာမရှိ ကြံဖန်ရစ်နေသေးတယ်။ မေဟာသ်ာက...

'ဟိုလေ... ကျောင်းစောင့်ကြီးပြောသလို ကမ္ဘာခင်ရွှေဆိုတဲ့ ကလေးက ဒီမှာမရှိနိုင်ဘူးလားဟင်'

'အာ... မင်းကလည်း ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ၊ ငါတို့ကျောင်းတွေ အကုန်လုံးရှာပြီးလို့ ဒါကနောက်ဆုံးကျောင်းပဲဟာ၊ လုံးဝရှိကိုရှိမှာပါကွ'

'ဒါပေမဲ့ ဟိုလူက အတိအကျကြီးကို ပြောနေတာနော်'

'အလကားပါကွာ၊ ပါးစပ်ထဲရှိတာ လျှောက်ပြောနေတာနေမှာပါ'

ထိုသို့ပြောနေကြသည့် အချိန်တွင်...

'ဂလောင်... ဂလောင်... ဂလောင်... ဒေါင်'



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား လှုပ်လှုပ်ရှားရှားဖြစ်သွားကြသည်။ စကားပြော ရင်းဆိုရင်းနဲ့ ကျောင်းဆင်းခေါင်းလောင်းက ထိုးသွားပြီလေ။ ဒါဆို ကမ္ဘာ ခင်ရွှေဆိုတဲ့ငတိ ကလေးကို ရှာဖို့ခက်သွားပြီပေါ့။

ဒီနေ့ မတွေ့လျှင် နောက်နေ့တွင်လာရှာ၍ ရသည်ဆိုသော်လည်း နောက်နေ့တွင်လည်း ဒီကျောင်းစောင့်နှင့် တွေ့ရဦးမည်ဖြစ်ခြင်းကြောင့် ဒီလိုပဲ မရေမရာတွေဖြစ်သွားနိုင်သည်။

ထိုစဉ် ကျယ်ကျယ်လောင်လောင် အကြံတစ်ခုကို ကြားလိုက်ရ၏။

'ဟဲလို... ဟဲလို... ဝမ်းတူးသရီး... အဟမ်း... အဟမ်း... ရပ်ကွက်အတွင်းမှီတင်းနေထိုင်ကြသော လုပ်သားပြည်သူအပေါင်းတို့ခင်ဗျာ၊ အသက်ငါးနှစ်အောက်ကလေးငယ်များ ပိုလီယိုရောဂါကာကွယ်ဆေး တိုက်ကျွေးရန်အတွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသို့ မနက် ရှစ်နာရီမှ ညနေ ငါးနာရီအတွင်း မိမိတို့၏ ကလေးငယ်များနှင့်အတူ လာရောက်တိုက် ကျွေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်ခင်ဗျား... ငွီ... ငွီ'

လူတစ်ယောက် ဆိုက်ကားပေါ်တွင် အသံချဲ့စက်ပစ္စည်းအစုံအလင် တင်၍ ရပ်ကွက်ပတ်ကာ အော်နေခြင်းဖြစ်သည်။

ထိုသူ့ကို ကြည့်ပြီး လူဇော်၏ မျက်လုံးအရောင် လက်ခနဲဖြစ် သွားသည်။

မေဟာသီဘက်လှည့်၍ တက်ကြွသောလေသံဖြင့်...

'မေဟာသီ မင်း ငါနဲ့လိုက်ခဲ့၊ ကမ္ဘာခင်ရွှေကို တွေ့အောင်ရှာဖို့ အကြံရပြီ'

ထိုသို့ပြောပြီး ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးရန် လိုက်လံအော် ဟစ်နေသော လူထံသို့ လူဇော် သုတ်ခနဲထွက်သွားသဖြင့် မေဟာသီ နဝေတိမ်တောင်ဖြင့် လိုက်ရလေတော့သည်။

လူဇော်က ထိုလူထံသို့သွားကာ မိုက်ခဏငှားရန် အကျေးလည်း ပြော၏။ ခဏကြာတော့ အဆင်ပြေသွားကာ မေဟာသီအား လက်မထောင်



www.burmeseclassic.com

www.burmeseclassic.com



ပြလိုက်သည်။ ထို့ကြောင့် မေဟာသ်ာ အတူတူဖြင့် လူဇော်နားသို့ကပ်၍…

'ဘာလဲ၊ ရှင် ဘာလုပ်မလို့လဲ'

လူဇော်က လက်ထဲမှ မိုက်ကိုထောက်ပြလိုက်ပြီး…

'ဒီမှာလေကွာ၊ ဒါနဲ့ ရှာမှာ၊ စောင့်ကြည့်လိုက်'

ထိုစဉ် ကျောင်းသားတချို့ ဝင်းတံခါးပေါက်နားသို့ရောက်ရန် နီးနေပြီဖြစ်ခြင်းကြောင့် မေဟာသ်ာက ကပျာကယာလေသံဖြင့်…

'ဟိုမှာ… ဟိုမှာ ထွက်လာတော့မယ်၊ အော်တော့ အော်တော့'

'ဟဲလို… ဟဲလို… ဝမ်းတူးသရီး ကမ္ဘာခင်ရွှေ… ကမ္ဘာခင်ရွှေ ရောက်ရာအရပ်က အမြန်လာပါ၊ ဟဲလို ကမ္ဘာခင်ရွှေ ဒီကိုမြန်မြန်လာပါ'

ပထမဆုံး ထွက်လာသော ကလေးတချို့ ကြောင်စီစီဖြင့် လှမ်းတော့ကြည့်သည်။ နောက်တော့ သူတို့လမ်းသူတို့ဆက်သွားကြ၏။

'မေဟာသ်ာ ဒီကလေးအုပ်ထဲမှာ မပါဘူးနဲ့တူတယ်ကွ'

'အင်း… ဟုတ်လောက်တယ်၊ ဒါနဲ့ ရှင်ထပ်အော်ရင် မုန့်ကျွေးမယ်ဆိုတာကိုပါထည့်ပြီးအော်နော်'

မေဟာသ်ာပြောတာ မှန်သည်။ ကလေးဆိုတော့ မုန့်နဲ့မျှားရမှာပေါ့။ ထို့ကြောင့် ဆက်၍…

'ဟဲလို… ဟဲလို… ကမ္ဘာခင်ရွှေ… ဦးတို့မင်းကို မုန့်ဝယ်ကျွေးရန် စောင့်နေသည်၊ ရောက်ရာအရပ်က အမြန်လာပါ၊ ဟဲလို ကမ္ဘာခင်ရွှေ'

မုန့်ဟူသော ဝေါဟာရကြောင့် ကလေးများအားလုံး၏ မျက်နှာသည် လူဇော်တို့ဘက်သို့ လှည့်လာ၏။ ထို့ကြောင့် လူဇော်အားတက်သွားပြီး…

'ကမ္ဘာခင်ရွှေ မုန့်ဝယ်ကျွေးမယ်၊ ဒီကိုမြန်မြန်လာပါ'

ကလေးငယ်များ တံတွေးပြိုင်တူမြိုချကြ၏။ ပြီးနောက် မျက်နှာများ ပြန်လှည့်သွားသည်။ ထို့ကြောင့် လူဇော် ရင်ထဲတွင် ဟာခနဲဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် လူဇော်ကအော်လိုက် ကလေးငယ်များက မုန့်သံကြား သဖြင့် လှည့်ကြည့်လိုက်။ ပြီးတော့ ပြန်လှည့်သွားလိုက်နှင့် သံသရာလည်နေ ရင်း ကျောင်းသားတွေသာ ကုန်သွားသည်။ ကမ္ဘာခင်ရွှေဆိုသည့် ငတိ ကလေး၏ အရိပ်အယောင်ကိုပင် မတွေ့ရ။

ထို့ကြောင့် လူဇော် စိတ်ဓာတ်ကျသွားသကဲ့သို့ အာလည်းတော် ဆော်ခြောက်သွားတော့၏။

မေဟသီနှင့် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ရင်း ပြိုင်တူ ပင် သက်ပြင်းချမိ၏။

'ကျွန်မစိတ်ထင် ကျောင်းစောင့်ပြီး ပြောတာ မှန်နေလား မသိဘူး နော်'

ဒီကျောင်းက ကမ္ဘာခင်ရွှေကို ရှာတွေ့ဖို့နောက်ဆုံးကောက်ရိုးမျှင်ဖြစ် သည်။ ယခု ထိုကောက်ရိုးမျှင်က ပြတ်သွားတော့ သွားပြီပေါ့။

ထို့ကြောင့် ဘာဆက်လုပ်ရမှန်း ဝေခွဲမရတော့သော လူတို့၏ ဆုံးစံအတိုင်း ယောင်ချာချာဖြင့် ကားမှတ်တိုင်ရှိရာသို့ ရောက်လာခဲ့ကြသည်။

ခဏကြာသောအခါ မှတ်တိုင်သို့ စီးရမည့် လိုင်းကားကြီးတစ်စီး ထိုးဆိုက်လာ၏။ လိုင်းတူကားချင်း ပြိုင်လာသဖြင့် စပယ်ယာက ခရီးသည် အတင်အချကို ပါးစပ်နှင့်လက်နှင့် ပေါင်းကာ ခပ်သုတ်သုတ်လုပ်နေသည်။

'ကားချင်းဖိုက်လာတယ်နော်၊ သွက်သွက်လေး၊ သွက်သွက်လေး၊ ဟိုအဒေါ်ကြီး လမ်းပေါက်ကိုပိတ်မရပ်နဲ့လေ၊ ဒီမှာ နောက်လူတွေတက်နေတဲ့ ဟာကို'

ထိုသို့ဝုန်းဒိုင်းကြဲ၍ လူတင်နေခြင်းကြောင့် လူဇော်တို့နှစ်ယောက် လည်း အောက်မှ မကျန်ရစ်ခဲ့စေရန် ကားပေါ်တက်ဖို့အတွက် လူများကို တိုးဝှေ့ကာ အပေါက်ဝနားသို့ ရောက်စဉ်အချိန်တွင် ၄င်းကားနှင့်ပြိုင်လာ သော ကားက မှတ်တိုင်သို့ ဝုန်းခနဲ ထပ်မံထိုးဆိုက်လာခြင်းကြောင့် စပယ်ယာက ကပျာကယာဖြင့်…



www.burmeseclassic.com

www.burmeseclassic.com



'မောင်း ဆရာရေ မောင်း'

ထိုသို့ဆော်ဩလိုက်သဖြင့် ဒရိုင်ဘာက ကားကို ဝူးခနဲနေအောင်ပင် ဆောင့်၍ မောင်းထွက်သည်။ ထိုအခါ အပေါ်သို့ တက်ရန် အပေါက်ဝနားသို့ ရောက်နေပြီဖြစ်သော လူဇော်မှာ ယောင်ယမ်းပြီး ကားလက်တန်းကိုကိုင်ကာ အပေါ်သို့တက်လိုက်မိ၏။ အရှိန်ရနေပြီဖြစ်သော ကားပေါ်သို့ ရောက်သွားသည်နှင့် တစ်ပြိုင်နက် လက်စွပ်ဝတ်ထားသည့် လက်သူကြွယ်မှာ တင်းကျပ်သွားပြီး စူးစူးရှရှပင် နာကျင်သွားသည်။

'အား'

လက်ကနာသွားသည်နှင့်တပြိုင်နက် ခေါင်းထဲသို့ တိုးဝင်လာသည့် အသိတရားကတော့ အောက်တွင် မေဟာသီ ကျန်ခဲ့ပြီ။ ထို့ကြောင့် သူလည်း ကိုယ့်လိုနာနေပေရော့မည်။

ပြင်းထန်သော နာကျင်မှု၊ ပြင်းထန်သော စိုးရိမ်မှုတို့က လူကိုထူပူသွားစေသည်။ ထို့ကြောင့် အာခေါင်ကိုခြစ်၍ ကျူးအော်ချလိုက်သည်။

'ကားခဏရပ်ပါဗျို့'

ကျယ်လောင်လှသော လူဇော်၏ အသံကြောင့် တကားလုံးလန့်သွားကြပြီး ပြူးပြူးပြာပြာဖြင့်...

'ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ'

'အား... ကားခဏရပ်ပါ၊ ကားခဏရပ်ပါ၊ အောက်ဆင်းမလို့'

ထိုသို့ပြောလိုက်ရာ စပယ်ယာက ခံတန်တန်လေသံဖြင့်...

'အား... ကားချင်းဖိုက်လာတာရပ်ပေးလို့မရဘူး၊ ဆင်းချင်ရင် ရှေ့မှတ်တိုင်ရောက်မှဆင်း'

ဝေဒနာခံစားနေရသည့်ကြားထဲမှ လူဇော်၏ မျက်လုံးအစုံ မာထန်သွား၏။ စပယ်ယာ၏ အင်္ကျီကို ဆုပ်ကိုင်၍ သွားကြားထဲမှထွက်၍လာသောလေသံဖြင့်...

'ဟေ့ကောင်... ငါကောင်းကောင်းပြောနေတာ မရဘူးလား၊ ခုရပ်ဆိုရပ်စမ်း'



www.burmeseclassic.com

www.burmeseclassic.com



လူဇော်၏မျက်နှာအမူအရာနှင့် လေသံက ပြောသည့်အတိုင်း မလုပ်ပါက စပယ်ယာအား အခုချက်ချင်း လည်ပင်းညှစ်၍ သတ်တော့မည့်ဟန် အပြည့်ဖြစ်နေခြင်းကြောင့် စပယ်ယာလန့်ဖြန့်သွားပြီး…

'အင်း… အင်း… ရပ်… ရပ်ခိုင်းပါ့မယ်'

ထိုသို့ပြောပြီး ယာဉ်မောင်းဘက်လှည့်၍…

'ဆရာရေ ကားခဏရပ်မှဖြစ်မယ်၊ ဒီမှာအန္တရာယ်မလွယ်နိုင်တဲ့ ခရီးသည်တစ်ယောက် မဖြစ်မနေဆင်းစရာရှိလို့'

ဟုပြောလိုက်သဖြင့် ဒရိုင်ဘာက ရယ်မောပြီး ကားကိုရပ်ရန် အတွက် အရှိန်လျှော့လိုက်စဉ်မှာပင် လူဇော် ကားပေါ်မှ ခုန်ချလိုက်သည်။ ထိုအခါမှ ကားပေါ်ရှိ ကျန်ခရီးသည်များပါ ဝိုင်း၍ရယ်ကြသည်။ ဒါတွေ ကို လူဇော် ဂရုမစိုက်နိုင်။

လက်ကအရမ်းနာနေပြီလေ။

ကိုယ်နာကျင်နေသလို မေဟသာ်လည်း နာနေရော့မည်။

ထိုအသိက သူ့ရင်ကိုပို၍ နာကျင်သွားစေသည်။

'ငါလာနေပြီ မေဟသာ်ရေ'

ဟု စိတ်ထဲမှပြောပြီး အသက်ကို ဝအောင်ရှူ၍ မေဟသာ် ကျန်ရစ်ခဲ့ရာဘက်သို့ အားကုန်ပြေးလွှားလိုက်တော့၏။

'ငါ လာနေပြီ'

'ငါ လာနေပြီ'

'ငါ လာနေပြီ မေဟသာ်'

• • •



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

လူတစ်ယောက်သည် ပြင်ပခန္ဓာကိုယ်၌ ထိခိုက်အနာတရ ဖြစ်၍ နာကျင်မှုကိုခံစားနေရသည့်အချိန်တွင် စိတ်အပြောင်းအလဲတစ်ခုခုနှင့် တွေ့ကြုံလာရပါက ၎င်းနာကျင်မှုကို တဒင်္ဂအားဖြင့် မေ့လျော့သွားစေနိုင်သော သဘာဝစွမ်းအားတစ်ခုရှိပါသည်။

ပြောရလျှင် စိတ်အပြောင်းအလဲက ပြင်းထန်လေလေ ခန္ဓာကိုယ် နာကျင်မှုဝေဒနာကို မေ့လျော့လေလေပင်ဖြစ်သည်။

ယခု လူဇော်တစ်ယောက် လက်မှနာကျင်မှုဝေဒနာကို မေ့လျော့ သွားပြီး ပြင်းပြင်းထန်ထန်ပြေးလွှားနေသည်။

ရင်းတွင်း၌တော့ မီးတောက်နေ၏။

'မေဟာသီ အရမ်းကို ခံစားနေရပြီလား'

ထိုအတွေးက ခြေလှမ်းတွေကို ပို၍သွက်လက်သွားစေသည်။

မေဟာသီ ကျန်ရစ်ခဲ့သော မှတ်တိုင်ကို လှမ်းမြင်တွေ့ရသော ၎င်းမှတ်တိုင်တွင် လူများစုအုံ၍ တစ်စုံတစ်ခုကို ဝိုင်းကြည့်နေကြကြောင်း တွေ့ရသည်။

'သူတို့ ဘာကိုကြည့်နေကြတာလဲ'



www.burmeseclassic.com

www.burmeseclassic.com



အမောတကောဖြင့် လူအုပ်ကို အတင်းတိုးဝှေ့ကာ အလည်သို့ ကြည့်လိုက်စဉ်အချိန်တွင် လူအုပ်အလယ်၌ ငုတ်တုတ်ထိုင်ကာ လက်ကိုဖိနှိပ်၍ တရှုံ့ရှုံ့ငိုနေသော မေဟာသ်ာအား တွေ့လိုက်ရသည်။ လူဇော် ရင်ထဲတွင် လှိုက်ခနဲဖြစ်သွားသည်။

'မေဟာသ်ာရယ်'

ထိုသို့ ရင်ထဲ၌ တီးတိုးပြောလိုက်ပြီး ခေါင်းငုံ့ကာ တရှုံ့ရှုံ့ငိုနေသော မေဟာသ်ာရှေ့တွင် ခြေစုံရပ်လိုက်မိသည်။

မေဟာသ်ာ တုန်ခါနေသော ကိုယ်လုံးလေးတန့်သွားသည်။

ပြီးတော့ မျက်ရည်များဖြင့် အရည်လဲ့နေသော မျက်လုံးအစုံဖြင့် လူဇော်အား မော့ကြည့်သည်။ ဖြည်းညင်းစွာရပ်၍ မျက်လုံးချင်းဆိုင်မိသော အခါ အိခနဲတစ်ချက်ရှိုက်လိုက်ပြီး ခုနကထက်ပို၍ ငိုကြွေးကာ လူဇော် ရင်ဘတ်ကို တဗုန်းဗုန်းထု၍…

'ရှင် ဘာလို့ထွက်သွားတာလဲ၊ ဘာလို့ထွက်သွားတာလဲ၊ အဟင့်… ဟင့်'

ထိုသို့ တတွတ်တွတ်ပြောပြီး တဗုန်းဗုန်းထုလေတော့၏။ ထို့ကြောင့် လူဇော် မေဟာသ်ာ လက်အစုံကို အသာအယာချုပ်ကိုင်၍…

'သတိထားလေ၊ မေဟာသ်ာ… သတိထား'

'ရှင်ဘာလို့ထွက်သွားတာလဲ၊ ထွက်သွားတာလဲ၊ အဟင့်… ဟင့်'

'အေးပါ၊ ငါနောက်တစ်ခါ မသွားတော့ပါဘူးကွာ၊ သတိထားပါ့မယ်'

'ဘာလို့ထွက်သွားတာလဲ၊ ဘာလို့ထွက်သွားတာလဲ'

'အေးပါကွာ၊ အေးပါ'

လူဇော် စိတ်မကောင်းကြီးစွာဖြင့် မေဟာသ်ာ၏ ခေါင်းကလေးအား ရင်ခွင်ထဲသို့ ဆွဲယူထွေးပွေ့မိလိုက်တော့သည်။ မေဟာသ်ာက လူဇော်ရင်ခွင်ထဲတွင် ငိုရှိုက်၍ကောင်းဆဲ…



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်တော့ ဘေး၌ ရှိနေကြသော လူတွေလည်း တစစဖြင့် ရှောင်ဖယ်သွားကြသည်။

သို့ရာတွင် လေပြေကတော့ လူဇော်တို့နှစ်ယောက်ကြားသို့ စတင် တိုက်ခတ်လာခဲ့ပြီဖြစ်သည်။

သို့သော် လေပြေဆိုသည်မှာ မုန်တိုင်းတစ်ခု၏ စေတမန်လည်း ဖြစ်ကောင်းဖြစ်နိုင်သည်မဟုတ်လား။

ထိုနေ့တွင် လူဇော်တို့နှစ်ယောက် ကမ္ဘာခင်ရွှေကို ရှာမတွေ့ကြပါ။

သို့ရာတွင် နားလည်မှုကိုတော့ ရှာတွေ့သွားကြသည်။

ထိုနားလည်မှုတွေကိုယ်စီပိုက်၍ အိမ်သို့ အပြုံးချင်းဖလှယ်ကာ ပြန်လာခဲ့ကြသောအခါ ငြိမ်းချမ်းခဲ့ကြသည်။

ဒါပေမဲ့ ငြိမ်းချမ်းမှုဆိုသည်မှာ စစ်ပွဲမဖြစ်ခင်ကြားကာလ၏ နာမ ဝိသေသနသာဖြစ်၏။

'လူဇော် ကော်ဖီသောက်မလား'

'အင်း... သောက်မယ်'

'............'

'မေဟာသီ... ရေချိုးချင်ရင် ငါ့ကိုပြောနော်'

'အင်းပါ'

'............'

'လူဇော် ခုတင်နဲ့အိပ်ချင်ရင် ဟာသီခုတင်ကို ယူလေ'

'ဟင့်အင်း... ခုတင်နဲ့မအိပ်တော့ ညဘက်အိပ်ရင် အောက်ပြုတ် ကျမှာစောင့် မစိုးရိမ်ရတော့ဘူး'

'ဒီနေ့ ပုစွန်ထုပ်စားချင်တယ်ကွာ'

'ပုစွန်တုပ်က ဈေးကြီးတယ်ရှင့်'

'ဘာလဲ ဝယ်မကျွေးချင်ဘူးလား'

'ရပါ●ယ်၊ နောက်တာပါ၊ ကျွေးမှာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'...............'

'ရှင် ဒီလောက်ရက်တွေ အိမ်မပြန်တာကြာတော့ အိမ်ကစိတ်ပူနေမယ်ထင်တယ်နော်'

'ဘယ်ကလာ ငါမရှိတော့ မျက်စိနောက် သက်သာတယ်ဆိုပြီး ပျော်နေကြမှာ'

'ရတီ ပြောတော့ ရှင်က ရပ်ကွက်ထဲမှာ တော်တော်ဆိုးတယ်ဆို'

'ရပ်ကွက်ထဲကလူတွေက လိမ္မာလွန်းအားကြီးတော့ ငါက ဆိုးသလိုဖြစ်နေတာပါ'

'ခစ်... ခစ်... ရှင်ဟာလေ'

'............'

ထိုသို့ငြိမ်းချမ်းမှုကာလလေးများကို ဖြတ်သန်းနေသောအချိန်တွင်...

'တီးတောင်... တီးတောင်'

အိမ်ရှေ့တံခါး၀ လူခေါ်ဘဲလ်နှိပ်တဲ့အသံပါ။

ထို့ကြောင့် နှစ်ယောက်သား တံခါးထဖွင့်လိုက်ကြသည်။

'ဟာ... ရတီ'

ဟုတ်ပါသည်။ ရတီပါ။ ရတီကမျက်နှာကို မဲ့လိုက်ပြီး...

'နေပါဦး၊ နင်တို့က ငါ့ကိုမြင်တော့ ဘာဖြစ်လို့ ဒီလောက်တောင်သန့်သွားကြတာလဲ'

ထိုသို့ ခနဲ့တဲ့တဲ့လေသံဖြင့် ပြောပြီး ရတီအိမ်ထဲသို့ ၀င်လာ၏။

လူဇော်တို့နှစ်ယောက်သား ထူထူပူပူတွေ ဖြစ်ကုန်ကြသည်။

'မဟုတ်ပါဘူးဟာ နင်ကလည်း အဟင်း'

'အေးလေ၊ နင့်မြင်တာနဲ့ ငါတို့က ဘာကိစ္စ လန့်ရမှာလဲ'

ဟု ကပျာကယာငြင်းလိုက်ရာ ရတီ နှုတ်ခမ်းကိုပို၍ မဲ့လိုက်ပြီး...



www.burmeseclassic.com

www.burmeseclassic.com



'ထားပါတော့၊ ထားပါတော့'

လူဇော်ဘက်သို့ လှည့်၍…

'ဒါနဲ့ လူဇော် နင်ကရော အရင်တစ်ခါကလို လမ်းကြုံလို့ ရောက်နေတာပဲလား'

'အေးဟ၊ အဟင်း… ငါလည်းပြင်းလို့ အိမ်လည်ရောက်လာတာ'

'ဩ… ဩော်… ယုံချင်စရာကြီး'

ရတီ ဧည့်ခန်းရှိခုံတွင် ဝင်ထိုင်ပြီး လူဇော်တို့အား စေ့စေ့ကြည့်၍

'နင်တို့နှစ်ယောက် ငါ့ကိုဘာမှညာဖို့ မစဉ်းစားနဲ့တော့၊ ငါ ဒီပတ်ဝန်းကျင်မှာ အားလုံးစုံစမ်းပြီးသွားပြီ၊ နင်တို့နှစ်ယောက်က ဒီမှာအတူတူ နေကြတာ'

ထိုသို့ ပိုင်နိုင်သောလေသံဖြင့် တည့်တည့်ကြီး ပြောလိုက်သဖြင့် လူဇော်တို့နှစ်ယောက် ရင်ထဲတွင် ဒိန်းခနဲဖြစ်သွားကြပြီး တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိလိုက်ကြသည်။ အခြေအနေက ဖုံးကွယ်၍ မရနိုင်တော့မှန်း သိလိုက်သဖြင့် အမှန်အတိုင်းရှင်းပြရန် ဆုံးဖြတ်လိုက်ကြသည်။ ထိုသို့ စဉ်းစားနေကြသည့် အချိန်တွင် ရတီက စိတ်မရှည်သောလေသံဖြင့်…

'ကဲ… ပြောပါဦး၊ နင်တို့ ဘာငြင်းချင်ကြသေးလို့လဲ'

ထိုသို့ထပ်မေးလိုက်ရာ မေဟာသီက သက်ပြင်းချ၍

'ငါတို့မငြင်းတော့ပါဘူး ရတီ၊ ဟုတ်တယ်၊ ငါနဲ့လူဇော်တို့ ဒီအခန်းထဲမှာပဲ အတူနေကြတယ်၊ အဲဒါက ကိစ္စတစ်ခုကြောင့်ပဲ'

အပြင်လူမှတဆင့် ကြားပြီးသားအကြောင်းအရာဖြစ်သော်လည်း ယခုကဲ့သို့ ကာယကံရှင်ကိုယ်တိုင်က ပြောလိုက်ခြင်းကို နားနှင့်ဆတ်ဆတ် ထပ်မံကြားလိုက်ရသောအခါ ရတီ မျက်နှာနီခနဲဖြစ်သွားပြီး မှင်တက်သွား၏။

'ဟင်… နင်တို့ဟာ၊ တကယ်ပဲဟာ…'

ထိုအချိန်တွင် လူဇော်ဝင်၍…

'ဟုတ်တယ် ရတီ၊ အဲဒီကိစ္စကို အခု နင့်ကို ငါတို့ရှင်းပြမယ်'



www.burmeseclassic.com

www.burmeseclassic.com



ရတီ လေသံတုန်တုန်ခါခါဖြင့်…

'ဘာလဲ၊ ဘာကိုရှင်းပြဦးမှာလဲ၊ ရှင်းပြဖို့ရော လိုသေးတော့လို့လား'

'လိုတာပေါ့ ရတီ၊ အရမ်းကိုလိုတာပေါ့၊ ငါနဲ့ မေဟာသ်ာက ဒီမှာ အတူတူနေကြတယ်ဆိုပေမယ့် ရိုးရိုးသားသားနဲ့ မောင်နှမတွေလို နေကြတာပါ'

'ဘာပြောတယ်၊ ရိုးရိုးသားသားနဲ့ မောင်နှမတွေလို နေကြတယ် ဟုတ်လား'

'အေး… ဟုတ်တယ်'

'ဟင်း… ဟင်း… ယုတ္တိရှိအောင် ကြည့်ပြောပါဦး လူဇော်ရယ်'

မေဟာသ်ာက…

'လူဇော်ပြောတာ အမှန်တွေပါ ရတီ၊ ငါနဲ့လူဇော် အတူနေတယ်ဆိုတာ ဒီလက်စွပ်လေးတွေကြောင့်ပါ'

ဟုဆိုပြီး မေဟာသ်ာက လက်စွပ်ဝတ်မိခြင်းကြောင့် နောက်ဆက်တွဲ ပြဿနာများဖြစ်ပေါ်လာရခြင်းဖြစ်ကြောင်းကို ရှင်းပြလိုက်သည်။

မေဟာသ်ာ၏ စကားကို အစအဆုံးနားထောင်ပြီး ရတီ ဟက်ဟက်ပက်ပက် ရယ်ပါသည်။

'ခစ်… ဟင်း… ဟင်း… နေပါဦး နင်တို့က ငါ့ကို ကလေးများမှတ်လို့ ဒီလိုယုံတမ်းစကားတွေ လာပြောနေတာလား'

'နင့်ကို ငါတို့တကယ့်ဖြစ်ရပ်တွေကို ပြောပြနေတာ ရတီ'

'တော်စမ်းပါ၊ ငါက နင်တို့ပြောတာတွေကို ယုံရအောင် အရူးမှ မဟုတ်တာ၊ ဘာလဲနင်တို့နှစ်ယောက် ဒီလိုဖြစ်နေကြတာကို ငါက မနာလိုလို့ ပြောနေတယ်များ ထင်လို့လား၊ ဝေးသေးတယ်၊ အေး… ဒါပေမဲ့ ငါ့ အံ့အားသင့်မိတာတော့ အမှန်ပဲ'

လူဇော်နှင့် မေဟာသ်ာတို့ ပြိုင်တူပင် သက်ပြင်းချမိသည်။ ရတီ



www.burmeseclassic.com

www.burmeseclassic.com



ပုံက ဘယ်လိုပြောပြော ယုံမည့်ပုံမှ မရှိတာ။ ရတီက ရွဲ့တဲ့တဲ့လေသံဖြင့် ဆက်၍…

'ငါ အံ့အားသင့်မိတာကလည်း တခြားကြောင့်တော့ မဟုတ်ပါဘူး၊ နင်တို့နှစ်ယောက် ဒီလောက်အချိန်တိုလေးအတွင်းမှာ ဒီလောက်ထိဖြစ်သွားလိမ့်မယ်လို့ လုံးဝကိုထင်မှမထင်ထားတာ၊ ဟသ်ာ ငါ နင့်ကို အရမ်းနမျောမိတယ် သိလား၊ နင်ဘာဖြစ်လို့ ဒီလောက်ထိ လွယ်တဲ့မိန်းမဖြစ်သွားရတာလဲ'

မေဟသ်ာ အိခနဲ ငိုချလိုက်၏။ လူဇော်လည်း စိတ်ထဲတွင် တင်းခနဲဖြစ်သွားပြီး…

'ဒါတော့ နင် တော်တော်တရားလွန်သွားပြီ ရတီ၊ ငါတို့ ဒီလောက်ရှင်းပြနေတာတောင် နင်ဘာလို့မယုံရတာလဲ'

'နင်တို့ဟာက တော်တော်ယုံချင်စရာကောင်းတာကိုး'

'အေး… နင့်ဘာသာနင် ယုံချင်ယုံ၊ မယုံချင်နေ၊ ငါတို့မတတ်နိုင်ဘူး၊ ဒါပေမဲ့ ငါတို့သိက္ခာကိုတော့ နင်နေရင်းထိုင်ရင်း လာမစော်ကားနဲ့'

'ဘာရယ် နင်တို့သိက္ခာကို ငါက ဘာစော်ကားနေတယ် ဟုတ်လား၊ နေပါဦး လူဇော် ငါ့ကို ချစ်ပါတယ်၊ ကြိုက်ပါတယ်နဲ့ အတင်းအဖြေလိုက်တောင်းနေတဲ့ နင်က တခြားမိန်းမတစ်ယောက်နဲ့ နာရီပိုင်းလေးတွေ့ပြီးရုံနဲ့ တစ်ခန်းထဲမှာ အတူနေလိုက်တာ အရမ်းကိုသိက္ခာရှိနေပြီလို ကိုယ့်ကိုယ်ကိုယ် ထင်နေလို့လား'

ထိုစကားကို ရတီ မျက်ရည်များကို အတင်းထိန်းချုပ်ပြီး ပြောလိုက်တာပါ။ လူဇော် ဒေါသထွက်ပါသည်။ ဒါပေမဲ့ ဝမ်းလည်းနည်းမိ၏။

'တော်တော့ ရတီ၊ နင် သွားလိုက်တော့၊ ငါတို့ဘက်က ဒီကိစ္စတွေ ပြေလည်သွားတဲ့တနေ့မှာ နင့်ဆီကိုလာပြီး ငါရှင်းပြတော့မယ်'

'မရှင်းပြနဲ့ နင် ဘာမှရှင်းပြစရာမလိုတော့ဘူး၊ ငါ့ဆီလည်း မလာနဲ့၊ နင့်ကိုငါမုန်းတယ် သိလား လူဇော်၊ ငါ မုန်းတယ်'



www.burmeseclassic.com

www.burmeseclassic.com



လူဇော် စိတ်မရှည်တော့ပါ။

'အေးဟာ မုန်း… မုန်း… နင်ကြိုက်သလောက်သာ မုန်းတော့၊ တောက်…'

လူဇော်နှင့် ရတီတို့ မျက်လုံးချင်းဆုံသွားကြသည်။

တစ်ယောက်ကအမုန်းမျက်လုံးဖြင့်ကြည့်သည်။

တစ်ယောက်က ယောကျ်ားမာနဖြင့်ကြည့်သည်။

ရင်ထဲအသီးသီး၌ သံယောဇဉ်ကြိုး ပြတ်သွားသံ ထောင်းခနဲ မြည်သွားသည်။ ပြီးနောက် ရတီ ချာခနဲလှည့်ထွက်သွားသည်။

အတန်ကြာသည်အထိ စိတ်ငြိမ်သက်သွားအောင် လူဇော် ရပ်နေမိသည်။ နောက်တော့ အရာအားလုံးကို သက်ပြင်းမှုတ်ဆင့် မှုတ်ထုတ်လိုက်ပြီး တရှုံ့ရှုံ့ငိုကြွေးနေသော မေဟသ်ာ၏ ပခုံးလေးကို ဆုပ်ကိုင်ကာ…

'မငိုပါနဲ့တော့ မေဟသ်ာ၊ မငိုပါနဲ့တော့'

'အဟင့်… ဟင့်… ကျွန်မ ရှက်တယ် လူဇော်၊ ရှက်တယ်'

လူဇော် မေဟသ်ာ၏ ပခုံးကို အသာအယာပုတ်၍ စိတ်ထဲမှ…

'ငါ မင်းကို သနားလိုက်တာ မေဟသ်ာရယ်'ဟု ပြောလိုက်မိတော့၏။

◆ ◆ ◆

နောက်ရက်တွင် မေဟသ်ာ ဖျားပါသည်။ ထိုအဖျားကို ရှက်ဖျားဟု အမည်တပ်၍ ရမည်ထင်သည်။

ဤသို့ မေဟသ်ာ ဖျားနေခြင်းကြောင့် အနီးကပ်ဆုံးတွင်ရှိသော လူဇော်ပင် ပြုစုရပါသည်။ ထိုသို့အနီးကပ်နေထိုင်ရင်းမှပင် လူဇော့်စိတ်ထဲ၌ မေဟသ်ာအား သနားကရုဏာနှင့် ယှဉ်သော မေတ္တာတရားတို့ ထွန်းကားလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် လူဇော် မေဟာသီအပေါ် မရိုးသားသည့် အပြုအမူမျိုးကို လုံးလုံးကျူးလွန်ခဲ့ခြင်းမရှိပါ။ အခွင့်အရေး လုံးဝမယူခဲ့ပါ။ ရှင်းသန့်တည်ကြည်ခဲ့သည်။

ဒါကို မေဟာသီကလည်း သိပါသည်။ ထိုသို့သော အပြုအမူများကြောင့် လူဇော့်အား စိတ်ထဲမှနေ၍ လေးစားခင်မင်ခဲ့ရသည်။ နှလုံးထဲမှ စဖြစ်လာသောအခါ လူဇော်နှင့် စကားပြောဖြစ်ကြသည်။ ရင်ထဲမှ လှိုက်ထွက်လာသော လေသံဖြင့်…

'ကျွန်မကို ဒီလိုပြုစုပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ကိုလူဇော်'

'မလိုပါဘူးကွာ၊ ငါတို့က တစ်လှေတည်းစီးနေကြတဲ့လူတွေပဲ'

လူဇော့်စကားကြောင့် မေဟာသီ ခပ်ယဲ့ယဲ့လေး ပြုံးသည်။ ပြီးနောက်…

'ရှင့်အတွက် ကျွန်မ တကယ်ကို စိတ်မကောင်းပါဘူး'

'ဘာအတွက်လဲ'

'ရတီ ရှင့်အပေါ် အထင်လွဲပြီး မုန်းသွားတဲ့အတွက်ပါ'

'ဩော်… ဒါက ပြဿနာတစ်ခု မဟုတ်ပါဘူးကွာ'

'ဘာလို့ မဟုတ်ရမှာလဲ၊ ကျွန်မ နေပြန်ကောင်းသွားရင် ရတီ့ကို ရှင့်အပေါ်အထင်အမြင်မလွဲဖို့ သေချာသွားရှင်းပြပေးပါ့မယ်'

လူဇော်လက်ကာ၍…

'ဟင့်အင်း… ငါ့အတွက် လုံးဝမလိုတော့ပါဘူး၊ အေး… မင်းသိက္ခာအတွက်ဆိုရင်တော့ သွားရှင်းချင်ရှင်းပေါ့'

မေဟာသီ မျက်မှောင်ကြုတ်၍…

'ရှင့်အတွက် ရတီက တကယ်မလိုတော့ဘူးလား'

'အင်း'

'ဒါဆို ရှင် အသဲကွဲနေတာမဟုတ်ဘူးပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'အင်း'

'ရှင် ရတီကို တကယ်မချစ်ခဲ့ဖူးပေါ့'

'ကြိုက်ခဲ့တာပါ'

'ရှင့်စကားက ဘာကြီးလဲ'

'ဒီလိုလေကွာ၊ တန်ဖိုးကြီးပြီး လှပတဲ့ အသုံးအဆောင်ပစ္စည်းတစ်ခုကို တွေ့ရင် မင်းမှာလိုချင်စိတ် သဘောကျတဲ့စိတ် မဖြစ်လာဘူးလား'

'အင်း… ဖြစ်တာပေါ့'

'အေး… အဲဒါကို ကြိုက်တာလို့ခေါ်တယ်၊ ငါထပ်ပြောမယ်၊ အဲဒီပစ္စည်းကို မင်းမှာ ငွေမလုံလောက်လို့ မဝယ်ဖြစ်တဲ့အခါ ဘယ်လိုခံစားရမလဲ'

'အင်း… နှမြောတဲ့စိတ်တော့ ဝင်လာမှာပေါ့'

'ငါလည်း အဲဒီအတိုင်းပဲ၊ ရတီ့ကို နှမြောတာလောက်ပဲ ရှိတာပါ'

မေဟသ်ာ နားလည်သွားသည်။

နောက်တော့လည်း ဒင်္ဂါးပြားဘူတာသို့ ပြန်ဆိုက်သွားကြသည်။

'ဒါနဲ့ ကျွန်မတို့ ဒင်္ဂါးပြားကို ဘယ်လိုနည်းလမ်းနဲ့ ဆက်ရှာကြမှာလဲဟင်'

လူဇော် မေဟသ်ာကို ဖြတ်ခနဲကြည့်သည်။ မေဟသ်ာပုံစံက ဒင်္ဂါးပြားနှင့် ပတ်သက်၍ မရမချင်း လက်လျှော့မည့်ပုံမပေါ်ပါ။ ကိုယ်က လည်းရှာပေးချင်ပါသည်။ ဒါပေမဲ့ ခုဟာက ခြေရာလည်းပျောက် ရေလည်းနောက်ဆိုသလို ဖြစ်သွားတော့ ခက်နေရသည်ပေါ့။

ထို့ကြောင့် လူဇော် သက်ပြင်းချ၍

'အင်း… ခုဟာက လုံးဝကို အစပျောက်သွားပြီဆိုတော့'

ထိုသို့ပြောပြီး လူဇော် စကားစကို ခဏဖြတ်ထားလိုက်ရာ မေဟသ်ာ မျက်နှာညိုသွားပြီး…

'လုံးဝကို ရှာလို့မတွေ့နိုင်တော့ဘူးလို့ ပြောချင်တာလားဟင်'



www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်ပါဘူးကွ၊ ရှာဖို့ခက်သွားတယ်ဆိုတာလောက်ပဲ ပြောချင်တာပါ'

'ဒါဆိုရင်'

လူဇော် လက်ညှိုးတစ်ချောင်းထောင်၍…

'နည်းလမ်းတစ်ခုတော့ ရှိသေးတယ်'

ဟုပြောလိုက်သဖြင့် မေဟာသီ၏ မျက်လုံးအရောင် လက်သွားပြီး…

'ဘာနည်းလမ်းလဲဟင်'

'သတင်းစာထဲမှာ လူပျောက်ကြော်ငြာမဲ့ နည်းလမ်းလေကွာ'

မေဟာသီ မျက်နှာလက်ခနဲဖြစ်သွားသည်။

'ဟုတ်တယ်နော်၊ အဲဒီလို ကြော်ငြာလိုက်ရင် တွေ့ရင်တွေ့မှာ'

လူဇော် လေးနက်သောလေသံဖြင့်…

'တွေ့ရမှာပေါ့ကွာ၊ အချိန်တန်ရင် တွေ့ကိုတွေ့မှာပါ'

သိပ်မကြာခင် ရက်အတောအတွင်းမှာပင် သတင်းစာထဲ၌ အောက်ပါ ကြော်ငြာပါလာပါတော့သည်။

'ဦးခင်ရွှေ၏ သား ကမ္ဘာခင်ရွှေအား အမြန်ဆုံးတွေ့ဆုံလိုပါသည်။ သတင်းပေးနိုင်သူအားလည်း ကျေးဇူးဆပ်ပါမည်။ ဆက်သွယ်ရန်လိပ်စာ အမှတ်(…)၊ မြို့နယ်၊ တိုက်အမှတ်(…)၊ ဖုန်း (၀၉-………)

ထိုကြော်ငြာကို နေ့စဉ်ရက်ဆက်ဆိုသလို လူဇော်တို့နှစ်ယောက် ငွေကုန်ကြေးကျခံ၍ ထည့်ဖြစ်သည်။

လူကိုယ်တိုင်ရောက်လာနိုးနိုး ဖုန်းဆက်နိုးနိုးဖြင့် မျှော်ကြရင်း တစ်ပတ်ခန့်အချိန်ကြာလာသောအခါ တစ်စုံတစ်ယောက်က တံခါးလာခေါက်ပါသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

'ဒေါက်… ဒေါက်… ဒေါက်'

တံခါးခေါက်သံဖြစ်သည်။ လူဇော်နှင့် မေဟာသာတို့တစ်ယောက် မျက်နှာ တစ်ယောက်ကြည့်လိုက်မိကြသည်။ လူခေါ်ဘဲလ်ကို မတီးပဲထောက်၍ ရတီတော့မဖြစ်နိုင်။ ဒါဆို ဘယ်သူလဲ။ ကမ္ဘာခင်ရွှေနှင့် သက်ဆိုင်သူတစ်ယောက်များလား။

ထိုအတွေးကြောင့် နှစ်ယောက်သား တက်ကြွသွားပြီး တံခါးသွားဖွင့်လိုက်ကြ၏။ အခန်းတံခါးဝတွင်တော့ အသက်ငါးဆယ်ခန့်ရှိလူကြီးတစ်ဦး ခားမားကြီးရပ်နေသည်။ လူဇော်က…

'ဘာကိစ္စ ရှိလို့လဲ မသိဘူး'

'ဒါ… သတင်းစာထဲမှာ ကမ္ဘာခင်ရွှေကို တွေ့ချင်လို့ ကြော်ငြာထိုက်တဲ့နေရာလား မသိဘူး'

'ဟာ… ဟုတ်ပါတယ်၊ ဟုတ်ပါတယ်'

'ဟုတ်ပါတယ်ရှင်၊ အထဲကိုကြွပါ'

လူဇော်တို့နှစ်ယောက်စလုံး မျက်နှာတွေ ချိုမြသွားကြသည်။ ထိုလူကြီးက အထဲသို့ ခပ်တည်တည်ကြီးဖြင့် ဝင်လာပြီး ဟိုကြည့် ဒီကြည့်ကြည့်၍ ဝင်ထိုင်သည်။

လူဇော်က စိတ်စောစွာဖြင့်ပင်…



www.burmeseclassic.com

www.burmeseclassic.com



'ဟိုလေ ကမ္ဘာခင်ရွှေကိုပါ တစ်ခါတည်း မခါလာဘူးလား ခင်ဗျ'

'ဟော… ရောက်တောင်နေပြီလေကွာ'

'ခင်ဗျာ'

ထိုသို့ပြောလိုက်သဖြင့် လူဇော်တို့လည်း နဝေတိမ်တောင်ဖြစ်သွားပြီး ဟိုငတိကလေး ကိုယ်တွေနောက်မှာများ တိမ်ာတိတ်ကလေး ရောက်နေသလားဆိုသော အတွေးဖြင့် ကပျာကယာ လိုက်ကြည့်မိကြသည်။

အရိပ်ပင် မတွေ့ရပါ။ ထို့ကြောင့်…

'ဘယ်သူမှလည်း မတွေ့ပါဘူး ဦးလေးရဲ့'

'အာ… မင်းတို့တတွေ ဘယ်ကိုလိုက်ကြည့်နေတာလဲ၊ မင်းတို့ ရှေ့မှာ ထိုင်နေတယ်လေကွာ'

'အဟင်း… မနောက်ပါနဲ့ ဦးလေးရယ်'

'မနောက်ပါဘူး ငါ့တူရယ်'

'အဟီး… မနောက်ဘူးလည်းပြောသေးတယ်၊ ကျွန်တော်တို့ရှေ့ မှာထိုင်နေတာက ဦးလေးပဲဟာကို'

'အေးလေကွာ၊ ငါမထိုင်လို့ ဘယ်သူထိုင်ရမှာလဲ'

'ကျွန်တော် မေးနေတာက ကမ္ဘာခင်ရွှေကိုလေ'

'ဟုတ်တယ်လေ၊ ဖြေနေတာလည်း ကမ္ဘာခင်ရွှေပဲလေ'

ရှုပ်တော့ ရှုပ်နေပြီ။ ထို့ကြောင့် ရှင်းအောင်မေးရတော့မည်။

'နေပါဦး၊ ဦးလေးက ဘယ်သူလဲ'

'ငါက ကမ္ဘာခင်ရွှေလေကွာ'

'ကျွန်တော်တို့တွေ့ချင်တဲ့ ကမ္ဘာခင်ရွှေက ငယ်ငယ်လေးဗျ၊ လာ နောက်မနေနဲ့တော့'

'ဟ … ငါလည်း ငယ်ပါသေးတယ်ကွ၊ ခုမှသက်တ လေးဆယ်စွန်းပဲ ရှိတဲ့ဟာ'



www.burmeseclassic.com

www.burmeseclassic.com

ဒီရုပ်က လေးဆယ်စွန်းစွန်း ဟုတ်ပါလိမ့်မယ် အားကြီးကြီး။ ငါးဆယ်ကိုတောင် နှစ်ဘူတာလောက် လွန်နေတဲ့ ရုပ်ကများ ဟင်း။

လူဇော် တော်တော်ကို ဒေါပွနေပါပြီ။ ထို့ကြောင့် လေသံမာမာဖြင့်…

'ဒီမှာ ကျုပ်တို့ရှာနေတဲ့ ကမ္ဘာခင်ရွှေက ဦးခင်ရွှေရဲ့သား'

'အေးလေကွာ၊ ငါ့အဖေနာမည်ကလည်း ဦးခင်ရွှေပဲဟာကို၊ ဒါကြောင့် ငါ့ကို သူ့နာမည်ပါအောင်ဆိုပြီး ဇေယျာခင်ရွှေတဲ့ မှည့်ခဲ့တာ ဟင်း… ဟင်း'

'ဟင်… အလိမ်ပေါ်ပြီ၊ ခင်ဗျား ခုနက ပြောတော့ ကိုယ့်ကိုယ်ကိုယ် ကမ္ဘာခင်ရွှေဆို၊ ခုတော့ ဇေယျာခင်ရွှေတဲ့'

'မလိမ်ပါဘူး ငါ့တူရယ်၊ အရင်တုန်းက ဇေယျာခင်ရွှေဆိုတာတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ ဟိုတစ်ရက်ကပဲ ဒီနာမည်ကိုမကြိုက်လို့ ကမ္ဘာခင်ရွှေလို့ ပြောင်းလိုက်တာ၊ မယုံရင် အိမ်က ငါ့မိန်းမကိုမေးကြည့်ပါလား၊ သူ့ကိုတောင် နာမည်သစ် ကင်ပွန်းတပ်ပွဲအနေနဲ့ အီကြာကွေးတစ်ချောင်း ဝယ်ကျွေးခဲ့သေးတယ်'

ဒီလောက်ဆိုရင် လူဇော်တို့သဘောပေါက်သွားပြီ။ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်၍ သက်ပြင်းချသည်။ ခေါင်းခါသည်။

မေဟသီက ကမ္ဘာခင်ရွှေဆိုသော နာမည်သစ်နှင့် ပုဂ္ဂိုလ်ကြီးအား ချိုသာသောလေသံဖြင့်…

'အဟင်း… ဘယ်လိုပြောရမလဲ၊ ဦးလေးက ဦးကမ္ဘာခင်ရွှေဖြစ်ကြောင်းကို ကျွန်မတို့ ယုံပါတယ်၊ ဒါပေမဲ့လေ အဟင်း… ဦးလေးက ကျွန်မတို့ ရှာနေတဲ့ ကမ္ဘာခင်ရွှေ မဟုတ်ဘူး သိလား၊ အဲဒါကြောင့် အဟင်း ပြန်တော့နော် အဟင်း'

ထိုသို့ အဟင်းပေါင်း အခွန်းသုံးဆယ်လောက်ဖြင့် မျက်နှာချိုသွေးတာ ပြန်ခိုင်းတော့မှ ထိုပုဂ္ဂိုလ်ကြီး အင်တင်တင်·ရုပ်ဖြင့်…



www.burmeseclassic.com

www.burmeseclassic.com



'ဒါဆို ကမ္ဘာခင်ရွှေ မှားနေတာပေါ့ ဟုတ်လား'

'အဟင်း… ဟုတ်ပါတယ် ဦး၊ အသက်အရွယ်ချင်း မဆို စလောက်လေးပဲ မှားသွားတာပါ၊ အဟင်း'

အမှန်တော့ ပက်ပက်စက်စက်ကို မဆိုစလောက်ကြီးပါ။

'အေးပေါ့ကွာ၊ မှားတယ်ဆိုတော့လည်း ပြန်ရတော့မှာပေါ့'

'အဟင်း… အားနာစရာကြီး၊ အဟင်း… ပြန်ပါ၊ ပြန်ပါ'

ထို့နောက် ထိုပုဂ္ဂိုလ်ကြီးပြန်သွားသောအခါ လူဇော်က မေဟာသ် ဘက်သို့ လှည့်ကာ သွားကိုဖြဲ၍…

'အဟင်း… ဘယ်လိုပြောရမလဲဆိုတော့ အဟင်း… မေဟာသ် ရယ် အဟင်း… ဘယ်လိုမှကို အဟင်း… မပြောချင်တော့ဘူးပေါ့နော်'

မေဟာသ် မျက်စောင်းထိုးပြီး လူဇော့်မိုက်ခေါက်ကို ဆွဲလိမ်ပစ် လိုက်၏။

'အားနာတယ်ဟ'

'ဒါနောက်စရာမဟုတ်ဘူး ရှင့်'

'အဟင်း… မနောက်ပါဘူး'

'လူဇော်'

မေဟာသ် ·အကျယ်ကြီး ထအော်ပစ်လိုက်သည်။ လူဇော်က မျက်ခုံးကိုပင့်၍…

'အဟင်း… ဘာလဲ'

ထို့နောက်တော့ နှစ်ယောက်သား စိတ်ပျက်လက်ပျက်ဖြင့် ရယ် လိုက်မိကြတော့သည်။

'ဟား… ဟား… ဟား'

'ခစ်… ခစ်… ခစ်'

နောက်ပိုင်းတွင်တော့ ထိုသို့သောအဖြစ်မျိုး ထပ်မကြုံရအောင် သတင်းစာကြော်ငြာစာသားကို ပြင်ဆင်လိုက်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



'ဦးခင်ရွှေ၏ သား အသက် ငါးနှစ်အရွယ်ရှိ မောင်ကမ္ဘာခင်ရွှေ အား အမြန်ဆုံးတွေ့ဆုံလိုပါသည်။ သတင်းပေးနိုင်သူအားလည်း ကျေးဇူး ဆပ်ပါမည်။ ဆက်သွယ်ရန်လိပ်စာ၊ ဖုန်း.....'

ထိုသို့စာကြောင်းကို ပြင်ဆင်ပြီးသည့်နောက်ပိုင်းတွင် ရက်အနည်း ငယ်မျှ လူဇော်တို့ ထဖိမ်စောင့်ကြည့်ကြသော်လည်း အခြေအနေကမည်သို့ မှ ထူးမလာခဲ့ပါ။

အိပ်ကပ်ပါးသွားတာပဲ အဖတ်တင်ခဲ့၏။ ထို့ကြောင့် ကြော်ငြာအား ထည့်တော့ဘဲ ရပ်နားလိုက်ရတော့သည်။

ဤသို့ဖြစ်ခြင်းကြောင့် ကမ္ဘာခင်ရွှေ၏ ခြေရာ လုံးဝပျောက်သွား သောအခါ နှစ်ယောက်သား ရှာဖွေရေးကို စိတ်ဓာတ်ကျသွားကြသည်။

အမှန်အားဖြင့်ဆိုလျှင် ဒီကိစ္စသည် လူဇော်နှင့် မည်သို့မျှ မဆိုင် ပါ။ ထို့ကြောင့် လူဇော် စိတ်ဓာတ်ကျစရာအကြောင်း မရှိပါ။

သို့သော် လူဇော်သည် လူသားထဲက လူတစ်ယောက်သာဖြစ် သည်။ မည်သူမဆို အကြောင်းအားလျော်စွာ ကိုယ်ပါဝင်ပတ်သက်မိလိုက် သော ကိစ္စအား အဆုံးထိပြီးမြောက်သွားခြင်းကို မြင်တွေ့လိုသည်ချည်းပဲ ဖြစ်၏။

ထို့ကြောင့် လူဇော်သည်လည်း မေဟာသီ လက်ထဲသို့ ဒင်္ဂါးပြား ရောက်သွားသည်ကို မြင်တွေ့ချင်ပါသည်။ အကြောင်းအရာ အကုန်လုံးကို သိမြင်နေရတော့လည်း မေဟာသီအား သနားမိသွားခြင်းလည်းပါသည်ပေါ့။

သို့ရာတွင် နှစ်ယောက်သား စိတ်ဓာတ်ကျခဲ့ခြင်းမှာ ယာယီမျှသာ ဖြစ်၏။ နေရင်းထိုင်ရင်းအချိန်ကြာမြင့်လာသောအခါ နားလည်မှုတွေ ကောင်းပွလာခြင်းကြောင့် နှစ်ယောက်သား ကမ္ဘာသည် ပျော်စရာကောင်း လာသည်။

ထိုသို့ ပျော်စရာကမ္ဘာအား ပိုမိုပြည့်စုံစေသည့် အရာတစ်ခုအား မျှော်လင့်ဘဲထပ်မံရှာဖွေတွေ့ရှိသွားသောအခါ...

◆ ◆ ◆

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၄)

ထိုနေ့က နှစ်ယောက်သား ဈေးဝယ်ထွက်ခဲ့ကြခြင်းဖြစ်သည် မေဟာသီကာ…

'လူဇော် ဒီနေ့ ဘာနဲ့စားမလဲ'

'အင်း… ထုံးစံအတိုင်းပဲ စားမယ်လေ'

မေဟာသီ နဝေတိမ်တောင်ဖြင့်…

'ထုံးစံအတိုင်းဆိုတာက ဘာနဲ့စားလို့လဲ'

'ပါးစပ်နဲ့လေ၊ ပါးစပ်နဲ့ပဲ ဝါးဝါးပြီး စားမှာကိုပြောတာ'

မေဟာသီ မျက်စောင်းထိုး၍…

'တွေ့လား၊ နောက်တီးနောက်တောက်တွေ ပြောပြန်ပြီ'

'ဟော့… ဟော့… ငါနောက်ကနေတီးတာတွေ တောက်တာ ဝါသနာမပါဘူး၊ ရင်ဆိုင်ရင် ရှေ့တည့်တည့်က ဖြောင်ဖြောင်ပဲ ဟင်း ဟင်း'

မေဟာသီ စိတ်မရှည်ဖြစ်လာပြီး လူဇော် ဗိုက်ခေါက်အား လိမ်ပစ်လိုက်သည်။

ထိုအခါ လူကြားသူကြားထဲမှာပင် လူဇော် အသံကျယ်ကြီး ထအော်၏။

'အား… လာ… လာ'



www.burmeseclassic.com

www.burmeseclassic.com



'ဘယ်လိုဖြစ်ပြီး အဲဒီလောက်တောင် အော်နေရတာလဲ'

'နာတာကိုးကွ'

ထိုသို့စရင်းနောက်ရင်းဖြင့် ဈေးထဲသို့ ရောက်လာသောအခါ မေဟာသ်ာ ဆိုင်တိုင်းကို ဟိုဈေးမေး၊ ဒီဈေးမေးဖြင့် တစ်ဈေးလုံးအနှံ့ သုံးခေါက်တိတိပတ်သည်။

ထိုအခါ မလွှဲသာလွန်းလို့သာ လိုက်လာရသော လူဇော်မှာ ချက်နာပူ ခြောက်ထောက်ညောင်းလာသဖြင့် ကြာလာတော့ ကွဲမြီးတိုလာ၏။

'မေဟာသ်ာ မင်း ဒီနေ့အဖို့ ဈေးဝယ်ဦးမှာလား'

'ဝယ်မှာပေါ့၊ ဘာဖြစ်လို့လဲ'

'ဩော်... မသိပါဘူး၊ ငါက မင်းများ တစ်ဈေးလုံးကို ကန်ထရိုက်သူမလို့လိုက်မေးနေတာလားလို့ ထင်လာမိလို့ပါ'

'ရှင်နော် မရွဲ့နဲ့'

'ရွဲ့ရအောင် ငါက လေဖြတ်နေတဲ့ကောင်မှ မဟုတ်တာကွ'

မေဟာသ်ာ မျက်စောင်းထိုး၍...

'ကျွန်မက အလကားလျှောက်ပတ်နေတယ်လို့ ရှင်က ထင်လို့သား'

'ဘာလဲ ပိုက်ဆံပေးပြီး ပတ်ရလို့လား'

မေဟာသ်ာ ဒုတိယအကြိမ်မြောက် မျက်စောင်းထိုးပြီး...

'ဒီလို ဟိုပတ်ဒီပတ်ပတ်ပြီး ဟိုမေးဒီမေး လိုက်မေးတယ်ဆိုတာက အလကားမဟုတ်ဘူး၊ အဲဒါ ဈေးဝယ်နည်း နည်းဗျူဟာရှင့်၊ မှတ်ထား'

လူဇော် နဝေတိမ်တောင်ဖြစ်သွားသည်။ ဗျူဟာတွေထဲမှာ ဒီလို ဈေးဝယ်ဗျူဟာဆိုတာ ရှိသလားပေါ့။ မသိခြင်းကြောင့် ဟုတ်ချင်လည်း ဟုတ်နိုင်မည်။ ထို့ကြောင့် အူတူတူဖြင့် လက်ခံလိုက်ရပြီး...

'ဩော်... ဒီလိုလား၊ ဒါပေမဲ့ မင်းဗျူဟာကြီးက အာပေါ်ပြီး ခြေထောက်နည်းနည်းညောင်းသလိုပဲနော်'



www.burmeseclassic.com

www.burmeseclassic.com



မေဟာသာ တတိယအကြိမ်မြောက် မျက်စောင်းထိုးသည်။

နောက်တော့ မေဟာသာ ဆုံးဖြတ်ချက်ချလိုက်ဟန်ဖြင့် ကြက်သား ရောင်းသောဆိုင်တစ်ဆိုင်အတွင်းသို့ ဝင်သည်။ ပြီးနောက် ကြက်သားဝယ် သည်။ ဝယ်ဖို့ကြိုးစားနေသည်ဆိုလျှင် ပိုမှန်မည်။

မေဟာသာ ကြက်သားသည်အား ဈေးလျှော့၍ အလေးမှန်မှန်ချိန် တွယ်ရန် ပြောနေချိန်တွင် လူဇော်ကလည်း နောက်ဘက်မှ မေဟာသာအား စောင့်ရင်း တောင်ကြည့်မြောက်ကြည့်လုပ်နေ၏။

ထိုသို့လိုက်ကြည့်နေသည့်အချိန်တွင် လူဇော်မျက်လုံးထဲသို့ မြင်ကွင်းတစ်ခုက တိုးဝင်လာသည်။ မြင်ကွင်းက သာမန်မြင်ကွင်းမျိုးပါ။

နွမ်းပါးပုံရသော သားအမိနှစ်ယောက်တွင် အမေဖြစ်သူက မုန့်ဝယ် ကျွေးရန် ပူဆာနေသော စွပ်ကျယ်ချိုင်းပြဲနှင့် ကလေးငယ်အား အနည်း ငယ် ရိုက်နှက်၍ ဆူပူနေသော မြင်ကွင်းပင်ဖြစ်သည်။

'အီး… ဟီး… ဟီး… မုန့်စားမယ်၊ မုန့်စားမယ်'

'ကဲဟယ်… ကဲဟယ်… မိဘက ရှိမှန်းမသိ၊ မရှိမှန်းမသိဘဲနဲ့ မြို့ဖို့ဆို့ဖို့ပဲ ပြောနေတယ် ဟင်း'

'သားမှ ဘာမှမစားရသေးတာ အမေကြီးရဲ့၊ ဗိုက်ဆာတာပေါ့၊ အီး… ဟီး… ဟီး'

'ဟဲ့… နင့်အဖေ ဆိုက်ကားသမား အရက်သမားက ငါ့ကို ပိုက်ဆံဘယ်လောက်ပေးလို့လဲ၊ ခုဟင်းချက်စရာတောင် မနည်းခြစ်ကုတ် ပြီး ဝယ်ရမှာ၊ ဗိုက်ဆာလည်း အောင့်ထား၊ ထမင်းကျက်မှစား'

'အီး… ဟီး… ထမင်းကျက်ဖို့က အဝေးကြီးလိုသေးတာကို သားက အခုဗိုက်ဆာနေပြီဂျ'

'မတတ်နိုင်ဘူးဟေ့၊ မတတ်နိုင်ဘူး၊ နင် ဒီလောက်ဂျီကျနေ လည်း ဒီမှာနေခဲ့၊ ငါဈေးဝယ်ပြီးမှ လာခေါ်မယ်'

ထိုသို့ပြောပြီး အမေဖြစ်သူက စိတ်မရှည်တော့ဟန်ဖြင့် ကလေး အား ထားခဲ့ပြီး ဘောက်ဆတ်ဘောက်ဆတ်ဖြင့် ထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီမြင်ကွင်းမျိုးက ဆင်းရဲနွမ်းပါးသော လူတန်းစားပတ်ဝန်းကျင်မှာ ရှိနေတဲ့ မြင်ကွင်းမျိုးပါ။ လူဇော့်အတွက်လည်း ပုံမှန်အားဖြင့် သနားကရုဏာနည်းနည်းဖြစ်မိတာလောက်သာ ရှိပြီး ဘယ်လိုမှကို စိတ်ဝင်စားစရာမကောင်းတဲ့ မြင်ကွင်းမျိုးပါ။

ဒါပေမဲ့ ကလေးငယ်လည်ပင်းတွင် တွဲလွဲဆွဲထားသော အရာလေးက လူဇော့်အား စိတ်ဝင်စားသွားစေသည်။

ထို့ကြောင့် တရှုံ့ရှုံ့ငိုနေသော ကလေးအား လက်ယပ်လှမ်းခေါ်လိုက်၏။

'ဟိတ်… ကလေး… လာ… ဒီကိုလာ'

ကလေးက ကြားသွားပြီး အကြောင်ကြောင်ဖြင့် လှမ်းကြည့်သည်။ ထို့ကြောင့် ထပ်၍…

'လာ… ဒီကိုလာ၊ မင်းကို ဦး မုန့်ဝယ်ကျွေးမယ်'

မုန့်ဆိုသည့် စကားကြောင့် ကလေး၏ မျက်ဝန်းမှာ အရောင်တောက်လာပြီး လူဇော့်ထံသို့ ရောက်လာသည်။

လူဇော် ခါးကိုကိုင်း၍ ကလေး၏လည်ပင်း၌ ဆွဲထားသော ဆွဲပြားလေးကို ကိုင်ကြည့်လိုက်မိသည်။ ရင်ထဲတွင် လျှောင်လှုပ်သွားသည်။

ဒါသည် ဓာတ်ပုံထဲတွင် ကိုယ်ကြိမ်ဖန်များစွာ ကြည့်၍ထားသော ရှားလ်မိန်းဒင်္ဂါးမှ ရှားလ်မိန်းဒင်္ဂါးအစစ်။ ဘယ်လိုမှကို မမှားနိုင်။ လူဇော် ကျောက်ရုပ်ဖြစ်သွားသည်။

ကလေးငယ်က ဇဝေဇဝါမျက်ဝန်းဖြင့် လူဇော့်အားကြည့်ပြီး…

'ဦး… သားကို မုန့်ဝယ်ကျွေးမလို့ဆို'

ဟုပြောလိုက်ရာ လူဇော် သတိဝင်သွားပြီး…

'အေးပါကွာ၊ ကျွေးမှာပေါ့၊ အများကြီးကို ဝယ်ကျွေးမှာ'

ထိုစဉ် မေဟသီက ကြက်သားဝယ်ပြီးပြီဖြစ်၍ အထုပ်ကိုင်လာသော လူဇော်ဘက်သို့ လှည့်လာသည်။ လူဇော်နှင့်အတူ ကလေးတစ်ယောက်အား တွေ့မြင်လိုက်ခြင်းကြောင့် မျက်မှောင်ကြုတ်၍…



www.burmeseclassic.com

www.burmeseclassic.com



'လူဇော် ဒါ ဘယ်ကကလေးလဲ'

လူဇော် အာရုံမကျြေဘဲ ကလေးသည့်ဗင်းမှ ဒဂ်ါးပြားကို သာကျဉ်း ထိုးပြလိုက်သည်။ မေဟာသာ နှဝေတိမ်တောင်ဖြင့် လူဇော် ညွှန်ပြရာသို့ ကြည့်သည်။

'ဟင်… ဒင်္ဂါး… ဒင်္ဂါး'

လက်ထဲမှ ကြက်သွားထုပ်မြေပေါ်သို့ ဘုတ်ခနဲပြုတ်ကျသွားပြီး မြေပေါ်သို့ စောင့်ကြောင့်ထိုင်၍ ဒင်္ဂါးပြားကို သေချာစွာကြည့်ပါတော့သည်။

စိတ်အလွန်အမင်း လှုပ်ရှားနေသော လေသံဖြင့်…

'ဟုတ်ပါတယ်၊ ဒါ… ဒင်္ဂါးပြားအစစ်ပါပဲ'

စိတ်လှုပ်ရှားမှုကြောင့် တစ်ကိုယ်လုံး တုန်ရင်နေသော မေဟာသာ အား လူဇော်က ပခုံးအားမသိမသာပုတ်၍ လေသံခပ်အုပ်အုပ်ဖြင့်…

'မေဟာသာ စိတ်ထိန်းစမ်း၊ ငါတို့ ဒီအချိန်မှာ ခေါင်းအေးအေးထား မှ ရမယ်'

ထိုသို့ သတိပေးလိုက်မှ မေဟာသာ သတိပြုမိသွားပြီး ကိုယ့်ကိုယ် ကိုယ် ကြိုးစား၍ ထိန်းကာ မတ်တပ်ထရပ်သည်။ ပြီးနောက် လူဇော့်အား အားကိုးတကြီးလေသံဖြင့်…

'ကျွန်မတို့ ဘယ်လိုလုပ်ကြမလဲဟင်'

ထိုသို့မေးလိုက်ရာ လူဇော်က…

'အင်း… ကလေးအမေရှိတယ်ကွ၊ ဈေးသွားဝယ်နေတယ်၊ ငါတို့ သူ့ကိုစောင့်ပြီး ဒီဒင်္ဂါးကို ဝယ်လိုက်ကြတာပေါ့'

'ရောင်းပါ့မလားဟင် လူဇော်'

'သူတို့ပုံစံကြည့်ရတာ ရောင်းမှာပါ၊ ငါတို့ဘက်ကသာ အရမ်းကြီး ကူနွေ့မပျက်အောင် ထိန်းပြီးပြောဖို့လိုတာ၊ နားလည်လား'

'အင်း… ကျွန်မ သဘောပေါက်ပြီ'

ထိုစဉ် ကလေးက လူဇော့်ဘောင်းဘီစကိုဆွဲ၍…

www.burmeseclassic.com



'ဦး သားကို မုန့်ဝယ်ကျွေးမယ်ပြောပြီး ခုထိလည်း မဝယ်ကျွေးသေးဘူး'

'ဩော်... အေး... ဝယ်ကျွေးမှာပေါ့ကွ'

'ဗိုက်ဆာနေပြီဂျ'

'ဟုတ်ပါပြီကွာ၊ ဟုတ်ပါပြီ၊ ကဲ... လာ... လာ... မုန့်သွားစားကြမယ်'

ထို့နောက်တော့ ကလေးငယ်စားချင်သော မုန့်မျိုးစုံကို ဈေးအတွင်း၌ လူဇော်တို့လိုက်ဝယ်ကျွေးဖြစ်ခဲ့ကြသည်။ မုန့်စားပြီးသွားသောအခါ လူဇော်က...

'စားဦးလေကွာ၊ ဘာစားဦးမှာလဲ'

'တော်ပြီ၊ ဗိုက်မဆံ့တော့ဘူးဂျ'

'ဟား... ဟား... ကောင်းပါ့ကွာ၊ ဒါနဲ့ သားနာမည်က ကမ္ဘာခင်ရွှေမဟုတ်လား'

ကလေးငယ်အံ့အားသင့်ဟန်ဖြင့် မော့ကြည့်ပြီး...

'ဟင်... ဦးက ဘယ်လိုသိလဲ'

'သိတာပေါ့ကွ၊ သားတို့က ရွှေပေါက်ကံမှာနေတာလား'

'ဟင့်အင်း... အဲဒါအရင်တုန်းကပါ၊ ခု ဟိုနားလေးကို ပြောင်းလာပြီ'

'ဩော်'

ထိုအခါကျမှ ရွှေပေါက်ကံတွင် ဒီဇော်လေးအား မိမိတို့ရှာမတွေ့ရခြင်းအကြောင်းရင်းကို သဘောပေါက်ရတော့သည်။ လက်စသပ်တော့ ဒင်းတို့က အိမ်ပြောင်းသွားတာကိုး။

ထိုစဉ် ကလေးအမေက ပြူးပြူးပြာပြာဖြင့် ရောက်လာပြီး သူ့သားလက်ကိုဆွဲကာ...

'ဟဲ့... နင်က ငါထားတဲ့နေရာမှာ မနေဘဲ ဘယ်ရှေ့လျှောက်သွားနေတာလဲ'



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ကမ္ဘာခင်ရွှေလေးက…

'ဒီက ဦးဦးတို့က မုန့်လိုက်ဝယ်ကျွေးနေလို့ပါ'

ထိုသို့ပြောလိုက်ရာ ငှင်းမိန်းမက လူဇော်တို့အား စူးစူးခဲကြည့်ပြီး

'ရှင်တို့က ဘယ်သူတွေလဲ၊ ဘာလို့ ကျွန်မသားကို သိလည်းမသိဘဲနဲ့ မုန့်ဝယ်ကျွေးရတာလဲ'

မေးခွန်းက သံသယမေးခွန်းပါ။ ကလေးကိုယ်တွေကို ကလေးခိုးတဲ့လူလား ဘာလားဟု တင်းသွားဟန်ရှိသည်။ ထို့ကြောင့် လူဇော်လည်း ဉာဏ်ကိုသုံး၍…

'ဟာ… တစ်မျိုးမထင်ပါနဲ့ အစ်မ၊ ကျွန်တော်တို့က ကိုခင်ရွှေရဲ့ မိတ်ဆွေတွေပါ၊ အဲဒါ ဒီမှာ သားလေးကမ္ဘာခင်ရွှေကိုတွေ့လို့ မုန့်လိုက်ဝယ်ကျွေးနေတာ'

'သြော်… ရှင်တို့က ကျွန်မယောကျ်ားရဲ့ အသိတွေလား၊ နေပါဦး ရှင်တို့ကို ကျွန်မ မမြင်ဖူးပါဘူး'

သံသယက ရှင်းသေးဟန်မတူပါ။ ထို့ကြောင့် လူဇော်ထပ်၍ မလိမ့်တပတ်လုပ်ရတော့သည်။

'ဟိုလေ… ကျွန်တော်နဲ့ ကိုခင်ရွှေ သိတယ်ဆိုတာက အစ်မတို့ အရင်နေခဲ့တဲ့ တောင်ဒဂုံမှာ သိခဲ့တာပါ၊ ဟိုဗျာ သာဂိတို့ မျိုးသန့်တို့နဲ့ တောင် ကျွန်တော် ရင်းနှီးပါသေးတယ်'

'သြော်… ရှင်က သာဂိတို့နဲ့တောင် သိတာကိုး'

သူသိတဲ့လူတွေကိုပါ သိသည်ဆိုသဖြင့် ယုံကြည်သွားပုံရသည်။

လူဇော်က ရှပ်တည်ကြီးဖြင့် ဆက်၍…

'ဒါနဲ့ ကိုခင်ရွှေကြီးရော နေကောင်းရဲ့လား'

'မကောင်းတလှည့် ကောင်းတလှည့်ပါပဲရှင်၊ သိတဲ့အတိုင်းပဲ အရက်သောက်လွန်းတော့ လူကဖောသွပ်သွပ်တော့ ဖြစ်နေရော့'

'အာ… ဒါဆိုရင် လျော့ခိုင်းတော့လေဗျာ'


www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မလည်း ပြောတာပေါ့၊ ဒါပေမဲ့ ရကိုမရဘူး၊ ဆိုက်ကားနင်းတာ ပင်ပန်းလို့ဆိုပြီး သောက်နေတော့တာ ဟင်း'

'ဘာပဲဖြစ်ဖြစ်လေဗျာ၊ ကလေးကလည်း ကျောင်းနေတဲ့အရွယ်ကို ရောက်လာပြီဆိုတော့ သူလျှော့သင့်တာပေါ့'

'ဟုတ်ပါ့ရှင်၊ ဘယ်လိုပြောပြော လူလိုက်ကို နားမလည်ဘူးဖြစ်နေတယ်'

ထို့နောက်တော့ သူ့ယောကျ်ားနှင့်ပတ်သက်သမျှ မကျေမနပ်ဖြစ်နေသည့် ကိစ္စအဝဝတို့ကို လူဇော်တို့အား ရင်ဖွင့်တော့သည်။

ထိုအခါ လူဇော်တို့ကလည်း နားမထောင်ချင်ပါဘဲနှင့် ဒင်္ဂါးပြားကိစ္စက ရှိသဖြင့် အလိုက်သင့်ပြောကာ စိတ်ဝင်စားဟန်ဆောင်၍ နားထောင်ရသည်။

သူမ စကားပြော၍ မောသွားလောက်မှ လူဇော်က ဒင်္ဂါးပြားဘက်သို့ စကားဦးလှည့်လိုက်သည်။

'ဒါနဲ့ ဒီကမ္ဘာခင်ရွှေလေးရော ငယ်ငယ်တုန်းကလို ငိုကြောရှည်တုန်းပဲလား'

'ဟင့်အင်း… သိပ်မငိုတော့ပါဘူး၊ ဂျီကျချုံလောက်ပဲ ရှိတော့တာ၊ အရင်တုန်းကဆိုရင်တော့ ဘယ်ပြောကောင်းမလဲ၊ ငိုလိုက်တာမှ တစ်ရပ်ကွက်လုံးဝက်ဝက်ကွဲပဲလေ အဟင်း'

'ဟုတ်တယ်နော်၊ နောက်မှ သာဂိပေးတဲ့ ခမဲကြောင့် ဒီကောင်သိပ်မငိုတော့တာ မဟုတ်လား'

'ဟုတ်တယ်၊ ဟုတ်တယ်၊ ဒီမှာလေ သာဂိပေးတဲ့ ခမဲငွေဒင်္ဂါးပြားလေး ခုချိန်ထိလည်ပင်းမှာ ဆွဲထားတုန်းပဲဟာ'

လူဇော်က စိတ်ညစ်သည့်လေသံဖမ်း၍…

'အေးဗျာ၊ ကျွန်တော်လည်း ဒါမျိုးတစ်ခုလောက် လိုချင်လိုက်တာ'

'ဘာဖြစ်လို့လဲဟင်'



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်တို့ သားလေးဗျာ အသက် နှစ်နှစ်လောက်တော့ ရှိပြီ၊ ညဘက်ဆိုရင် ငိုလိုက်တာဗျာ၊ တိတ်ကိုမတိတ်နိုင်ဘူး၊ တစ်ခါတလေများ ဆိုရင် မိုးတောင်လင်းတယ်'

'ဟင်… ဟုတ်လား'

ထိုသို့ပြောပြီးနောက် လူဇော် ပြုံးစိစိမျက်နှာဖြင့် မေဟာသ်ာဘက်သို့ ဖြတ်ခနဲလှည့်ကြည့်သည်။ စကားအသွားအလာအရ ကိုယ်နဲ့မေဟာသ်ာက ကလေးတစ်ယောက်တောင် ရသွားပြီလေ။

ထို့ကြောင့် မေဟာသ်ာ မသိမသာဖြင့် မျက်လုံးပြူးကာ အံကြိတ်ပြ သည်။ ထိုစဉ် ကမ္ဘာခင်ရွှေ၏ အမေက…

'ဟိုလေ ဒါဆိုရင် ဒီလိုလုပ်ပါလား၊ ကျွန်မ သားက အရွယ်လည်း ရောက်လာပြီ၊ ပြီးတော့ ငိုလည်းမငိုတော့ဘူးဆိုတော့ သူ့ဆီက ဒဂ်ါးကို ယူသွားပါလား'

ရေငတ်တုန်း ရေတွင်းထဲသို့ ပြုတ်ကျသွားပါပြီ။ လူဇော်တို့နှစ် ယောက်လှုပ်လှုပ်ရှားရှား ဖြစ်သွားပြီး ဟန်ပင်မဆောင်နိုင်တော့ဘဲ…

'အားနာစရာကြီးဗျာ'

'ဩော်… ရပါတယ်၊ ကိုယ့်မိတ်ဆွေတွေပဲဟာ'

ဟု ပြောရင်း သူမသားလည်ပင်းမှ ဒဂ်ါးကို ပြုတ်၍ လူဇော်တို့ အား ပေးလိုက်သည်။ ဒါသည် မိတ်ဆွေချင်းအကူအညီပေးရန် လက်မနှေး တတ်သော အခြေခံလူတန်းစားတို့၏ သဘာဝပင်ဖြစ်သည်။

ထိုအခါ လူဇော်ကလည်း နားလည်စွာ အလိုက်တသိဖြင့် မေဟာသ်ာ ဘက်သို့လှည့်ကာ အချက်ပြလိုက်သည်။ မေဟာသ်ာကလည်း သဘောပေါက်စွာဖြင့် အိတ်ထဲမှ ပိုက်ဆံတစ်ထပ်ကိုထုတ်ပြီး လူဇော်အား ပေးလိုက်၏။

ထိုအခါ လူဇော်က ကမ္ဘာခင်ရွှေလေး အမေအား လှမ်းပေး၍…

'ဘယ်လိုမှ သဘောမထားနဲ့နော် အစ်မ၊ ဒါလေးတော့ ယူလိုက် ပါ'



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောလိုက်ရာ သူမက အကြောက်အကန်လေသံဖြင့်…

'ဟင့်အင်း… ဟင့်အင်း… ဘာလို့ယူရမှာလဲ၊ ကျွန်မက သားသမီးချင်း ကိုယ်ချင်းစာလို့ပေးတာပါ'

ထိုအခါ လူဇော်နှင့် မေဟသ်ာတို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်၍…

'ကျွန်တော်တို့ကလည်း ဒီလိုအပေးအယူ သဘောမျိုးနဲ့ပေးတာ မဟုတ်ပါဘူး၊ မိတ်ဆွေချင်း ကိုယ်တတ်နိုင်သလောက်ကလေး ကူညီတဲ့ သဘောနဲ့ ပေးတာပါ'

မေဟသ်ာကလည်း ဝင်၍…

'ဟုတ်ပါတယ် အစ်မရယ်၊ ယူလိုက်ပါ၊ ကလေးကျောင်းစရိတ်ကလည်း ရှိသေးတယ် မဟုတ်လား'

'နေပါစေ ညီမရယ်၊ ညီမတို့လင်မယားစေတနာကို အစ်မ နားလည်ပါတယ်၊ ဒါပေမဲ့ ဒီငွေတွေကိုတော့ မယူပါရစေနဲ့'

ထိုသို့ပေးသူနှင့် ယူသူ အပြန်အလှန်ငြင်းချက်ထုတ်၍ အတန်ကြာသည်အထိ လူဇော်တို့ အာပေါက်အောင်ပြောမှ မျက်ရည်တလည်လည်ဖြင့် ဆုတွေတစ်လှေကြီးပေးကာ ယူသွားရှာပါသည်။

ဤသို့ကမ္ဘာခင်ရွှေတို့ ထွက်သွားမှ မေဟသ်ာလည်း ဒင်္ဂါးပြားကို လက်ထဲတွင် တင်းကျပ်စွာဆုပ်ကိုင်၍ စိတ်ကိုလျှော့ချလိုက်သောအခါ မျက်ရည်တို့ ပိုးပိုးပေါက်ပေါက်ကျလာပါလေတော့သည်။

ထို့ကြောင့် လူဇော် ပျာယာခတ်သွားပြီး…

'ဟင်… မေဟသ်ာ ဘာ… ဘာဖြစ်လို့လဲ၊ ပိုက်ဆံပေးလိုက်ရတာ များသွားပြီး နှမြောလို့လား'

မေဟသ်ာ ဆို့နစ်သောလေသံဖြင့်…

'ကျွန်… ကျွန်မ အဖေ့ရဲ့ဒင်္ဂါးပြားကို တကယ်ပဲ ရှာတွေ့ခဲ့ပြီနော်'



www.burmeseclassic.com

www.burmeseclassic.com



လူဖော် ရင်ထဲတွင် လိုက်ခဲနဲဖြစ်သွားပြီး မေဟာသာ၏ စိတ်ခံစားမှုကို နားလည်မိသွားသည်။

"ကဲပါကွာ၊ စိတ်မကောင်းဖြစ်တာလည်း ဖြစ်တာပေါ့၊ ဒါပေမဲ့ ဒီပတ်ဝန်းကျင်မှာက လူတွေကအများကြီးကွ၊ မင်းငိုချင်တယ်ဆိုရင်တော့ အိမ်ရောက်မှပဲ အားရအောင်ငိုပါတော့ကွာ"

ထိုသို့ဖြောင့်ဖြကာ ဈေးအတွင်းမှ လူဖော်တို့နှစ်ယောက် ထွက်လာခဲ့ကြသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

အခြေအနေအားလုံးသည် ဒင်္ဂါးပြားကို ပြန်လည်ရှာတွေ့ခဲ့ခြင်းကြောင့် ငြိမ်းချမ်းသွားခဲ့သည်။

ထို့ပြင် လူဇော်တို့နှစ်ယောက် လက်စွပ်များ ချွတ်လို့ရရန် ရက်ကလည်း သိပ်မလိုတော့ပါ။ ထို့ကြောင့် အပျော်ပေါ် အပျော်ဆင့်နေကြသည်ပေါ့။

ဒါပေမဲ့ မနက်ခင်းတစ်ခုတွင်တော့ တိုက်ပွဲအငယ်စားလေးဖြစ်နေ၏။

မေဟာသီတစ်ယောက် အိမ်သာအပေါက်ဝတွင်ဇွေ့ဇွေ့ခုန်နေသည်။ အိမ်သာတံခါးကို တဒုန်းဒုန်းထု၍…

'လူဇော် မြန်မြန်လုပ်'

အထဲမှလူဇော် စိတ်မရှည်စွာ ပြန်အော်သည်။

'ဘာလဲကွာ၊ ခုနကမှ ဝင်တဲ့ဟာကို'

'ဟုတ်တယ်၊ ကိုယ်ကခုမှ အိမ်သာတက်တာ နိဒါန်းပိုင်းပဲ ရှိသေးတဲ့ဟာကို သူက မြန်မြန်လုပ်တဲ့ ဖီလင်ကိုပျက်တယ်။ မေဟာသီက အသံတုန်ဟာစ်၍…

'ကျွန်မ ဗိုက်အရမ်းနာနေပြီ'

www.burmeseclassic.com

www.burmeseclassic.com



'ဒါဆိုလည်း ဆေးခန်းသွားပြကွာ'

'အဲဒါကိုပြောတာ မဟုတ်ဘူး၊ အိမ်သာတက်ချင်လို့ရှင့်'

'အဲဒါဆိုလည်း အောင့်ထားကွာ၊ အေး… ဘယ်လိုမှ မအောင့်နိုင်ရင်လည်း အဲဒီနားမှာရှိတဲ့ ခွက်တစ်လုံးပေါ်မှာသာ ကိစ္စရှင်းလိုက်'

'ရှင်… ရှင် မိုက်ရိုင်းလှချည်လား'

'အကြံပေးတာပါကွ'

'အို… မသိဘူး၊ ရှင်ထွက်ဆို အခုထွက်၊ ဒါ ကျွန်မ အိမ်၊ ပြီးတော့ ကျွန်မအိမ်သာ'

တွေ့လား မိန်းမများ အရေးအကြောင်းကျတော့ ဥစ္စာမာန်တက်တတ်တယ်။

'မင်း ဒီလိုမပြောနဲ့လေ၊ ငါက မင်းအိမ်မှာလာနေချင်လွန်းလို့နေတာမှ မဟုတ်တာ'

ကိုယ့်စကားနည်းနည်းလွန်သွားမှန်း မေဟာသီ ရိပ်မိလိုက်သည်။ ထို့ကြောင့် လျော့၍…

'ကျွန်မ ဗိုက်အရမ်းနာနေပြီ၊ ရှင့်တံခါးဖွင့်ပါတော့'

'ဘာလဲ နှစ်ယောက်အတူတူတက်မလို့လား'

'တက်စရာလား'

လူဇော် ရယ်ချင်စိတ်ကို အောင့်၍…

'နေပါဦး၊ ငါ အိမ်သာတက်တိုင်း မင်းလည်း ဗိုက်နာတတ်တယ်နော်၊ အဲဒါ ဘာဖြစ်လို့လဲ၊ ဝမ်းချင်းဆုံနေလို့လား'

'ကျွတ်… လူတိုင်းက အိပ်ယာထပြီး မနက်တိုင်း အိမ်သာတက်တဲ့အကျင့်ရှိတယ်ရှင့်၊ ရှင့်တစ်ယောက်တည်း ဗိုက်နာတတ်တယ်လို့ ထင်နေလို့လား'

'သြော်… ဒီလိုလား'

'အား… အရမ်းနာလာပြီ၊ မရတော့ဘူး၊ ကျွတ်… ကျွတ်'



www.burmeseclassic.com

www.burmeseclassic.com



မေဟာသီ အပြင်ဘက်တွင် ဗိုက်ကလေးနှိပ်ကာ ကုန်းကုန်းကွကွ ဖြစ်နေရှာ၏။ လူဇော် မကြားရက်တော့ပါ။ ထို့ကြောင့် ကိုယ်ကိစ္စမပြီးသေးခင်မှာပဲ အမြန်ထွက်ပေးလိုက်ရတော့သည်။

လူဇော် တံခါးဖွင့်ဖွင့်ချင်းမှာပင် မေဟာသီ မီးကြိုးမောင်ပျက်ဖြင့် အိမ်သာထဲသို့ ဝင်သွားသည်။

ဒီတစ်ခါ တံခါးစောင့်ရတာတော့ လူဇော့်အလုပ်ဖြစ်သည်။ ထို့ကြောင့် ဘာရယ်မဟုတ် တောင်ပြောမြောက်ပြောထပ်ပြောဖြစ်၏။

'ဟေ့… မေဟာသီ'

'အင်း… ဘာလဲ'

လေသံက အစ်တစ်တစ်နိုင်နေပါသည်။

'ငါတို့မွေးနေ့ရောက်ဖို့တောင် သိပ်မလိုတော့ဘူးနော်'

'အဲဒါ ဘာဖြစ်လဲ'

'ဘာဖြစ်ရမလဲကွ၊ မွေးနေ့ရောက်ရင် မင်းနဲ့ငါနဲ့ လက်စွပ်တွေချွတ်လို့ရပြီလေ'

'အဲဒီတော့'

'ဟ… ငါ အိမ်ပြန်လို့ရပြီပေါ့'

'ကောင်းတာပေါ့'

'ဘာကောင်းတာလဲ'

'ရှင်နဲ့ကျွန်မ ဒီလိုအိမ်သာလုတက်စရာမလိုတော့ဘူးပေါ့'

'မင်းဟာလေ အိမ်သာတက်ဖို့လောက်ပဲ စဉ်းစားနေတယ်'

'ကျွန်မက ဘာကိုစဉ်းစားစရာရှိလို့လဲ'

'ဒီလိုလေကွာ၊ ငါသွားရင် မင်းတစ်ယောက်တည်းကျန်ခဲ့မှာကွ'

'အဲဒါဘာဖြစ်လဲ'

'ငါမရှိတော့ မင်း စိတ်အားငယ်နေမှာပေါ့ကွ'

'ငယ်စရာလား၊ အရင်ကတည်းက တစ်ယောက်တည်းနေခဲ့တာဟာ ကို'



www.burmeseclassic.com

www.burmeseclassic.com



'ဒါတော့ ဒါပေါ့ကွာ၊ ဒါပေမဲ့ ငါက မင်းကို စိတ်မချဘူးကွ'

မေဟာသီ ငြိမ်နေ၏။

'အဲဒါကြောင့် ငါတစ်ခုခုစဉ်းစားမိတယ် သိလား၊ မင်းနဲ့ငါနဲ့မွေး နေ့ကိုရောက်ရင် လက်စွပ်ကို မချွတ်ဘဲဆက်ဝတ်ထားကြမယ်လေ၊ ဒါဆို ငါတို့မခွဲရတော့ဘူးပေါ့'

ထိုအခါမှ အသံပြန်ထွက်လာသည်။

'သေတောင်မဝတ်ဘူး'

'ဘာလဲ ရှင်နေတုန်းတော့ ဝတ်မယ်ပေါ့လေ'

'သွားသေလိုက်'

'မသေချင်သေးပါဘူးကွာ၊ မိန်းမတောင် မရသေးဘူး၊ အေး… မိန်းမဆိုလို့ ငါတစ်ခုသွားပြီး စဉ်းစားမိပြီ၊ ဒီလိုလုပ်ပါလား၊ မင်း ငါ့ကိုယူ လိုက်ပါလား၊ ငါကလည်း မယားမှတ်မှတ် သားမှတ်မှတ်ပေါင်းမှာပါကွ'

'လူဇော် ရှင် ဘာစကားပြောတာလဲ'

'လူစကားလေကွာ၊ သြော်… နေဦး၊ မင်း ငါ့ကို ယူမယ်ဆိုရင် ဒီအတိုင်းတော့ မရဘူး၊ လူကြီးစုံရာတွေခေါ်ပြီး ခုနှစ်ပွဲငှက်ပျောပွဲနဲ့ ငါ့အိမ် မှာ လာတောင်းမှရမယ်၊ ယောက်ျားတို့ဣန္ဒြေ ရွှေပေးလို့မရဆိုတဲ့ စကားပုံက ရှိတယ်လေကွာ၊ ဟုတ်ဘူးလား'

မေဟာသီ ပေါက်ကွဲသောလေသံဖြင့်…

'လူဇော် ရှင် နောက်တာအရမ်းကိုလွန်နေပြီနော်'

'မနောက်ပါဘူးကွ၊ ငါအတည်ပြောနေတာ၊ သြော်… ကြည့်စမ်း၊ ပြောရင်းဆိုရင်းနဲ့ အရေးကြီးတဲ့အကြောင်းအရာကို မေ့တော့မလို့၊ ဒါနဲ့ မင်းက ငါ့ကိုဘာနဲ့တင်တောင်းမှာလဲဟင်၊ တိုက်တစ်လုံး ကားတစ်စီး လောက်နဲ့မှ ဖြစ်မှာနော်၊ ဟင်း… ဟင်း'

'လူဇော်'

မေဟာသီ ကျိုးချို၍အော်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မ အပြင်ရောက်တာနဲ့ ရှင်နဲ့တွေ့မယ်… ဟင်း'

'အေးပေါ့ကွာ၊ ဒီကိစ္စမျိုးဆိုတာ မျက်နှာချင်းဆိုင် ဆွေးနွေးတော့ ပိုကောင်းတာပေါ့'

သိပ်မကြာခင်အချိန်မှာပင် အိမ်သာတံခါး ဝုန်းခနဲဖွင့်လာသည်။

ထို့ကြောင့် လူဇော် ဝုန်းခနဲထပြေးသည်။

မေဟာသ်ာလည်း ဝုန်းခနဲလိုက်သည်။

လူဇော် မေဟာသ်ာနှင့် ခပ်ဝေးဝေးကွာအောင် ပြေး၍မရခြင်းကြောင့် အနီးပတ်ဝန်းကျင်မှ ကပ်၍ လှည့်ပတ်ပြေးသည်။

ထို့ကြောင့် မေဟာသ်ာ ပို၍ဒေါသထွက်သည်။

'ရှင်နော်၊ မပြေးနဲ့'

'ဟင့်အင်း ပြေးမှာပဲ'

'ရှင်ပြောတုန်းကပြောပြီးတော့ အခုအမိခံ'

'အမိခံရအောင် ငါက ငတုံးမှမဟုတ်တာ၊ ဟဲ… ဟဲ'

မေဟာသ်ာ တင်းပြီး အသားကုန်လိုက်တော့သည်။ ထို့ကြောင့် လူဇော် အသားကုန်ပြေးရ၏။

ကြာတော့လည်း တိုက်ခန်းက ကျဉ်းသည့်အပြင် ထိုင်ခုံတွေဘာ တွေရှိနေခြင်းကြောင့် ပြေးရတာ မလွတ်ချင်တော့။

ထို့ကြောင့် လူဇော် တံခါးဖွင့်၍ အပြင်သို့ထွက်ပြေးသည်။

လှေကားပေါ်မှ ဆင်းရန်ပြင်လိုက်စဉ်မှာပင် လက်ကဆွဲခနဲနာကျင် သွားခြင်းကြောင့် တုန့်ခနဲရပ်ပြီး နောက်သို့လှည့်ကြည့်မိလိုက်၏။

ထိုအခါ တံခါးဝတွင် မထိတထိရပ်ဖြင့် ရပ်နေသော မေဟာသ်ာ ကို တွေ့လိုက်ရသည်။

'ပြေးလေ၊ ရှင် ပြေးပါဦး'

'ငါပြေးရင် မင်းလိုက်မှာလား'



www.burmeseclassic.com

www.burmeseclassic.com



'မ… လိုက်… ဘူး'

'အဲဒါတော့ မင်း ညစ်ပတ်ပြီ'

မေဟာသ်ာ၏ သဘောက သူ မလိုက်တော့ခြင်းကြောင့် လူဇော် လည်း ပြေး၍မရတော့အောင် လုပ်လိုက်တာပါ။

ဒါပေမဲ့ လူဇော်ကလည်း လည်ပါသည်။ မေဟာသ်ာရှေ့သို့ တစ်လှမ်းတိုးလျှင် သူလည်း နောက်သို့တစ်လှမ်းဆုတ်သည်။

ထို့ကြောင့် ဘဲစားဘဲချေပြီဖြစ်သွားပြီး မမှီမကမ်းဖြစ်နေတုန်းပင်။ မေဟာသ်ာသည်လည်း ခပ်ညံ့ညံ့လူတစ်ယောက် မဟုတ်သဖြင့် ရုတ်တရက် ကြီး လူဇော့်နောက်မှ တစ်စုံတစ်ယောက်ကို မြင်တွေ့လိုက်သည့်ဟန် ဖမ်း ပြီး…

'ဟင်… ဦးလေးသီလပါလား'

ဦးသီလ ဆိုခြင်းကြောင့် လူဇော်လည်း စိတ်ဝင်စားသွားပြီး လှည့် ကြည့်လိုက်မိ၏။ ဒီမှာတင် မေဟာသ်ာ၏ ထောင်ချောက်အတွင်းသို့ လူဇော် ရောက်သွားတော့သည်။ မေဟာသ်ာ လူဇော့်နားသို့ လှစ်ခနဲရောက်သွားပြီး ဗိုက်ခေါက်ကို မိမိရရပင် ဆွဲလိမ်လိုက်ပါတော့သည်။

'အား'

'မအော်နဲ့'

'နာတာကိုဟ'

'ဒါ… ရှင် ပေါက်ကရပြောထားတဲ့အတွက်လေ'

လက်ကိုပို၍ ကီးမြှင့်လိုက်၏။

'အားလားလား နာတယ်ဟ၊ ငါ ပေါက်ကရပြောတာမဟုတ်ပါ ဘူး၊ တကယ်ပြောနေတာပါ'

'ကြည့်စမ်း၊ ခုချိန်ထိပြောတုန်း၊ ကဲ…'

'အား… အား… ငါကချစ်လို့ပါကွ'

'ဘာပြောတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ချစ်လို့၊ မင်းကိုချစ်လို့ပါ'

မေဟာသ်ာ အမ်းတမ်းတမ်းဖြစ်သွားပြီး လက်ကိုလွှတ်လိုက်၏။

ထိုအခါ လူဇော်၏ မျက်နှာမှာ ဖြတ်ခနဲတည်သွားပြီး လေးနက်သောလေသံဖြင့်…

'ငါ မနောက်ပါဘူး၊ အတည်ပြောနေတာပါ၊ မင်းကို တကယ်ချစ်တယ် ဟာသ်ာ'

'ရှင်နော်'

'ဟုတ်တယ်၊ ငါ့ရဲ့ ရှေ့ဆက်အနာဂတ်တွေမှာ ဒီလိုပဲ မင်းနဲ့ မခွဲမခွာပဲ အတူနေချင်တယ် ဟာသ်ာ၊ ငါ့ကို ခွင့်ပြုပေးပါ'

'ရှင်နော်'

ဟာသ်ာ ရှက်ဝဲဝဲဖြင့် ခေါင်းငုံ့သွားသည်။

'ငါ တကယ်ပြောနေတာ၊ မင်း ငါ့ကို ပြန်ချစ်ပါနော် ဟာသ်ာ'

မေဟာသ်ာ၏ခေါင်း ပြန်မော့မလာပါ။

ထို့ကြောင့် လူဇော် မေဟာသ်ာ၏ လက်ကလေးကို ယုယစွာ လှမ်းကိုင်လိုက်၏။

မေဟာသ်ာ ရုန်းဖယ်ခြင်းမပြုပါ။ ခေါင်းငုံ့လျက်…

လူဇော် တကြော်ကြော်ခေါ်မိ၏။

'ဟာသ်ာ'

'ဟာသ်ာ'

'ဟာသ်ာ'

ထိုသို့ခေါ်ရင်းမှ လူဇော် မျက်မှောင်ကြုတ်သွားမိသည်။

'ဟာ… ကြည့်စမ်း၊ ခုမှ ငါစဉ်းစားမိတယ်'

လူဇော် ဘာများပြောလေမလဲဟူသော အတွေးနဲ့ ဟာသ်ာ ခေါင်း ပြန်မော့လာသည်။ ထိုအခါ လူဇော်က အူတူတူလေသံဖြင့်…

'မင်းနာမည်က တီရစ္ဆာန်နာမည်ကြီးနော်'



www.burmeseclassic.com

www.burmeseclassic.com



မေဟာသ်ာ ကြောင်စီစီဖြစ်သွားသည်။

'ဘာပြောတယ်'

'ဟုတ်တယ်လေ၊ ဟာသ်ာဆိုတာ တိရစ္ဆာန်ပဲဟာ၊ မင်းမို့လို့ ဒီလို နာမည်မျိုး မည့်ရတယ်လို့ကွာ'

'ရှင်… ရှင်'

မေဟာသ်ာ ရင်ထဲတွင် ခံစားမှုတွေ ပျောက်၍ ဒေါသတို့ ဝုန်းခနဲ ဆောင့်တက်လာပြီး လှဇော် ရင်ဘတ်အား ဆောင့်တွန်းလိုက်သည်။

ဘယ်လိုမှ မထင်ထားသည့် ကိစ္စဖြစ်ခြင်းကြောင့် လှဇော် လှေကားထစ်များတစ်လျှောက် ဒလိမ့်ခေါက်ကွေးပြုတ်ကျသွား၏။

'အား… ဒုတ်… ဒုတ်'

ထိုအခါ မေဟာသ်ာလည်း ထူပူသွားပြီး အသံကုန်ခြစ်ကာ အော် လိုက်၏။

'လှဇော်'

လှဇော် လှေကားထစ်နှင့် ခေါင်းပြင်းထန်စွာဆောင့်မိသည်။

'အား… ဒုတ်'

မျက်လုံးတို့ ပြာဝေလာသော်လည်း အသိတရားထဲတွင် မိမိနှင့် နေးလျှင် ဟာသ်ာနာကျင်ပေတော့မည်။ ထို့ကြောင့် နောက်ဆုံးလက်ကျန်ခွန် အားကို သုံး၍ အော်လိုက်တော့သည်။

'မေဟာသ်ာ… ဟာသ်ာ… ငါ့ဆီကို မြန်မြန်လာ၊ အား…'

နောက်တော့ အမှောင်ထုထဲသို့ တိုးဝင်ပျောက်သွားလျက်…

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

'မေဟာသ်ာ… ဟာသ်ာ… ငါ့ဆီကိုမြန်မြန်လာ၊ မင်းလက်နာလိမ့်မယ်၊ အား'

'လူဇော်… လူဇော် သတိထားလေ လူဇော်'

'ဟင်'

ထိုသို့ စိုးရိမ်ပူပန်မှုအပြည့်ပါသော စကားသံက နားထဲသို့ တိုးဝင်လာသည်။ လေသံက ကိုယ်နှင့် တော်တော်ရင်းနှီးသော လေသံ။ ဘယ်သူများလဲ။

အမှောင်ထုကိုအားစိုက်၍ တွန်းဖယ်ကာ မျက်လုံးကိုဖွင့်ကြည့်မိလိုက်သည်။ နွေးထွေး၍ စိုးရိမ်ပူပန်မှုအပြည့်ပါသော မျက်ဝန်းအစုံက အမြင်အာရုံသို့ တိုးဝင်လာသည်။ ရတီ၏ မျက်ဝန်းပါ။

'ဟင်… ရတီ၊ နင် ရောက်နေတယ်'

'နင်… သတိရပြီလားဟင် လူဇော်'

'အင်း'

ခေါင်းထဲမှာ ဝေတေတေဖြစ်နေသည်။

သို့သော် ရတီဘေးနားတွင် အေးစက်ဟန်ဖြင့် ထိုင်နေသော မိန်းကလေးတစ်ယောက်ကို မြင်လိုက်ရသောအခါ မျက်လုံးကျယ်သွား၏။

'ဟာ… မေဟာသ်ာ မင်း ဘာမှမဖြစ်ဘူးနော်'

ထိုသို့လှိုက်လှဲစွာ ပြောလိုက်သော်လည်း ထိုကောင်မလေးက လူဇော့်ကို ကြောင်စီစီမျက်နှာဖြင့် ကြည့်ပြီး…



www.burmeseclassic.com

www.burmeseclassic.com



'ရှင် ဘယ်သူ့ကိုပြောနေတာလဲ'

'ကျွတ်… မင်းကိုပြောနေတာပေါ့ မေဟာသီရ၊ ငါ လှေကားပေါ်က ပြုတ်ကျတော့ လက်စွပ်ကြောင့် မင်းလက်မနာဘူးလား'

'ရှင် ဘာတွေပြောနေတာလဲ၊ ကျွန်မ နားမလည်ဘူး၊ ပြီးတော့ ကျွန်မ နာမည် မေဟာသီလည်း မဟုတ်ဘူး'

'အာ… မင်းကလည်း အရေးထဲလာနောက်နေပြန်ပြီ'

ထိုအခါ ရတီကဝင်၍…

'သူနောက်နေတာ မဟုတ်ဘူး လူဇော်ရဲ့၊ သူ့နာမည်က မြတ်နိုးအိမ်တဲ့၊ ငါ့သူငယ်ချင်းတစ်ယောက်ပဲ၊ ငါတို့နှစ်ယောက် အပြင်ကိုသွားရင်း မြတ်နိုးက သူ့ကားနဲ့ ငါ့ကိုပြန်လိုက်ပို့တာ၊ လမ်းထိပ်ရောက်တော့ နင်က ဟိုကောင်တွေနဲ့ ရန်ဖြစ်ပြီး သတိမေ့နေတာတွေ့လို့ ဒီဆေးခန်းကို ခေါ်လာခဲ့တာ၊ အဲဒါပဲ'

ထိုသို့ရှင်းပြလိုက်ရာ လူဇော် နဝေတိမ်တောင်ဖြစ်သွားပြီး…

'ဟာ… မဟုတ်သေးပါဘူး၊ အဲဒီကိစ္စဖြစ်ပြီးတော့ ငါတို့ ဦးသီလဆီရောက်တယ်။ ပြီးတော့ လက်စွပ်အတူဝတ်ပြီး ခွဲလို့မရတော့ဘူးလေ ပြီးတော့ သူ့အဖေရဲ့ ရှားလ်မိန်းဒဂ်ါးပြားကိုလည်း လိုက်ရှာကြသေးတယ်'

ရတီက မျက်မှောင်ကြုတ်၍…

'လူဇော် နင် ဘာတွေပြောနေတာလဲ၊ ဘယ်ကလက်စွပ်လဲ၊ ပြီးတော့ ဘယ်ကဒဂ်ါးပြားလဲ၊ ဘာတွေလဲဟာ'

'အာ… နင်ကလည်း လက်စွပ်လေဟာ'

ထိုသို့ပြောပြောဆိုဆိုဖြင့် လက်ကိုရှေ့ဆန့်၍ လက်ချောင်းတွေကို ဖြန့်ကာ လက်စွပ်ကိုပြလိုက်သောအခါ ကိုယ်ကိုယ်တိုင်ပင် ကြောင်စီစီ ဖြစ်သွားမိ၏။

လက်တွင် မည်သည့်လက်စွပ်မှ ရှိမနေပါ။

ထို့ကြောင့် မေဟာသီထံ ကပျာကယာဖြင့် ကြည့်လိုက်ချိန်တွင် မေဟာသီထံ၌လည်း လက်စွပ်က မရှိတော့။



www.burmeseclassic.com

www.burmeseclassic.com



'ဟင်… လက်စွပ်က ငါတို့မွေးနေ့ရောက်မှ ချွတ်လို့ရမှာလေ၊ အခု ဘယ်ကိုရောက်သွားတာလဲ မေဟာသီ'

ထိုအခါမြတ်နိုးအိမ်ဆိုသော ကောင်မလေးက မျက်နှာကို ရှုံ့မဲ့၍…

'ကျွန်မနာမည် မေဟာသီ မဟုတ်ဘူးလို့ ဘယ်နှခါပြောရမှာလဲ'

ရတီဘက်လှည့်၍…

'ရတီ နင့်လူကိုလည်း ကြည့်ပြောပါဦးဟာ'

'လူဇော်ရယ်… နင် ဘာတွေလျှောက်ပြောနေတာလဲ၊ သူ့နာမည်က မြတ်နိုးဆိုတာ ငါပြောပြီးသွားပြီလေ၊ ပြီးတော့ နင့်မွေးနေ့က အဝေးကြီးလိုသေးတဲ့ဟာကို'

'ဟင်… ဟုတ်လား၊ ဒါဆို ဒီနေ့ ဘယ်နှစ်ရက်လဲ'

ရတီက ဒီနေ့ရက်စွဲကို ပြောပြလိုက်သည်။

ရက်စွဲက ကိုယ်ဟိုကောင်တွေနဲ့ ရန်ဖြစ်တဲ့ရက်စွဲပါ။

ထို့ကြောင့် လူဇော် ဦးခေါင်းတို့ ဆူပွက်သွားတော့သည်။

အမှန်တရားကိုလည်း သိမြင်သွား၏။

လက်စသပ်တော့ ကိုယ်အရိုက်ခံရပြီး သတိမေ့နေတဲ့အချိန်မှာ ဂယောင်ကတမ်းနဲ့ ထင်မိထင်ရာဖြစ်ခဲ့တာကိုး။

ထိုစဉ် ဆရာဝန် အထဲသို့ ဝင်လာသည်။

'ဘယ်လိုလဲဗျ၊ သက်သာရဲ့လား'

'ဟုတ်ကဲ့၊ သက်သာပါတယ် ဆရာ'

'အေးဗျာ၊ အော့အန်တာတို့ ခေါင်းထဲမှာ မခံမရပ်နိုင်အောင် မူးတာတို့ဖြစ်ရင်တော့ ဆေးရုံကိုပဲ သွားလိုက်ပါ'

'ဟုတ်ကဲ့ပါ'

ထို့နောက်တော့ ဆရာဝန်က လူဇော့်အား ထပ်မံစမ်းသပ်၍ မှာစရာရှိတာများမှာပြီး ပြန်ခွင့်ပေးလိုက်သည်။

လူဇော် အပြင်သို့ရောက်သောအခါ မေဟာသီတစ်ဖြစ်လဲ မြတ်နိုးကို မတွေ့ရတော့။ ပြန်သွားပြီထင်သည်။

ရတီကိုသာ တွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



သက်သာရဲ့လား လှချော်။

'အေး... သက်သာပါတယ်'

ထို့နောက် နှစ်ယောက်သား တိတ်ဆိတ်စွာဖြင့် လမ်းလျှောက်ကာ ပြန်ခဲ့ကြသည်။ ရတီက...

'လှချော် နှင် ဟိုကောင်တွေနဲ့ ရန်ဖြစ်တာ ငါ့အတွက်ကြောင့် မဟုတ်လား'

'အင်း'

ရတီ သက်ပြင်းချ၍...

'နှင် ဘာကြောင့် ငါ့အတွက် အမြဲတမ်းဒီလိုရန်ဖြစ်နေရတာလဲ'

လှချော် ခပ်ယဲ့ယဲ့သာပြုံး၍ ပြန်မဖြေပါ။ ရတီကဆက်၍...

'နောက်ဆိုရင် ရန်မဖြစ်ပါနဲ့တော့ဟာ'

လှချော် ငြိမ်နေသည်။

'နှင့်ကို ငါ ချစ်ပါတယ် လှချော်'

လှချော် ရင်သည် လှုပ်ခနဲဖြစ်သွား၏။

ရတီ့ကို ကြည့်လိုက်မိသည်။

ရတီကလည်း အပြုံးလဲ့လဲ့ဖြင့် ကြည့်နေသည်။

'နှင့်ကို ငါချစ်တယ်လို့ ပြောခဲ့တာ တော်တော်ကြာခဲ့ပါပြီ ရတီရယ်'

ပေါင်းဆုံသွားပါပြီ။

ပြည့်စုံသွားပါပြီ။

သို့သော်...

လှချော့်ရင်ထဲတွင် ဦးသီလထံတွင် ဟိုလက်စွပ် တကယ်ရှိမရှိ သွားကြည့်ဦးမည်ဟု တေးထားလိုက်သည်။

အကယ်၍ တွေ့ခဲ့ရင်တော့

ညသည် ငြိမ်းချမ်းတိတ်ဆိတ်လျက်...

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

ကိုယ့်အိမ်ကိုယ့်ယာ ပြန်ရောက်နေပြီဆိုပေမယ့် စိမ်းသက်နေသော ခံစားမှုကို လှုဇော် ခံစားနေရသည်။ ဒါ ဘာကြောင့်လဲ။

အိမ်ပြန်လျှင်လည်း ကိုယ်တစ်သက်လုံးအိပ်ခဲ့သည့် အိပ်ယာက အသားမကျချင်သလိုလို ဘာလိုလို နေရင်းထိုင်ရင်းနှင့် မေဟာသီ၏ အခန်း လေးကို လွမ်းမိနေပြန်၏။

ဒီလိုကြီးတွေဖြစ်နေတော့ ကိုယ့်ကိုယ်ကိုယ် ရယ်ချင်မိပြန်၏။

ခဏတဖြုတ်မက်ခဲ့တဲ့ အိပ်မက်ကို ဒီလောက်တောင်မှ အစွဲအလမ်း ကြီးနေရသလား။ ဘာလားပေါ့။ အိပ်မက်က အိပ်မက်ထဲမှာပဲ ပြီးဆုံးသင့်ပါ ပြီ။

ခုချိန်မှာက ချစ်သူရတီနဲ့ အရောရောကို အဆင်ပြေ နေသားကျနေ ပြီလေ။

ဒီအိပ်မက်အစုပ်ပလုပ်ကို ဘာကြောင့် ခေါင်းထဲထည့်ထားရတော့ ာလဲ။

ဒီလိုမျိုးတွေ လှုဇော် ကိုယ့်ကိုယ်ကိုယ် ပြန်သံပတ်ပေးကာ တင်း ားပေမယ့် တစ်ရက်တော့ မေဟာသီဟု ကိုယ်အိပ်မက်ထဲမှာ သိခဲ့ထား ာ မြတ်နိုးအိမ်ဆိုသည့် ဝေါ်မလေးနှင့် မြို့ထဲတစ်နေရာတွင် ပြန်လည်၍ ုံတွေ့ဖြစ်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



'မေဟာသ်ာ… ဩော်… ဆောရီး… မြတ်နိုးအိမ်'

'ဩော်… ကိုလူဇော်ပါလား'

သူမပုံစံက လူဇော့်ကိုတွေ့လိုက်ရသည့်အချိန်တွင် အနည်းငယ်တော့ တုန်လှုပ်သွားသလိုပင်။ ဒါပေမဲ့ စက္ကန့်ပိုင်းမျှသာ။ လူဇော်က…

'ဘယ်ကိုလာတာလဲ မသိဘူး'

'ဒီလိုပါပဲ၊ ဟိုကြည့် ဒီကြည့်နဲ့ ဝယ်စရာလေးတွေ တွေ့ရင်တော့ ဝယ်မလို့ပါ'

'ဩော်'

ခပ်ကြောင်ကြောင် ပုံစံမျိုးတွေဖြင့် ခဏမျှ ငြိမ်သွားကြသေးသည်။

ပြီးမှ လူဇော် သက်ပြင်းချ၍…

'ကျွန်တော်တို့ တစ်ခုခုစားရင်းသောက်ရင်းနဲ့ စကားပြောကြည့်ကြမလား'

မြတ်နိုးအိမ် သဘောတူလိုက်ပါလာသဖြင့် ဆိုင်လေးတစ်ဆိုင်တွင် ထိုင်ဖြစ်ကြသည်။ မေဟာသ်ာက…

'ကိုလူဇော် ကျွန်မကို စကားပြောစရာရှိလို့နဲ့ တူတယ်'

လူဇော် ခေါင်းညိတ်ပြီး…

'အင်း… ဆိုပါတော့၊ မေဟာသ်ာ… အဲ… မြတ်နိုးအိမ်နဲ့ စတွေ့တဲ့ ညက ကျွန်တော် သတိလစ်နေရင်းတန်းလန်းနဲ့ အိပ်မက်အရှည်ကြီးတစ်ခု မက်တယ်၊ အဲဒီအိပ်မက်ထဲမှာ မြတ်နိုးအိမ်ပါတယ်ဆိုပါတော့'

အိပ်မက်ထဲတွင် သူပါတယ်ဆိုခြင်းကြောင့် မြတ်နိုးအိမ် စိတ်ဝင်စားသွားဟန်ဖြင့်…

'ရှင် အိပ်မက်ကို ကျွန်မ သိခွင့်ရှိမလား'

'ကျွန်တော်လည်း အဲဒါကို ပြောပြချင်နေတာပါ'

ထို့နောက်တော့ လူဇော် သူ၏ အိပ်မက်အား အကျဉ်းချုံး၍ မြတ်နိုးအိမ်အား ပြောပြလိုက်သည်။

မြတ်နိုးအိမ် စိတ်ဝင်စားစွာဖြင့် နားထောင်သည်။

လူဇော် ပြော၍ပြီးသွားသောအခါ သက်ပြင်းချ၍…



www.burmeseclassic.com

www.burmeseclassic.com



'အင်း… ရှင့်အိပ်မက်က တကယ်စိတ်ဝင်စားဖို့ကောင်းတာပဲ'

'အေးဗျာ၊ ပွင့်ပွင့်လင်းလင်းပြောရရင် ကျွန်တော် ခုချိန်ထိ အိပ်မက်ထဲက ရုန်းမထွက်နိုင်သေးဘူးဖြစ်နေတယ်'

မြတ်နိုးအိမ်ပြုံး၍…

'ရှင် အခု ဘာဖြစ်နေတယ်ဆိုတာကို ကျွန်မ ရိပ်မိသွားပြီ၊ လက်စသပ်တော့ ရှင်က ဒီအိပ်မက်နဲ့ပတ်သက်ပြီး ရတီရဲ့အချစ်တွေကို မယုံမရဲဖြစ်နေတာကိုး'

မြတ်နိုးအိမ်၏ ထောက်ပြချက်က လူဇော့်ရင်ဘတ်ကို ဒိုင်းခနဲ သွားမှန်သည်။ ထို့ကြောင့်…

'ဟုတ်တယ် မြတ်နိုးအိမ်၊ ကျွန်တော် ရတီ့အချစ်ကို သံသယဖြစ်နေမိတယ်၊ ဘာဖြစ်လို့လဲဆိုတော့ အရင်တုန်းက ကျွန်တော် သူ့ဆီက အဖြေ ဘယ်လောက်ပဲတောင်းတောင်း သူ့ဆီက အဖြေပြန်မရတဲ့အပြင် ရန်ပြန်လုပ်တာပဲ ခံခဲ့ရတယ်၊ ဒါကြောင့် ကျွန်တော့်ရဲ့ မသိစိတ်ထဲမှာ ရတီက ကျွန်တော့်ကို ပြန်မချစ်နိုင်ဘူးလို့ ထင်ထားခဲ့မိတယ်၊ ဒီကြားထဲ ကျွန်တော့်အိပ်မက်မက်လိုက်တဲ့အချိန်မှာ အိပ်မက်ထဲမှာ ရတီက ကျွန်တော့်ကို ပြန်မချစ်တဲ့အပြင် မုန်းပါမုန်းသွားတယ်၊ အိပ်မက်ထဲမှာ ကျွန်တော် ဘာမှမခံစားရဘူးဆိုပေမယ့် ကျွန်တော် ပြန်နိုးလာတဲ့အခါမှာ အဲဒီအိပ်မက်ထဲက အမုန်းကြီးက စွဲပြီးပါလာတယ်၊ ဒါပေမဲ့ အပြင်လောကမှာတော့ ရတီက မယုံကြည်နိုင်လောက်အောင် ကျွန်တော့်ကို ချစ်ပါတယ်လို့ အဖြေပြန်ပေးခဲ့တယ်၊ ဒီတော့ ကျွန်တော့်ရင်ထဲမှာ အဲဒီအချစ်နဲ့အမုန်းက တိုက်ပွဲတွေဖြစ်ကုန်တော့တာပေါ့'

ထိုစကားတွေကို လူဇော် နင့်နင့်နဲနဲလေးသံဖြင့် ပြောတာပါ။

ဒါကို မြတ်နိုးအိမ်က နားလည်ဟန်ဖြင့် သက်ပြင်းချ၍…

'ရှင် မယုံမရှိပါနဲ့၊ ရှင့်ကို ရတီက ဟိုတုန်းကတည်းက တကယ်ချစ်ခဲ့တာပါ'

'ဘာကြောင့် ဒီလိုပြောနိုင်ရတာလဲ'

'ကျွန်မက ကိုယ်တွေ့ကြုံခဲ့လို့ပေါ့၊ ပြန်ပြောပြရရင် အဲဒီညက



www.burmeseclassic.com

www.burmeseclassic.com



ရှင် လူသုံးယောက်နဲ့ ရန်ဖြစ်နေတဲ့အချိန်မှာ ရတီနဲ့ကျွန်မက ရှင့်ကိုလှမ်းတွေ့လိုက်ကြတယ်၊ အဲဒီမှာတင် . . .'

◆ ◆ ◆

'ဟောတော့ . . . ရှေ့မှာ ရန်ဖြစ်နေကြတယ်'

ထိုသို့ပြောလိုက်သူက ရတီပါ။ ရတီအား ယာဉ်မောင်းနေရာတွင်ရှိသော မြတ်နိုးအိမ်လည်း စိတ်ရှုပ်သွားမိသည်။ ရှေ့မှာ လမ်းပိတ်ပြီး ရန်ဖြစ်နေကြတော့ ကိုယ့်ကားက သွားဖို့ခက်ခဲနေပြီလေ။

ကားမီးရောင်ရှေ့တွင် သုံးယောက်တစ်ယောက် ရန်ပွဲကြီးက သဲကြီးမဲကြီး ကားဆက်မောင်း၍ မရမည့်အတူတူ ထိုရန်ပွဲကို စိတ်ပျက်လက်ပျက်ဖြင့် ထိုင်ကြည့်နေကြသည့်အချိန်တွင် ရတီက ထခုန်လုမတတ်လေသံဖြင့် . . .

'ဟယ် . . . ရန်ဖြစ်နေတာ လူဇော်တော့'

မြတ်နိုးအိမ် မျက်မှောင်ကြုတ်၍ . . .

'ဘယ်ကလူဇော်လဲဟ၊ နင့်အသိလား'

'အင်း . . . ငါ့သူငယ်ချင်း'

ထိုသို့ပြောပြီး ရတီ ကားတံခါးကိုဝုန်းခနဲဆွဲဖွင့်လိုက်သောအခါ မြတ်နိုးအိမ်က အလန့်တကြားဖြင့်ရတီ့အား . . .

'ဟဲ့ . . . ဟဲ့ . . . ရတီ နင်က ဒါဘယ်လဲ'

'ဟိုမှာ လူဇော်က သုံးယောက်တစ်ယောက် ရန်ဖြစ်နေတဲ့ဟာကို ငါသွားမှဖြစ်မှာပေါ့'

'နင် သွားလို့ရမလား၊ ဟိုမှာက ယောက်ျားလေးတွေ'

'မသိဘူးဟာ၊ ငါ သွားတော့မယ်'

ဟုဆိုပြီး ရတီ လူဇော့်ကို ရန်ပွဲရှိရာသို့ အပြေးတစ်ပိုင်းလှမ်းသွားသည်။ ထို့ကြောင့် မြတ်နိုးအိမ်လည်း သူငယ်ချင်းဖြစ်သူ ရတီအား စိတ်မချသဖြင့် တငြီးငြီးငြူငြူဖြင့် နောက်မှလိုက်ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မြတ်နိုးအိမ် ထိုနေရာသို့ ရောက်လာသောအခါ ရတီက ခွေခွေလေးလဲနေသော လူဇော်ကို ပွေ့ချီထားပြီး ငိုကြီးချက်မဖြင့်…

'လုပ်ပါဦး မြတ်နိုးရယ်၊ ဟိုကောင်တွေ လုပ်သွားလို့ လူဇော်သတိမေ့နေပြီ'

ထို့ကြောင့် လူဇော့်ခန္ဓာကိုယ်ကြီးအား နှစ်ယောက်သား မနိုင်မနင်းဖြင့် ကားထဲသို့ ထည့်ပြီး နီးစပ်ရာ ဆေးခန်းသို့ မောင်းလာခဲ့ကြသည်။ လမ်းတစ်လျှောက်တွင် ရတီက လူဇော် နှာမည့်ကို တတွတ်တွတ်အော်ခေါ်ရင်း ငိုယိုနေလျှက်…

ဆေးခန်းသို့ ရောက်သောအခါ ဆရာဝန်က မစိုးရိမ်ရပါဘူးဟု ပြောသော်လည်း ရတီက အငိုမတိတ်။ ထို့ကြောင့် မြတ်နိုးအိမ်က…

'ဟဲ့… ရတီ နင်က ဘာကြောင့်ဒီလောက်တောင် ငိုနေရတာလဲ'

'စိုးရိမ်တာကိုဟ'

'ဟဲ့… ဆရာဝန်က စိုးရိမ်စရာမရှိဘူးလို့ ပြောနေတယ်လေ'

'မသိဘူး၊ သူ သတိမရမချင်း ငါကတော့ စိုးရိမ်နေရမှာပဲ'

'ကျွတ်'

မြတ်နိုးအိမ် စိတ်မရှည်ဖြစ်လာပြီး…

'နင်ပြောတော့ သူနဲ့က သူငယ်ချင်းတွေဆို'

'ဟုတ်တယ်လေ'

'ဒါနဲ့များ ဒီလောက်ထိ ဖြစ်နေရလား၊ ဟွန်း…'

ရတီ အငိုမျက်နှာကြားမှ နှုတ်ခမ်းလေးစူ၍…

'ဘာဖြစ်လဲ၊ ငါ့ဘာသာဖြစ်တာ'

'မှန်မှန်ပြောစမ်း၊ နင်နဲ့သူနဲ့က ရည်းစားတွေမဟုတ်လား'

'အာ… မဟုတ်ပါဘူး'

'လိမ်ပြန်ပြီ'

'မလိမ်ပါဘူးဟ၊ သူက ငါ့ကို ဟို… ပရိုပို့စ်လုပ်ထားတာတော့ ရှိတယ်'



www.burmeseclassic.com

www.burmeseclassic.com



'တွေ့လား၊ ပေါ်လာပြီ၊ နင်ကလည်း ပြန်ကြိုက်နေတယ်ဆိုပါတော့'

ရတီ ရှက်ဝဲဝဲဖြင့် ခေါင်းငုံ့၍...

'အင်း'

မြတ်နိုးအိမ် ပြုံးလိုက်ပြီး...

'ဒါဆိုလည်း အဖြေပြန်ပေးလိုက်တော့လေ၊ ဘာတွေအချိန်ဆွဲနေတာလဲ'

ထိုသို့ပြောလိုက်ရာ ရတီခေါင်းပြန်မော့လာပြီး မျက်နှာလေး ရှုံ့မဲ့၍...

'နင်- မသိပါဘူးဟာ၊ သူက အဖြေပြန်တောင်းရင် နောက်တီးနောက်တောက်ပုံစံနဲ့တောင်းတာဟ'

'ဩော်... ဘာဖြစ်လဲဟာ၊ ကိုယ်ကကြိုက်နေတာပဲဟာ၊ ပြန်အဖြေပေးလိုက်ပေါ့'

ရတီ ခေါင်းခါ၍...

'ငါ့အချစ်တွေကို သူ အပျော်အပျက် သဘောမျိုးနဲ့ ရခဲ့တယ်လို့ ထင်သွားမှာစိုးလို့ ငါက အဖြေပြန်မပေးသေးတာပါ'

'ဩော်'

မိန်းကလေးချင်းမို့ မိမိသူငယ်ချင်းမလေး သဘောထားကို မြတ်နိုး နားလည်သွားခဲ့သည်။ ခဏကြာတော့ လူဇော် ပြန်နိုးလာခဲ့၏။

• • •

သူမ စကားလည်းဆုံးရော မြတ်နိုးအိမ် အပြုံးဖြင့်...

'ကဲ... ကိုလူဇော် ဒီလောက်ဆိုရင် ရတီ ရှင့်အပေါ်ထားသဘောထားကို သဘောပေါက်လောက်ပါပြီနော်'

လူဇော် စိတ်လက်ပေါ့ပါးစွာဖြင့် တဟဲဟဲ ရယ်၍...

'ဟဲ... ဟဲ... ဟဲ... ပေါက်ပြီ၊ ဟဲ... ဟဲ... ဟဲ'



www.burmeseclassic.com

www.burmeseclassic.com



'သွားတွေလည်း အအေးပတ်ကုန်ပါဦးမယ်'

'ပတ်··· ပတ်ဗျာ၊ ဒီအချိန်လေးပဲ ပျော်ရတာ၊ ဟင်း··· ဟင်း'

'အဲဒါဆိုရင် ကျွန်မတို့ ပြန်ကြရအောင်'

'ဟာ··· နေဦးဗျ၊ ကျွန်တော် ပြောစရာတစ်ခုကျန်သေးတယ်'

'ဘာများပါလိမ့်'

'ဒီလိုဗျာ၊ လူတွေက အိမ်မက်မက်တယ်ဆိုရင် သူတို့မမြင်ဖူး မတွေ့ဖူးတဲ့ အရာတွေကို အိပ်မက်မက်လေ့မရှိဘူးတဲ့၊ မြင်ဖူးတွေ့ဖူးမှ အိပ်မက်ထဲကိုထည့်မက်တတ်တာတဲ့၊ အဲဒါဆိုရင် မြတ်နိုးအိမ်ကို ကျွန်တော်က အပြင်မှာ တစ်ခါမှ မမြင်ဖူးဘဲနဲ့ ဘာလို့အိပ်မက်ထဲမှာ ထည့်မက်ခဲ့ရတာ တုန်း'

မြတ်နိုးအိမ် ပြုံး၍···

'ဒါက သိပ်တော့မထူးဆန်းပါဘူးရှင်၊ အိပ်မက်မက်ရခြင်း အကြောင်းတရား ခုနစ်ချက်ထဲမှာ ရှေ့က လေ့ကျက်၍မက်ခြင်းဆိုတဲ့ အကြောင်းတရားပါတယ်လေ၊ သဘောကတော့ ကိုယ် ဒီဘဝမရောက်ခင် အရင်ဘဝတွေတုန်းက တွေ့ကြုံခဲ့တဲ့အရာတွေကို အိပ်မက်အဖြစ် ပြန်မက် တာကိုဆိုလိုတာ၊ ဒီတော့ သံသရာစက်ဝိုင်းကြီးထဲမှာ ကျွန်မတို့နှစ်ယောက် တွေ့ဆုံခဲ့ဖူးတဲ့ဘဝဆိုတာလည်း ရှိနိုင်တာပဲလေ၊ ဒါကြောင့် ကိုလူဇော် ကျွန်မကို အိပ်မက်မက်တာလည်း ဖြစ်ချင်ဖြစ်နိုင်မှာပါ'

လူဇော် လက်ခံ၍ ရသွားပါပြီ။

'အေးဗျာ၊ ဒီလိုဆိုရင် ကျွန်တော်တို့နှစ်ယောက်က ဟိုးအရင်ဘဝ က တွေ့ဆုံခဲ့ပေမယ့် ဒီဘဝမှာတော့ ဆုံနိုင်ခွင့်မရှိတဲ့လူတွေပေါ့'

လူဇော်နှင့် မြတ်နိုးအိမ်တို့ အကြည့်ချင်း ခဏွှမျှ ဆုံသွားကြသည်။

ပြီးတော့ ပြိုင်တူပြုံးမိသည်။

ထို့နောက်တော့ ငြိမ်ချမ်းစွာပင် လမ်းခွဲခဲ့ကြသည်။

• • •



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

လူဇော်နှင့် မြတ်နိုးအိမ်တို့ လမ်းခွဲပြီး ကျောခိုင်းမိကြသည့်အချိန်တွင် လူဇော့်မျက်နှာပေါ်မှ အပြုံးဖျော့ဖျော့က ပျောက်ကွယ်မသွားသေးသော်လည်း မြတ်နိုးအိမ် မျက်နှာပေါ်တွင် အပြုံးစိုးစိမျှမရှိတော့။ ထို့ပြင် တစ်စုံတစ်ရာကို နားလည်ရခက်ခဲဟန်ဖြင့် တွေးတောလျက် ဆက်လျှောက်သွားသည်။

တကယ်တော့ မြတ်နိုးအိမ်တွင် သူမနှင့် ရုပ်ချင်းခွဲမရအောင်တူသော အမြွှာညီအစ်မတစ်ဦး ရှိခဲ့ဖူး၏။

ထိုညီမလေး၏အမည်မှာ မေဟာသ်ာ။

သို့သော် မေဟာသ်ာမှာ လွန်ခဲ့သည့်တစ်လခန့်ကမှ သေဆုံးသွားခဲ့သည်။ အိမ်ပေါ်ထပ်လှေခါးထိပ်မှ ရုတ်တရက် ပြုတ်ကျကာ သေဆုံးသွားခဲ့ရခြင်းဖြစ်သည်။

ထိုအကြောင်းအရာ အစအဆုံးကို ရတီလည်း သိ၏။

ဒါပေမဲ့ လူဇော်အားချစ်နေသည့် ရတီက ထိုအဖြစ်အပျက်ကို တစ်လုံးတစ်ပါဒမျှ လူဇော့်ကို မပြောပြခဲ့။

မြတ်နိုးအိမ် နားမလည်နိုင်သည်က ဆက်စပ်နေသယောင်နှင့် ဝေးကွာနေသည့် အကြောင်းတရားများကိုသာ…

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



လူဇော်တစ်ယောက် အိမ်တွင် ငြိမ်သက်နေသည်။

အရင်လို ရပ်ကွက်ထဲ လားလား လားလား လျှောက်ပတ်မွှေလိုက်ဟိုလူ့ပြဿနာရှာ၊ ဒီလူ့ကိုရန်စ၊ လုပ်တာ မတွေ့ရတော့။

တစ်နေ့လည်တွင် လူဇော့်အိမ်သို့ ရတီ ရောက်လာသည်။

'ရတီ… လာ… နင့်ကို မတွေ့ရတာ့တောင်ကြာပြီ'

'အောင်မယ်… နင့်ကို ရပ်ကွက်ထဲမှာ မတွေ့ရလို့ ပြီးတော့ နင့်မျက်နှာကို ဖူးချင်လို့ အိမ်အရောက်လိုက်လာခဲ့ရတာ၊ သိပြီလား'

'အဟဲ… နင်ကလည်း ငါ့မှာက ဒဏ်ရာတွေ မပျောက်သေးဘူးလေ'

'ဘာဆိုင်လဲ'

'နင်နဲ့တွေ့ရင် ငါက စချင်တယ်လေ'

'အဲဒီတော့'

'နင်ကလည်းလက်သွက်တယ်လေ'

'အဲဒါဘာဖြစ်လဲ'

'နင်နဲ့တွေ့တိုင်း ငါ့မှာမရှောင်နိုင်ဘဲ ခံရတာချည်းပဲ၊ အခု ဒဏ်ရာတွေကလည်း မပျောက်သေးဘူးဆိုတော့'

'ကောင်စုတ်… ပြောရင်းနဲ့ပါ လုပ်ချင်လာပြန်ပြီ'

ချက်ချင်း လက်ရွယ်လာသည့် ရတီ့ကို…

'ဟိုး… ဟိုးထား'

'မဟုတ်ပါဘူးဟဲ့၊ အခုက နင့်ကိုပေးစရာရှိလို့ပါ'

'ပြ… ဘာလဲ'

ရတီက ပြောင်ပြောင်လက်လက် ဆင်တူလက်စွပ်လေးနှစ်ကွင်းကိုပြသည်။ အနည်းငယ် ပိုကြီးသည့် လက်စွပ်ကို လူဇော်အားပေး၍…

'နင့် လက်သူကြွယ်မှာဝတ်လိုက်'

လူဇော်နှင့် ပြိုင်တူပင် ရတီကလည်း ကျန်လက်စွပ်တစ်ကွင်းကို သူမ လက်တွင် ဝတ်လိုက်သည်။

လူဇော် ဒီလက်စွပ်တွေကို မြင်ဖူးသလိုလိုရှိသည်။ သို့သော်…

www.burmeseclassic.com



'ဒါ... ဒါတွေက ဘာလဲဟ'

'ဪ... ငါတို့ ချစ်သူဖြစ်တဲ့အထိမ်းအမှတ်ပေါ့ဟယ်၊ ဝတ်ထားပါ၊ ငါစုထားတဲ့ ပိုက်ဆံနဲ့ ဝယ်လာတာ'

လှဇော်ရင်ထဲ မြင်ဖူးသလိုလိုပျောက်ပြီး ကြည်နူးသလိုလိုအတွေးက ဝင်ရောက်ကြီးစိုးသွားတော့သည်။

ရတီက လက်စွပ်များအကြောင်းကို အမှန်အတိုင်း မပြောခဲ့ပါ။ သူမ လှဇော်အားချစ်ရလွန်းသည်လေ။ လှဇော်ရင်ထဲ အရာရာရှင်းလင်းပြီး သူမကိုချစ်သည့် စိတ်များနှင့်သာ ပြည့်နှက်နေစေချင်သည်။

လွန်ခဲ့သည့် အပတ်က အဝေးမှာရောက်နေသည့် ရတီ့ဦးလေး တစ်ယောက်အိမ်သို့ ရောက်လာသည်။ ထိုဦးလေးမှာ ဦးသီလနှင့် လွန်စွာ ရင်းနှီးသဖြင့် ဦးသီလအိမ်သို့ အလည်သွားရာ ရတီ့ကိုပါခေါ်သွားသည်။ ဦးသီလကလည်း အချစ်ဆုံးသူငယ်ချင်း၏ တူမကို လက်စွပ်နှစ်ကွင်းလက်ဆောင်ပေးလိုက်သည်။

BURMESE CLASSIC

'သမီးမှာ ချစ်သူရှိလာတဲ့အခါ သမီးချစ်သူကို တစ်ကွင်းဝတ်ခိုင်းလိုက်၊ သမီးကတစ်ကွင်းဝတ်၊ အဲဒါဆို သမီးတို့ သက်ဆုံးတိုင် မခွဲမခွာ ပေါင်းကြရလိမ့်မယ်'

ရတီက ဝမ်းသာအားရယူခဲ့ပြီး အရောင်မှိန်နေသည့် လက်စွပ်များကို ပန်းထိမ်ဆိုင်တွင် အရောင်တင်ခိုင်းလိုက်သည်။

လှဇော် မြင်သည့်အချိန်တွင် ပြောင်ပြောင်လက်လက်ဖြစ်နေသည့် ထိုလက်စွပ်လေးများအကြောင်းကို လှဇော် သိခဲ့ရမည်ဆိုလျှင်...

ထို့ပြင် မြတ်နိုးအိမ်၏ အမြှာညီမ မေဟသာ်အကြောင်းကိုပါ သိခဲ့ရမည်ဆိုလျှင်...။

တန်ခူးလေပြေ



www.burmeseclassic.com